# မြန်မာ့ ရှေ့သို့လားရာ

ဒီဇင်ဘာလ (၅) ရက်၊ ၂၀၂၅ ခုနှစ်။

ဤစာတမ်းသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် SAC-M မှထုတ်ဝေထားသော Myanmar’s Way Forward စာတမ်း၏ မြန်မာဘာသာပြန်ဆိုချက်ဖြစ်သည်။



SPECIAL ADVISORY COUNCIL
SAC-M
MYANMAR

# မာတိကာ


အတိုကောက်စာလုံးများ ------------------------------ ၁

နိဒါန်း ------------------------------ ၃

သုတေသနနည်းနာ ------------------------------ ၅

အပိုင်း (၁) အကျပ်အတည်းနှံ့အတွင်း ပိုသက်ဆင်းစေမည့် လမ်းဟောင်း ------- ၉

၁။ စစ်အုပ်စု၏ ရွေးကောက်ပွဲများဆိုင်ရာ နောက်ခံအခြေအနေ ------------------------------ ၁၀

၂။ ရွေးကောက်ပွဲဆိုင်ရာ စံချိန်စံညွှန်းများ ------------------------------ ၁၇

၃။ မြေပြင်အခြေပြု ဆန်းစစ်လေ့လာချက် ------------------------------ ၃၂

၄။ အကြမ်းဖက်မှုဖြင့် ပုံဖော်ဖန်တီးယူမည့် တစ်ခုတည်းသောရလဒ် ------------------------------ ၃၄

အပိုင်း (၂) ရှေ့သို့ လားရာသစ် ------------------------------ ၃၆

၁။ တော်လှန်ရေးဆိုင်ရာ နောက်ခံအခြေအနေ ------------------------------ ၃၇

၂။ ဖက်ဒရယ်ဒီမိုကရေစီ မျှော်မှန်းချက် ------------------------------ ၄၂

၃။ အတားအဆီးများ ------------------------------ ၅၀

၄။ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှု တည်ဆောက်ခြင်း ------------------------------ ၅၄

၅။ နိုင်ငံတကာအသိုင်းအဝိုင်းအား လုပ်ဆောင်ရန်အလို့ငှာ တိုက်တွန်းချက် ------------------------------ ၅၈

၆။ မြန်မာပရိသတ်များထံ ပါးလိုသော သတင်းစကားများ – အတွင်းမှ ပြောင်းလဲခြင်း ------------------------------ ၆၈

နိဂုံးချုပ်နှင့် အကြံပြုချက်များ ------------------------------ ၇၂

# အတိုကောက်စာလုံးများ

| | | |
|---|---|---|
| **AA** | – | Arakan Army (အာရက္ခတပ်တော်) |
| **AAPP** | – | Assistance Association for Political Prisoners (နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း) |
| **ABSDF** | – | All Burma Students' Democratic Front (မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး) |
| **ACLED** | – | Armed Conflict Location & Event Data (လက်နက်ကိုင်ပဋိပက္ခတည်နေရာနှင့် ဖြစ်စဉ်အချက်အလက်များ) |
| **AFTA** | – | Articles of Federal Transitional Arrangements (ဖက်ဒရယ်အသွင်ကူးပြောင်းရေး အစီအမံဆိုင်ရာအခြေခံဥပဒေ) |
| **AHA Centre** | – | ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး အာဆီယံ ညှိနှိုင်းဆောင်ရွက်မှု စင်တာ) |
| **AHRD** | – | ASEAN Human Rights Declaration (အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း) |
| **ALD** | – | Arakan League for Democracy (ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်) |
| **ANFREL** | – | Asian Network for Free Elections (လွတ်လပ်သောရွေးကောက်ပွဲများအတွက် အာရှကွန်ရက်) |
| **ASEAN** | – | Association of Southeast Asian Nations (အရှေ့တောင်အာရှနိုင်ငံများအသင်း - အာဆီယံ) |
| **CDM** | – | Civil Disobedience Movement (အာဏာဖီဆန်ရေး လူထုလှုပ်ရှားမှု) |
| **CHRO** | – | Chin Human Rights Organisation (ချင်းလူ့အခွင့်အရေးအဖွဲ့) |
| **CNF** | – | Chin National Front (ချင်းအမျိုးသားတပ်ဦး) |
| **COAR** | – | Center for Operational Analysis and Research (စစ်ဆင်ရေးဆိုင်ရာခွဲခြမ်းစိတ်ဖြာမှုနှင့်သုတေသနစင်တာ) |
| **CPA** | – | Common Political Agreement (ဘုံနိုင်ငံရေးသဘောတူညီချက်) |
| **CRPH** | – | Committee Representing Pyidaungsu Hluttaw (ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ) |
| **DVB** | – | Democratic Voice of Burma (ဒီမိုကရက်တစ် မြန်မာ့အသံ) |
| **EAO** | – | Ethnic Armed Organisation (တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း) |
| **EROs** | – | Ethnic Resistance / Revolutionary Organisations (တိုင်းရင်းသားခုခံတော်လှန်ရေးအဖွဲ့အစည်းများ) |
| **FDC** | – | Federal Democracy Charter (ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်) |
| **GSCs** | – | General Strike Committees (အထွေထွေသပိတ်ကော်မတီများ) |
| **ICC** | – | International Criminal Court (နိုင်ငံတကာ ရာဇဝတ်ခုံရုံး) |
| **ICCPR** | – | International Covenant on Civil and Political Rights (နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် ) |
| **ICJ** | – | International Court of Justice (နိုင်ငံတကာ တရားရုံး) |

| | | |
|---|---|---|
| **IIMM** | – | UN Independent Investigative Mechanism for Myanmar (မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား) |
| **JCB** | – | Joint Coordination Body (ပူးပေါင်းညှိနှိုင်းရေးအဖွဲ့) |
| **KIO** | – | Kachin Independence Organisation (ကချင်လွတ်လပ်ရေးအဖွဲ့ချုပ်) |
| **KNPP** | – | Karenni National Progressive Party (ကရင်နီအမျိုးသားတိုးတက်ရေးပါတီ) |
| **KNU** | – | Karen National Union (ကရင်အမျိုးသားအစည်းအရုံး) |
| **MEB** | – | Myanma Economic Bank (မြန်မာ့စီးပွားရေးဘဏ်) |
| **MEC** | – | Multi-Ethnic Council (တိုင်းရင်းသားလူမျိုးများ ကောင်စီ) |
| **MOGE** | – | Myanma Oil and Gas Enterprise (မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း) |
| **NCA** | – | Nationwide Ceasefire Agreement (တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်) |
| **ND-Burma** | – | Network for Human Rights Documentation – Burma (လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် - မြန်မာနိုင်ငံ) |
| **NDSC** | – | National Defence and Security Council (အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ) |
| **NLD** | – | National League for Democracy (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) |
| **NUCC** | – | National Unity Consultative Council (အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ) |
| **NUG** | – | National Unity Government (အမျိုးသားညီညွတ်ရေးအစိုးရ) |
| **OHCHR** | – | UN Office of the High Commissioner for Human Rights (ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး) |
| **PDF** | – | People's Defence Force (ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့) |
| **PPST** | – | Peace Process Steering Team (ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့) |
| **SAC** | – | State Administration Council (စစ်ကောင်စီ) |
| **SAC-M** | – | Special Advisory Council for Myanmar (မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ) |
| **SNLD** | – | Shan Nationalities League for Democracy (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်) |
| **SSPC** | – | State Security and Peace Commission (နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်) |
| **UEC** | – | Union Election Commission (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်) |
| **UN** | – | United Nations (ကုလသမဂ္ဂ) |
| **UNCT** | – | UN Country Team (ကုလသမဂ္ဂ ဌာနေအဖွဲ့) |
| **USDP** | – | Union Solidarity and Development Party (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) |
| **VPN** | – | Virtual Private Network (VPN နည်းပညာ / ပုဂ္ဂလိက ကွန်ရက်စနစ်) |
| **WLB** | – | Women's League of Burma (အမျိုးသမီးများအဖွဲ့ချုပ် - မြန်မာနိုင်ငံ) |



၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ စုဝေးခဲ့ကြသော ငြိမ်းချမ်းစွာ ဆန္ဒပြသူများသည် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်း ပြသသည့် အနေဖြင့် လက်သုံးချောင်းထောင် အလေးပြုနေကြပုံ။ (Myanmar Now)

# နိဒါန်း

မြန်မာနိုင်ငံသည် ရှေ့ဆက်စရာ လားရာနှစ်သွယ်ဖြာသော လမ်းဆုံတစ်ခုသို့ ရောက်ရှိနေပြီဖြစ်သည်။ ပထမလားရာမှာ မြန်မာစစ်တပ်နှင့် ၎င်း၏အဓိကကျောထောက်နောက်ခံဖြစ်သည့် တရုတ်နိုင်ငံတို့ လျှောက်လှမ်းနေသောလမ်းဖြစ်ပြီး၊ ၎င်းသည် အကျပ်အတည်းနွံထဲသို့ ပိုမိုနက်ရှိုင်းစွာ သက်ဆင်းဦးတည်နေသောလမ်းဖြစ်သည်။ ဤလမ်းကြောင်းသည် တရားမဝင်သောရွေးကောက်ပွဲတစ်ခုကျင်းပပြီးနောက် ဟန်ပြအရပ်သားအစိုးရအသွင်ဆောင်ထားသည့် စစ်အာဏာရှင်စနစ်သို့ ပြန်လည်သက်ဆင်းခြင်းဖြစ်သည်။ အခြားလမ်းတစ်သွယ်မှာ မြန်မာနိုင်ငံ၏ တော်လှန်သော ဖက်ဒရယ်ဒီမိုကရေစီလှုပ်ရှားမှုအရှေ့က လျှောက်လှမ်းနေသည့်အနာဂတ်လမ်းခရီးဖြစ်သည်။ ၎င်းသည် ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးတို့ကိုအခြေခံသော ဖက်ဒရယ်ဒီမိုကရေစီမြန်မာနိုင်ငံတော် တည်ဆောက်ရေးဟူသည့် မျှော်မှန်းချက်ကို လက်ခံရယူခြင်းပင်ဖြစ်သည်။ မည်သည့်လမ်းကိုရွေးချယ်မည်ဆိုသည်မှာ မြန်မာပြည်သူများ၏ ရွေးချယ်မှုသက်သက်သာဖြစ်သည်။ စစ်တပ် သို့မဟုတ် ၎င်း၏ နယ်ချဲ့ပုံစံသစ် ကျောထောက်နောက်ခံပြုသူတို့ ရွေးချယ်ရမည့်အရာမဟုတ်ပေ။ ဤရွေးချယ်မှုသည် လာမည့်ဆယ်စုနှစ်များစွာအတွက် မြန်မာနိုင်ငံ၏အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် ရွေးချယ်မှုတစ်ခုပင်ဖြစ်သည်။

စစ်အုပ်စု၏ ခေတ်နောက်ပြန်ဆွဲမည့်လမ်းကြောင်းသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများကျင်းပရန် ၎င်းတို့၏အစီအစဉ်များဖြင့် စတင်လာသည်။ ဤရွေးကောက်ပွဲ အစီအစဉ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တို့ ဒီမိုကရေစီနည်းကျ တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလနောက်ပိုင်း မြန်မာနိုင်ငံတွင် ပထမဆုံး ကျင်းပမည့်ရွေးကောက်ပွဲများ ဖြစ်လာပါလိမ့်မည်။ ထိုစဉ်က စစ်တပ်သည် ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို လက်ခံရန်ငြင်းဆန်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာသိမ်းရန်ကြိုးပမ်းခြင်းဖြင့် ရလဒ်များကိုဖြိုဖျက်ရန်ကြိုးစားခဲ့ကာ၊ ရွေးကောက်ခံအစိုးရအစား စစ်အုပ်စုကို အစားထိုးဖွဲ့စည်းခဲ့ပြီး ထိုလုပ်ငန်းစဉ်တွင် မြန်မာ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပျက်ပြယ်စေခဲ့သည်။ ယခုအခါ စစ်အုပ်စု သည် ၎င်းတို့၏ ၂၀၂၅-၂၆ ရွေးကောက်ပွဲများကို အရပ်သားအုပ်ချုပ်ရေးသို့ ပြန်လည်ကူးပြောင်းခြင်းအဖြစ် ပုံဖော်နေသော်လည်း၊ အမှန်စင်စစ်အားဖြင့် ၎င်းသည် အရပ်ဝတ်လဲထားသော စစ်အာဏာရှင်စနစ်ထက် မပိုသော ရလဒ်ကိုသာ ထွက်ပေါ်စေမည်ဖြစ်သည်။

စစ်အုပ်စုသည် အာဏာသိမ်းရန်ကြိုးပမ်းပြီးတစ်နှစ်အတွင်း ရွေးကောက်ပွဲများကျင်းပရန် ကနဦးစီစဉ် ခဲ့သော်လည်း ထိုသို့ မလုပ်ဆောင်နိုင်ခဲ့ပေ။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်တပ်၏လုပ်ရပ်များကို တုံ့ပြန်သည့် အနေဖြင့် ပေါ်ပေါက်လာသော ကျယ်ပြန့်သည့် ငြိမ်းချမ်းစွာဆန္ဒပြမှုများ၊ လက်နက်ကိုင်ခုခံတော်လှန်မှုများနှင့် “နွေဦးတော်လှန်ရေး” တို့က စစ်အုပ်စုအား အာဏာခိုင်မာအောင်တည်ဆောက်ခြင်းနှင့် ၎င်းတို့၏အစီအစဉ် များကို ရှေ့ဆက်ခြင်းမပြုနိုင်အောင် တားဆီးဟန့်တားခဲ့သည်။ ထိုအချိန်မှစ၍ တော်လှန်ရေးအင်အားစုများ၏ ပေါင်းစည်း ကြိုးပမ်းအားထုတ်မှုများကြောင့် စစ်အုပ်စု၏ထိန်းချုပ်မှုအောက်မှ ကျယ်ပြန့်သောနယ်မြေဒေသ များကို လွတ်မြောက်စေနိုင်ခဲ့ပြီး စစ်အုပ်စု ထိန်းချုပ်ထားသော ဗဟိုအစိုးရယန္တရား အများအပြားကိုလည်း ဖြိုဖျက်နိုင်ခဲ့သည်။

ထိုဖြိုဖျက်လိုက်သောယန္တရားများအစား တော်လှန်ရေးအင်အားစုများသည် ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံ၏ အခြေခံအုတ်မြစ်များကိုတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။ ကြီးထွားလာနေသော အပြိုင်အစိုးရ တည်ဆောက်ပုံတစ်ခုသည် ပါဝင်ဆောင်ရွက်မှုရှိပြီး လူထုအသိုင်းအဝိုင်းက ဦးဆောင်သော ပုံစံများမှတဆင့် အောက်ခြေမှ အထက်သို့ အုပ်ချုပ်ရေးယန္တရားကို အတည်တကျဖွဲ့စည်းခိုင်မာစေလျက် အဓိကဝန်ဆောင်မှုများကို ပေးအပ်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံ၏အနာဂတ်အတွက် တော်လှန်ရေး မျှော်မှန်းချက်အပေါ်အခြေခံထားသော အခြားရွေးချယ်စရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ် တစ်ရပ်လည်း ပေါ်ထွန်းလာလျက်ရှိသည်။ ၎င်းလုပ်ငန်းစဉ်၏ ဦးစားပေး ရည်မှန်းချက်မှာ အရပ်သား အုပ်ချုပ်ရေးလွှမ်းမိုးမှုကို အခိုင်အမာပြဋ္ဌာန်းရန်နှင့် စစ်တပ်သည် ဒီမိုကရေစီနည်းကျ ရွေးကောက် တင်မြှောက်ထားသော အစိုးရ၏ အပြည့်အဝလက်အောက်ခံဖြစ်စေရန် ခိုင်မာသေချာစေရေးတို့ဖြစ်သည်။

ဤစာတမ်းကို အပိုင်းနှစ်ပိုင်း ခွဲခြားတင်ပြထားပါသည်။ အပိုင်း ၁ တွင်မူ လမ်းဟောင်းဖြစ်သည့် စစ်အုပ်စု၏ စီစဉ်ထားသော ရွေးကောက်ပွဲများကို သုံးသပ်အကဲဖြတ်ထားသည်။ အပိုင်း ၂ တွင်မူ မြန်မာ့တော်လှန်ရေး၌ ပါဝင်ပတ်သက်သူများ၏ နိုင်ငံ့အနာဂတ်အတွက် မျှော်မှန်းချက်များကို ၎င်းတို့ကိုယ်တိုင်ပြောကြားချက် များအတိုင်း တင်ပြထားသည်။ ယင်းသည် လမ်းအသစ်ဖြစ်သည်သာမက ရှေ့ဆက်ရမည့်လမ်းခရီးလည်း ဖြစ်သည်။ စာတမ်း၏နိဂုံးပိုင်းတွင် အဆိုပါ အပြိုင်အဆိုင်ဖြစ်နေသောလားရာများအပေါ် သုံးသပ်ထည့်သွင်း စဉ်းစားခြင်းဖြင့် အဆုံးသတ်ထားပါသည်။

# သုတေသနနည်းနာ

ဤစာတမ်းသည် မြန်မာ့တော်လှန်ရေးလှုပ်ရှားမှုတွင် အဓိက ပါဝင်ပတ်သက်နေသူများနှင့် ဦးတည်ဆွေးနွေး တိုင်ပင်ခြင်းအပြင် ဒုတိယအဆင့် သုတေသနပြုချက်များကိုပါ အခြေခံထားသည်။

## အချက်အလက် စုဆောင်းခြင်း

မူလအချက်အလက်များကိုစုဆောင်းရာတွင် SAC-M အနေဖြင့် တော်လှန်ရေးအခင်းအကျင်း၏ကဏ္ဍအသီးသီးကို ကိုယ်စားပြုသောအဖွဲ့အစည်း (၄၁) ဖွဲ့မှ ခေါင်းဆောင်များနှင့် အဓိကပုဂ္ဂိုလ်များထံသို့ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် စာဖြင့်ရေးသားထားသော မေးခွန်းလွှာများကို ဖြန့်ဝေခဲ့ပါသည်။ အဆိုပါမေးခွန်းလွှာတွင် အောက်ပါ လွတ်လပ်စွာ ဖြေဆိုနိုင်သော မေးခွန်း (၉) ခု ပါဝင်သည် -

၁. မြန်မာနိုင်ငံအတွက် သင့်အဖွဲ့အစည်း၏မျှော်မှန်းချက်နှင့် ယင်း၏ အဓိကကျသောအစိတ်အပိုင်းများမှာ အဘယ်နည်း။

၂. ဤမျှော်မှန်းချက်ကို အောင်မြင်ရန် မည်သူတို့နှင့်ပူးပေါင်း၍ မည်သည့်လုပ်ဆောင်ချက်များကို ဆောင်ရွက်နေပါသနည်း။

၃. မျှော်မှန်းချက်ပြည့်မီစေရန် မြန်မာနိုင်ငံတွင် အခြားမည်သည့်အခြေအနေများ လိုအပ်နေသေးသနည်း။

၄. မည်ကဲ့သို့သောပံ့ပိုးကူညီမှုမျိုးများကို လိုအပ်နေပါသနည်း။

၅. စစ်တပ်က စီစဉ်ထားသောရွေးကောက်ပွဲသည် မြန်မာ့အနာဂတ်အပေါ် မည်သို့ သက်ရောက်မှုရှိနိုင်ပါသနည်း။

၆. မြန်မာနိုင်ငံရှိ ပဋိပက္ခများ၏ အဓိက ဇာစ်မြစ်အကြောင်းအရင်းများမှာ အဘယ်နည်း။

၇. အုပ်စုများနှင့် လူထုအသိုင်းအဝိုင်းများအကြား ယုံကြည်မှုကို မည်သို့ တည်ဆောက်နိုင်မည်နည်း။

၈. တော်လှန်ရေးတွင် အခရာကျပါဝင်သူများကို ပံ့ပိုးကူညီရန် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မည်သို့ ဆောင်ရွက်သင့်ပါသနည်း။

၉. မြန်မာပရိသတ်များ သို့မဟုတ် နိုင်ငံတကာသို့ မျှဝေလိုသော အခြားသတင်းစကားများ ရှိပါသလား။

ဤစာတမ်းကို ရေးသားပြုစုချိန်အထိ အတိုင်ပင်ခံအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းပေါင်းစုံ ပါဝင်သော ပေါင်းရုံးထားသည့်အဖွဲ့အစည်းများနှင့် ညွန့်ပေါင်းအဖွဲ့များ အပါအဝင် အဖွဲ့အစည်းပေါင်း (၂၅) ခုထံမှ တုံ့ပြန်ချက်များ လက်ခံရရှိခဲ့သည်။ ယင်းအဖွဲ့အစည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

### နိုင်ငံလုံးဆိုင်ရာအဆင့် နိုင်ငံရေးအဖွဲ့အစည်းများ

- ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)
- အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)
- အမျိုးသားညီညွတ်ရေးအစိုးရ (NUG)

## တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs)

- အာရက္ခတပ်တော် (AA)
- မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)
- ချင်းအမျိုးသားတပ်ဦး (CNF)
- ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO)
- ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF)
- ကရင်အမျိုးသားအစည်းအရုံး (KNU)

## ပြည်နယ်/ဖက်ဒရယ်ယူနစ် နှင့် တိုင်းရင်းသားအခြေပြု ကောင်စီများ

- မွန်ပြည် ဖက်ဒရယ်ကောင်စီ (MSFC)
- စစ်ကိုင်းဖိုရမ် ဖက်ဒရေးရှင်း (SFF)
- တအာင်းပြည်ကောင်စီ (TLC)

## ညွန့်ပေါင်းအဖွဲ့များနှင့် သပိတ်အဖွဲ့များ

- လူမျိုးပေါင်းစုံမျိုးဆက်များသွေးစည်းညီညွတ်သောမဟာမိတ်အင်အားစု (GSCN)
- မဟာဗျူဟာညှိနှိုင်းဖော်ဆောင်ရေးအင်အားစု (SIF)

## အရပ်ဘက် လူမှုအဖွဲ့အစည်းများ

- နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)
- အာရ်ကန်ရိုဟင်ဂျာအမျိုးသားကောင်စီ (ARNC)
- အာရ်ကန်လူငယ် ငြိမ်းချမ်းရေးကွန်ရက် (AYPN)
- ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)
- မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)
- ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)
- မိုဇက်မြန်မာ (MM)
- လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် - မြန်မာနိုင်ငံ (ND-Burma)
- ရာမည ဖက်ဒရယ်အင်အားစုသစ် (NRFF)
- ပြည်သူ့ပန်းတိုင် (PG)
- အမျိုးသမီးများအဖွဲ့ချုပ် - မြန်မာနိုင်ငံ (WLB)

တုံ့ပြန်ဖြေဆိုချက်များကို အင်္ဂလိပ် သို့မဟုတ် မြန်မာဘာသာဖြင့် အီလက်ထရောနစ်စနစ်မှတဆင့် ကောက်ယူခဲ့ပြီး ဗဟို ဒေတာဘေ့စ် (Database) တွင် စနစ်တကျ မှတ်တမ်းတင်ထားသည်။ ထို့နောက် ဆန်းစစ်လေ့လာမှု ပြုလုပ်နိုင်ရန်အတွက် အခြေခံကျသော အကြောင်းအရာအလိုက် အုပ်စုခွဲခြင်းနှင့် ကုဒ်များသတ်မှတ်ခြင်းတို့ကို အသုံးပြုထားပါသည်။

## ဆန်းစစ်လေ့လာခြင်း

လက်ခံရရှိထားသော တုံ့ပြန်ဖြေကြားချက်များကို ဆန်းစစ်လေ့လာနိုင်ရန်အတွက် အောက်ပါ အုပ်စု (၃) စု ခွဲခြားခဲ့သည် -

၁. တော်လှန်ရေးမျှော်မှန်းချက်နှင့် ယင်းကို ပံ့ပိုးကူညီသည့်အစိတ်အပိုင်းများ (မေးခွန်း ၁ မှ ၄ အထိ တုံ့ပြန်ချက်များ)၊

၂. အတားအဆီးများနှင့် ယုံကြည်မှုတည်ဆောက်ခြင်း (မေးခွန်း ၆ နှင့် ၇ တို့အတွက် တုံ့ပြန်ချက်များ)၊

၃. နိုင်ငံတကာမှ အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းချက်များနှင့် မြန်မာလူထုထံပေးပို့သော သတင်းစကားများ (မေးခွန်း ၈ နှင့် ၉ တို့အတွက် တုံ့ပြန်ချက်များ) တို့ ဖြစ်ပါသည်။

မေးခွန်း ၅ (စစ်တပ်၏ စီစဉ်ထားသောရွေးကောက်ပွဲက မြန်မာ့အနာဂတ်အပေါ် သက်ရောက်မှု) နှင့်ပတ်သက်သည့် တုံ့ပြန်ချက်များကိုမူ ဤစာတမ်း၏ အပိုင်း (၁) ပါ အကြောင်းအရာများအတွက် အခြေခံအဖြစ် အသုံးပြုထားပါသည်။

ဤဆန်းစစ်လေ့လာမှုသည် အရည်အသွေးဆိုင်ရာအကြောင်းအရာ ချဉ်းကပ်မှုနည်းလမ်း (qualitative content approach) ကို လိုက်နာထားပြီး၊ အဓိက စိတ်ကူးအကြံဉာဏ်များ၏ ကြိမ်နှုန်း၊ ထင်ရှားမှုနှင့် ၎င်းတို့အကြားရှိဆက်နွယ်မှုများကို စစ်ဆေးခဲ့ပါသည်။ ဖြေကြားချက်များ၏အချက်များအရ အလေးပေးမှု သို့မဟုတ် ဦးစားပေးမှုတို့အပေါ်တွင် တူညီသော အချက်များကို အာရုံစိုက်လျက် အကြောင်းအရာခေါင်းစဉ် (Themes) များကို ကောက်ချက်ချခြင်းဖြင့် (inductively) ဖော်ထုတ်ခဲ့ပါသည်။

ဤဆန်းစစ်ချက်သည် ယနေ့အထိ လက်ခံရရှိထားသောတုံ့ပြန်ချက်များကို ထင်ဟပ်ထည့်သွင်းထားသည်။ ၎င်းသည် တော်လှန်ရေးအမြင်သဘောထားများ၏ တစိတ်တပိုင်းသာဖြစ်သော်လည်း ယုံကြည်စိတ်ချရသောနမူနာတစ်ခုဖြစ်သည်။ လုံခြုံရေးအခြေအနေများ၊ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်နှင့် အချိန်ကာလကန့်သတ်ချက်တို့ကြောင့် ဆက်သွယ်ခဲ့သော အခရာကျသည့်ပါဝင်ပတ်သက်သူအများအပြားမှာ ပါဝင်နိုင်ခြင်းမရှိခဲ့သကဲ့သို့၊ အချို့သောကိစ္စရပ်များတွင် လက်ခံရရှိသော တုံ့ပြန်ချက်များ၏ လေးနက်မှုအတိမ်အနက်ကိုလည်း ထိခိုက်စေခဲ့ပါသည်။ စစ်ဆင်ရေးနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အခိုင်အမာပြောဆိုချက်များကို အတည်ပြုရန်မှာမူ ဤလေ့လာမှု၏ နယ်ပယ်ထက် ကျော်လွန်နေပါသည်။

တွေ့ရှိချက်များကို တော်လှန်ရေးတွင် ပါဝင်သူအားလုံး၏ ပြည့်စုံသောသန်းခေါင်စာရင်းကောက်ယူမှုဟု မှတ်ယူခြင်းထက် တော်လှန်ရေးလှုပ်ရှားမှုအတွင်း ပိုမိုကျယ်ပြန့်သော ဖြစ်ပေါ်ပြောင်းလဲမှုလမ်းကြောင်းများ (broader trends) ကို ညွှန်ပြချက် အဖြစ်သာ အဓိပ္ပာယ်ကောက်ယူသင့်ပါသည်။ ထို့အပြင် ဖြေဆိုသူအားလုံးက မေးခွန်းကိုးခုစလုံးကို ဖြေဆိုခဲ့ခြင်း မရှိသကဲ့သို့၊ ဖြေဆိုသူများသည် ၎င်းတို့နှင့်သက်ဆိုင်ပြီး ကိုင်တွယ်ဖြေရှင်းသည့်ကိစ္စရပ်များတွင်လည်း ကွဲပြားခြားနားမှု ရှိကြပါသည်။ ဤသို့ ဖြစ်ရခြင်းမှာ အချိန်ကန့်သတ်ချက်များနှင့် အချို့သောကိစ္စရပ်များကို အခြားကိစ္စရပ်များထက် ဦးစားပေး ကိုင်တွယ်ဖြေရှင်းခြင်း အပါအဝင် အကြောင်းရင်းများစွာရှိနိုင်ပါသည်။ SAC-M အနေဖြင့် ဖြေဆိုသူတစ်ဦးက သီးခြားမေးခွန်းတစ်ခုကို မဖြေဆိုရန် ဆုံးဖြတ်ခြင်း သို့မဟုတ် အချို့သောကိစ္စရပ်များကို မကိုင်တွယ်ရန်ဆုံးဖြတ်ခြင်းအား ၎င်းကိစ္စရပ်များအား ရှောင်လွှဲခြင်း သို့မဟုတ် ဆန့်ကျင်ခြင်းဟု အဓိပ္ပာယ်မဖွင့်ဆိုပါ။ ကိုယ်စားပြုအမြင်များကို ဖော်ပြရန်အတွက် ဤအစီရင်ခံစာတလျှောက်တွင် အမည် မဖော်ပြထားသောတိုက်ရိုက်ကိုးကားချက်များကို ရွေးချယ် အသုံးပြုထားသည်။

SAC-M သည် ဤအစီရင်ခံစာ၏နောက်ဆက်တွဲအဖြစ် ပါဝင်ပတ်သက်သူများ၏တုံ့ပြန်ချက်များကို ပိုမိုနက်ရှိုင်းစွာ ဆန်းစစ်လေ့လာမှုပြုလုပ်ရန်အတွက် ဖြေဆိုသူများထံမှ ကောက်ယူရရှိသောအချက်အလက်များကို အသုံးပြုကာ ဆက်လက်တည်ဆောက်သွားရန် မျှော်လင့်ပါသည်။ ထို့ကြောင့် SAC-M သည် ထပ်မံပါဝင်လာမည့် တော်လှန်ရေး အစုအဖွဲ့များထံမှ သဘောထားတုံ့ပြန်ချက်များကို ဆက်လက်လက်ခံရယူရန် ကြိုဆိုလျက်ရှိပါသည်။

# အပိုင်း (၁)

# အကျပ်အတည်းနှံ့အတွင်း ပိုသက်ဆင်းစေမည့် လမ်းဟောင်း

ဤစာတမ်း၏ အပိုင်း (၁) တွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၌ စတင်ကျင်းပရန်စီစဉ်ထားသော မြန်မာစစ်အုပ်စု၏ ရွေးကောက်ပွဲများအကြောင်းကို ဆွေးနွေးထားပါသည်။ ၎င်းသည် မြန်မာနိုင်ငံ၏ ယခင်ရွေးကောက်ပွဲများဆိုင်ရာ နောက်ခံအကြောင်းအရာများ၊ အထူးသဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆက်စပ်သည့်အကြောင်းအရာများအပြင် စစ်တပ်၏ ၂၀၂၁ ခုနှစ် အာဏာသိမ်းရန်ကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေပျက်ပြယ်သွားမှုတို့ကို ဖော်ပြပေးထားသည်။ ထို့နောက် ကုလသမဂ္ဂ (UN) နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) တို့က ချမှတ်ထားသောမူဘောင်များကို အသုံးပြု၍၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်နှိုင်းယှဉ်ကာ စစ်အုပ်စု၏ စီစဉ်ထားသောရွေးကောက်ပွဲများကို သုံးသပ်အကဲဖြတ်ထားသည်။ နောက်ဆုံးတွင် အဆိုပါရွေးကောက်ပွဲများက ဖြစ်ပေါ်စေနိုင်မည့်ရလဒ်များကို သုံးသပ်တင်ပြထားသည်။



SPECIAL ADVISORY COUNCIL SAC-M MYANMAR

# ၁။ စစ်အုပ်စု၏ ရွေးကောက်ပွဲများဆိုင်ရာ နောက်ခံအခြေအနေ

## ၁.၁။ ယခင်ကျင်းပခဲ့သော ရွေးကောက်ပွဲများ

> **မဲလိမ်မဲခိုးမှုတွေနဲ့ ဒီမိုကရေစီမဆန်တဲ့ စစ်တပ်ရဲ့ အတိတ်က ရွေးကောက်ပွဲများကို ကျွန်တော်တို့ ကြုံတွေ့ခဲ့ဖူးပြီးပါပြီ။**
>
> – ဖြေဆိုသူ

၁၉၆၂ ခုနှစ် အာဏာသိမ်းမှုဖြင့် စစ်တပ်က အာဏာစတင်ရယူချိန်မှစ၍ မြန်မာနိုင်ငံရှိ စစ်အုပ်စုအဆက်ဆက်သည် နိုင်ငံတော်ဆိုင်ရာ ဌာနအဖွဲ့အစည်းများအပေါ် စစ်တပ်၏ထိန်းချုပ်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် ရွေးကောက်ပွဲများကျင်းပခြင်းကို ထိရောက်သောနည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့ကြသည်။ ဤရွေးကောက်ပွဲ လုပ်ငန်းစဉ်အများစုသည် အပြိုင်အဆိုင်ကင်းမဲ့၍ ကြီးမားစွာ ကြိုးကိုင်ခြယ်လှယ်ထားသောလုပ်ရပ်များသာ ဖြစ်ခဲ့သည်။ (၆၃) နှစ်တာ ကာလအတွင်း ရွေးကောက်ပွဲများတွင် အဓိပ္ပာယ်ပြည့်ဝသောပြိုင်ဆိုင်မှုကို ကျင်းပခွင့်ပြုခဲ့သည့် သုံးကြိမ်တိုင်တိုင် စစ်တပ်၏ကိုယ်စားလှယ်ပါတီများသည် တောင်ပြိုကမ်းပြိုရှုံးနိမ့်ခဲ့ကြပြီး၊ ယင်းအချက်ကပင် မြန်မာပြည်သူလူထုသည် စစ်အုပ်ချုပ်ရေးကို တစိုက်မတ်မတ်နှင့် ကျယ်ကျယ်ပြန့်ပြန့်ငြင်းပယ်ကြောင်း မီးမောင်းထိုးပြနေသည်။ သို့သော် အဆိုပါဖြစ်ရပ်များအနက် တစ်ကြိမ်တည်းသာလျှင် ရွေးကောက်ပွဲရလဒ်များကို လေးစားလိုက်နာမှုရှိခဲ့ပြီး အနိုင်ရရှိသူများအား ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာများကို အကောင်အထည်ဖော်ခွင့်ပြုခဲ့သည်။

၁၉၉၀ ခုနှစ်တွင်၊ ၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကာလအတွင်း ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ၏ အထင်ရှားဆုံး ဒီမိုကရက်တစ်နိုင်ငံရေးပါတီဖြစ်သည့် NLD သည် ဆယ်စုနှစ်သုံးခုအတွင်း မြန်မာနိုင်ငံ၏ပထမဆုံးပါတီစုံ ရွေးကောက်ပွဲ၌ ပြတ်သားသော အနိုင်ရရှိမှုကို ရယူခဲ့ပါသည်။ NLD သည် စစ်တပ်ကျောထောက်နောက်ခံပြုပါတီ[၁]အပေါ် တောင်ပြိုကမ်းပြို အနိုင်ရခဲ့ပြီး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) က ဒုတိယ အမတ်နေရာအများဆုံးနှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) က တတိယလိုက်ခဲ့သည်။ သို့သော် အာဏာရစစ်အုပ်စုသည် ရလဒ်ကိုအသိအမှတ်ပြုရန် ငြင်းဆန်ခဲ့ပြီး၊ နောက်ထပ် နှစ်နှစ်ဆယ်အကြာ ၂၀၁၀ ခုနှစ်ရောက်မှသာ ရွေးကောက်ပွဲများ ထပ်မံကျင်းပခဲ့ရသည်။

ထိုအချိန်တွင် စစ်တပ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ[၂]ကို ရေးဆွဲအတည်ပြုပြီးဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် တိုးပွားလာသော ပြည်တွင်းနှင့် နိုင်ငံတကာ ဖိအားများကို တုံ့ပြန်ရန် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ခံကိုယ်စားလှယ်များကို အစိုးရပိုင်းတွင် အကန့်အသတ်ဖြင့်သာ ပါဝင်ခွင့်ပြုထားပြီး၊ နိုင်ငံ၏အာဏာအရပ်ရပ်ကိုမူ စစ်တပ်ကသာ အလုံးစုံ ဆက်လက်ချုပ်ကိုင်ထားနိုင်ရန် စနစ်တကျ အကွက်ချ ရေးဆွဲထားခြင်းဖြစ်သည်။ ၂၀၀၈

---

[၁] မြန်မာ့ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲများဆိုင်ရာသမိုင်းကြောင်း၊ ကြည့်ရှုနိုင်သည့်နေရာ - https://myanmarelectionwatch.org/en/history-of-elections-in-myanmar (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၂] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လွတ်လပ်သော လေ့လာစောင့်ကြည့်သူများက မဲမသမာမှုများဖြင့်ပြုလုပ်ခဲ့သည်ဟုသုံးသပ်ထားသော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတစ်ရပ်ဖြင့် အတည်ပြုခဲ့သည်။ ကြည့်ရှုရန် - လွတ်လပ်သောရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL)၊ ဗမာ (မြန်မာ) - ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့ ဆန္ဒခံယူပွဲဆိုင်ရာ ပဏာမအစီရင်ခံစာ၊ ကြည့်ရှုနိုင်သည့်နေရာ - https://anfrel.org/wp-content/uploads/2012/02/Preliminary-Report-on-the-Referendum-of-May-10-2008.pdf (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွှတ်တော်နှစ်ရပ်စလုံးတွင် တာဝန်ထမ်းဆောင်ဆဲ စစ်ဘက်အရာရှိများအတွက်[၃] အဆုံးအဖြတ်ပေးနိုင်သောနေရာအချို့အစားကို သီးသန့်ဖယ်ချန်ပေးထားသည်။ ဤအချက်ကြောင့်ပင် ဖွဲ့စည်းပုံပြင်ဆင်ရေးကြိုးပမ်းမှုမှန်သမျှအပေါ်[၄] စစ်တပ်အနေဖြင့် ထိရောက်စွာ ကန့်ကွက်ပယ်ချနိုင်သည့် ဗီတိုအာဏာကို ရရှိစေခဲ့သည်။ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့ (၃) ဖွဲ့ ရှိသည့်အနက် တစ်ဖွဲ့ကို လွှတ်တော်နှစ်ရပ်စလုံးမှ တပ်မတော်သားကိုယ်စားလှယ်များဖြင့် သီးသန့်ဖွဲ့စည်းထားသည်။ ထိုအစုအဖွဲ့အသီးသီးက ရွေးချယ်လိုက်သော ဒုတိယသမ္မတ (၃) ဦးထဲမှ တစ်ဦးကို ပြည်ထောင်စုလွှတ်တော်တစ်ရပ်လုံး[၅]က နိုင်ငံတော်သမ္မတအဖြစ် ထပ်မံမဲပေးရွေးကောက်ကြသည်။ ထို့ပြင် စစ်တပ်သည် အဓိကကျသော အစိုးရဝန်ကြီးဌာနများကိုလည်း ထိန်းချုပ်ထားနိုင်ခဲ့သည် - ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က[၆] ခန့်အပ်သော တာဝန်ထမ်းဆောင်ဆဲ စစ်ဘက်အရာရှိများဖြစ်ကြပြီး၊ စစ်မှုထမ်းများဖြစ်သည့်အလျောက် သမ္မတကိုမဟုတ်ဘဲ ကာကွယ်ရေးဦးစီးချုပ်ကိုသာ ပြန်ကြားတာဝန်ခံရသည်။ အဆိုပါပြဋ္ဌာန်းချက်များမှတဆင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ (ကာ/လုံ)[၇] တွင် စစ်ဘက်ခေါင်းဆောင်များကသာ လွှမ်းမိုးချုပ်ကိုင်ထားနိုင်ရန် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက အခိုင်အမာ အာမခံချက် ပေးထားသည်။

၂၀၁၀ ရွေးကောက်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့်၊ စစ်အုပ်စုသည် အကြီးတန်း စစ်ဗိုလ်ချုပ်ကြီးများနှင့် စစ်အုပ်စုအဖွဲ့ဝင်များက ဦးစီးသော လက်နက်ကိုင်အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)[၈] ဟူသော နိုင်ငံရေးပါတီတစ်ခုအဖြစ် အသွင်ပြောင်းလဲခဲ့သည်။ ဗိုလ်ချုပ်ကြီးသိန်းစိန်အပါအဝင် အကြီးတန်းစစ်ဘက်အရာရှိကြီးများသည် စစ်တပ်မှ အငြိမ်းစားယူကာ ၂၀၁၀ ရွေးကောက်ပွဲတွင် USDP ကို ဦးဆောင်ခဲ့ကြပြီး အနိုင်ရရှိခဲ့သည်။ သို့သော် ဤရွေးကောက်ပွဲများသည် လွတ်လပ်ခြင်းမရှိသကဲ့သို့ တရားမျှတခြင်းလည်း မရှိခဲ့ပေ၊ ၎င်းတွင်  ခြိမ်းခြောက်ခြင်း၊ ဆင်ဆာဖြတ်တောက်ခြင်းနှင့် ကြိုတင်မဲမသမာမှုပြုလုပ်ခြင်း စသည့် ရွေးကောက်ပွဲဆိုင်ရာပြဿနာများအား အစီရင်ခံစာ အများအပြားတဆင့် ထောက်ပြခဲ့ကြသည်။[၉] ထိုအချိန်က NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ် ကျခံနေရပြီး၊ NLD ပါတီသည်လည်း ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော အခြားပါတီများနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ပေ။ ရလဒ်အနေဖြင့် တာဝန်ထမ်းဆောင်ဆဲစစ်ဘက်အရာရှိများနှင့် USDP အရာရှိများ ပေါင်းစပ်ထားသော အစိုးရတစ်ရပ်ပေါ်ပေါက်လာကာ ဗိုလ်ချုပ်ဟောင်း ဦးသိန်းစိန် သမ္မတ ဖြစ်လာခဲ့သည်။

---

[၃] ပုဒ်မ ၁၀၉ (ခ)၊ ၁၄၁ (ခ)။

[၄] ပုဒ်မ ၄၃၆။

[၅] ပုဒ်မ ၆၀-၆၁။

[၆] ပုဒ်မ ၂၃၂။

[၇] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၁ အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ (NDSC) ၏ အဖွဲ့ဝင်များမှာ နိုင်ငံတော်သမ္မတ (ဥက္ကဋ္ဌ)၊ ဒုတိယသမ္မတ နှစ်ဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ဖြစ်ကြသည်။

[၈] USDP သည် ဖွဲ့စည်းပုံ၊ ဘဏ္ဍာရေးနှင့် သဘောတရားရေးရာတို့အရ စစ်တပ်အပေါ် မှီခိုနေသည်။ ၎င်း၏ ရွေးကောက်ပွဲမဟာဗျူဟာများ၊ ခေါင်းဆောင် ခန့်အပ်တာဝန်ပေးမှုများနှင့် မူဝါဒရပ်တည်ချက်များသည် စစ်တပ်၏ အမိန့်ပေးကွပ်ကဲမှုတည်ဆောက်ပုံနှင့် အကျိုးစီးပွားများနှင့် တစိုက်မတ်မတ် လိုက်လျောညီထွေ ရှိနေသည်။ ကြည့်ရှုရန် - ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက် (NDD)၊ ဗမာပြည် - အကြမ်းဖက်ခဲ့သောအတိတ်မှ ရက်စက်ကြမ်းကြုတ်သောအနာဂတ်ဆီသို့ - လက်နက်ကိုင် အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ နိုင်ငံရေးပါတီတစ်ခုအဖြစ် အသွင်ပြောင်းလဲခြင်း၊ ကြည့်ရှုနိုင်သည့်နေရာ - https://burmacampaign.org.uk/media/NDD_-_A_Violent_Past_to_a_Brutal_Future.pdf (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၉] လွတ်လပ်သောရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL)၊ ဗမာပြည် ၂၀၁၀ ရွေးကောက်ပွဲများ - ဗိုလ်ချုပ်ကြီးများ၏ ရွေးကောက်ပွဲ၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://anfrel.org/wp-content/uploads/2011/03/13-report-general-elections-tacdb-anfrel-2010.pdf (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။ နိုင်ငံတကာ ပဋိပက္ခ လေ့လာစောင့်ကြည့်ရေးအဖွဲ့ (International Crisis Group)၊ မြန်မာ့ရွေးကောက်ပွဲလွန် နိုင်ငံရေးအခင်းအကျင်း၊ ၂၀၁၁ ခုနှစ် မတ်လ၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.crisisgroup.org/asia-pacific/myanmar/b118-myanmars-post-election-landscape (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။ BBC သတင်းဌာန၊ စစ်တပ်လိုလားသောပါတီက ဗမာ့ရွေးကောက်ပွဲတွင် ‘အနိုင်ရ’၊ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၉ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.bbc.co.uk/news/world-asia-pacific-11715956 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

၂၀၁၅ ခုနှစ်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အထွေထွေရွေးကောက်ပွဲများကို ထပ်မံကျင်းပခဲ့ရာ ဤအကြိမ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် စစ်တပ်၏ထိန်းသိမ်းထားမှုမှ လွတ်မြောက်လာပြီဖြစ်သဖြင့် ရွေးကောက်ပွဲတွင် NLD ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ NLD သည် လွှတ်တော်နှစ်ရပ်စလုံးရှိ ရွေးကောက်ခံအမတ်နေရာအားလုံး၏ ၇၉ ရာခိုင်နှုန်းကို အနိုင်ရရှိကာ နောက်ထပ်ပြတ်သားသောအောင်ပွဲတစ်ရပ်ကို ရယူနိုင်ခဲ့သည်။[၁၀] လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေကဲ့သို့သော ခွဲခြားဆက်ဆံသည့်ဥပဒေများကြောင့် လူများစွာ မဲပေးပိုင်ခွင့် ဆုံးရှုံးခဲ့ရသော်လည်း၊ ခိုင်လုံသော နိုင်ငံတကာနှင့် ပြည်တွင်း လေ့လာစောင့်ကြည့်သူများက ၂၀၁၅ ရွေးကောက်ပွဲများကို အများအားဖြင့် လွတ်လပ်ပြီးတရားမျှတမှုရှိသည်ဟု သုံးသပ်ခဲ့ကြသည်။[၁၁] ထို့နောက် တာဝန်ထမ်းဆောင်ဆဲ စစ်ဘက်အရာရှိများ၊ ရွေးကောက်ခံ NLD၊ USDP နှင့် တသီးပုဂ္ဂလကိုယ်စားလှယ်များပါဝင်သော ညွန့်ပေါင်းအစိုးရတစ်ရပ်ကိုဖွဲ့စည်းခဲ့ပြီး NLD ကိုယ်စားလှယ် ဦးထင်ကျော် သမ္မတဖြစ်လာခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ဒေါ်အောင်ဆန်းစုကြည်အား သမ္မတဖြစ်ခွင့် တားမြစ်ထားသောကြောင့် သူမအတွက် အထူးဖန်တီးထားသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ရာထူးနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) တွင် နေရာတစ်နေရာရရှိစေမည့် နိုင်ငံခြားရေးဝန်ကြီးရာထူးတို့ကို ရယူခဲ့သည်။[၁၂] သို့သော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများကိုမူ တာဝန်ထမ်းဆောင်ဆဲ စစ်ဘက်အရာရှိများကသာ ဆက်လက်ရယူထားခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင်၊ ၂၀၁၅ ခုနှစ်ကဲ့သို့ အလားတူအခြေအနေများနှင့် တူညီသောဖွဲ့စည်းပုံအခြေခံဥပဒေအောက်၌ အထွေထွေရွေးကောက်ပွဲများကို ထပ်မံကျင်းပခဲ့သည်။ ပဋိပက္ခများနှင့် ချန်လှပ်ထားသောဥပဒေများဆိုင်ရာ ပြဿနာများ ဆက်လက်ရှိနေသည့်အပြင်၊ COVID-19 ကပ်ရောဂါနှင့်ဆက်စပ်သော ထပ်ဆောင်း ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများလည်းရှိခဲ့သည်။[၁၃] သို့သော်လည်း လွတ်လပ်သောလေ့လာစောင့်ကြည့်သူများက ရွေးကောက်ပွဲ လုပ်ငန်းစဉ်သည် ယေဘုယျအားဖြင့် ယုံကြည်လက်ခံနိုင်ဖွယ်ရှိကြောင်း ထပ်မံတွေ့ရှိခဲ့ကြသည်။[၁၄] ရလဒ်အနေဖြင့် NLD သည် ရွေးကောက်ခံအမတ်နေရာအားလုံး၏ ၈၂ ရာခိုင်နှုန်းကို အနိုင်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်ထက်ပင် ပိုမိုကြီးမားသော လုပ်ပိုင်ခွင့်အာဏာကို ရရှိခဲ့သည်။[၁၅]

သို့သော် ယခုအကြိမ်တွင်မူ စစ်တပ်သည် ရလဒ်ကိုလက်ခံရန် ငြင်းဆန်ခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဖွဲ့စည်းပုံဆိုင်ရာ ကန့်သတ်ချက်များရှိနေသော်လည်း NLD သည် ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးအတွက် ဖြစ်နိုင်ခြေရှိသော နည်းလမ်းများကို စတင်ရှာဖွေနေပြီ[၁၆] ဖြစ်ရာ၊ ပါတီ၏ လူထုထောက်ခံမှုအတိုင်းအတာနှင့် ပေါင်းစပ်လိုက်သောအခါ ဤဖြစ်ပေါ်တိုးတက်မှုများကို

---

[၁၀] BBC သတင်းဌာန၊ မြန်မာ့ ၂၀၁၅ သမိုင်းဝင်ရွေးကောက်ပွဲများအကြောင်း ရှင်းလင်းချက်)၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.bbc.co.uk/news/world-asia-33547036 (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၁၁] ကာတာစင်တာ (The Carter Center)၊ မြန်မာ - ၂၀၁၅ အထွေထွေရွေးကောက်ပွဲများဆိုင်ရာ အပြီးသတ်အစီရင်ခံစာ)၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://electionstandards.cartercenter.org/2017/01/09/myanmar-final-election-report/ (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၁၂] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံခြားသား ဇနီးခင်ပွန်း သို့မဟုတ် သားသမီးများရှိသူ မည်သူ့ကိုမဆို သမ္မတတာဝန် ထမ်းဆောင်ခွင့် မရရှိစေရန် (ပုဒ်မ ၅၉ (စ) ဖြင့်) တားမြစ်ပိတ်ပင်ထားပြီး၊ ယင်းပြဋ္ဌာန်းချက်သည် ဒေါ်အောင်ဆန်းစုကြည်အား သမ္မတဖြစ်ခွင့်မရရှိစေရန် အထူးရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်သည်။

[၁၃] ရှေ့ပြေးအသံအဖွဲ့ (Progressive Voice Myanmar)၊ ယုံကြည်မှုကင်းမဲ့သောမဲဆန္ဒ - မြန်မာ့ ၂၀၂၀ အထွေထွေရွေးကောက်ပွဲများနှင့် တိုင်းရင်းသား၊ ဘာသာရေး လူနည်းစုများ၏ အခွင့်အရေးများ)၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://progressivevoicemyanmar.org/2020/10/26/a-vote-with-no-confidence-myanmars-2020-general-elections-and-rights-of-ethnic-and-religious-minorities/ (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၁၄] ကာတာစင်တာ (The Carter Center)၊ ၂၀၂၀ မြန်မာ့အထွေထွေရွေးကောက်ပွဲများဆိုင်ရာ ကာတာစင်တာ၏ ပဏာမထုတ်ပြန်ကြေညာချက်)၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၀ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.cartercenter.org/news/pr/2020/myanmar-111020.html (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၁၅] အာရှဖောင်ဒေးရှင်း (The Asia Foundation)၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ - ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ)၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://asiafoundation.org/wp-content/uploads/2024/08/Myanmar_2020-General-Election-State-and-Region-Hluttaws.pdf (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၁၆] ISEAS – Yusof Ishak Institute (အိုင်စီအက်စ် - ယူဆွပ်အီရှပ် အင်စတီကျု)၊ ဒီမိုကရေစီ အရင်လား၊ ဖက်ဒရယ်က နောက်လား - မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်)၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.iseas.edu.sg/wp-content/uploads/pdfs/ISEAS_Perspective_2019_93.pdf (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

စစ်တပ်က ၎င်းတို့၏ အခိုင်အမာတည်ရှိနေသောအာဏာအပေါ် တိုက်ရိုက်ခြိမ်းခြောက်မှု တစ်ရပ်အဖြစ် ရှုမြင်ခဲ့သည်။ ထို့သည် သာမက ရလဒ်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကိုယ်ရေးကိုယ်တာရည်မှန်းချက်များကိုလည်း ပိတ်ပင်တားဆီးခဲ့သည်။ သူသည် သမ္မတရာထူးကို လိုချင်ခဲ့ပြီး ဤကိစ္စအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအထိ NLD ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။ သို့သော် ရွေးကောက်ခံလွှတ်တော်သစ် စတင်ကျင်းပရန်စီစဉ်ထားသော ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မင်းအောင်လှိုင် ဦးဆောင်သော စစ်တပ်သည် အာဏာသိမ်းယူရန်ကြိုးပမ်းခဲ့ပြီး စစ်တပ်၏ တစ်ပိုင်းတစ်စသာအသွင်ဆောင်သည့် ဒီမိုကရေစီစမ်းသပ်မှုကို ရုတ်တရက်အဆုံးသတ်စေခဲ့သည်။




၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကာလအတွင်း ပြည်သူလူထုက ဆန္ဒမဲပေးနေကြပုံ။ (တရားဝင် မှတ်တမ်းဓာတ်ပုံ)

## ၁.၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပျက်ပြယ်မှု

### ၁.၂.၁။ အာဏာသိမ်းရန် ကြိုးပမ်းမှု

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းရန်ကြိုးပမ်းမှုအတွင်း စစ်တပ်သည် သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများအပါအဝင် အစိုးရအဖွဲ့မှ အကြီးတန်း NLD အဖွဲ့ဝင်များကို ဖမ်းဆီး ထိန်းသိမ်းခဲ့သည်။ ထို့နောက် အရေးပေါ်အခြေအနေမကြေညာမီတွင် စစ်ဘက်ဆိုင်ရာ ဝန်ထမ်းများသည် နေပြည်တော်နှင့် ရန်ကုန်ရှိ အဓိကကျသောအစိုးရနေရာများကို လုံခြုံရေးရယူခြင်း၊ ဆက်သွယ်ရေးနှင့် အင်တာနက်အသုံးပြုခွင့်များကို ဖြတ်တောက်ခြင်းနှင့် ဘဏ်လုပ်ငန်းလည်ပတ်မှုများကို ရပ်ဆိုင်းခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

အမှန်စင်စစ်တွင် အရေးပေါ်အခြေအနေကြေညာရန်အတွက် အခြေခံအကြောင်းရင်းနှင့် လုပ်ထုံးလုပ်နည်းနှစ်ရပ်စလုံးသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဘောင်အတွင်း၌ အကျုံးဝင်ခြင်းမရှိပေ။ စစ်တပ်သည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုပြုလုပ်ခဲ့သည်ဟူသော ခိုင်လုံသောသက်သေအထောက်အထားမရှိသည့် စွပ်စွဲချက်များကိုကိုးကား၍ အရေးပေါ် အခြေအနေကြေညာရန် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ ကို အသုံးပြုခဲ့သည်။[၁၇] သို့သော်လည်း၊ အမှန်စင်စစ် ယင်းစွပ်စွဲချက်များသည် အဆိုပါပုဒ်မအရ အရေးပေါ်အခြေအနေကြေညာရန် လိုအပ်ချက်ဖြစ်သည့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှု သို့မဟုတ် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိခိုက်မည့်အန္တရာယ်များ မဟုတ်ချေ။ ပုဒ်မ ၄၁၇ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) နှင့် ညှိနှိုင်းတိုင်ပင်ပြီးနောက် သမ္မတကသာလျှင် အရေးပေါ်အခြေအနေ ကို ကြေညာခွင့်ရှိသည်။ သို့သော် သမ္မတကို တရားမဝင် ဖမ်းဆီးထိန်းသိမ်းထားချိန်တွင်၊ စစ်တပ်က ခန့်အပ်ထားသောဒုတိယ သမ္မတသည် အရေးပေါ်အခြေအနေကြေညာခြင်းနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများအားလုံးကို မင်းအောင်လှိုင်ထံ လွှဲပြောင်းပေးခြင်းတို့ကို ကြေညာခဲ့သည်။[၁၈] ဒုတိယသမ္မတတွင် ဤသို့လုပ်ပိုင်ခွင့်အာဏာမရှိသကဲ့သို့ သမ္မတ သည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၎င်း၏ရာထူးတွင် ဆက်လက်တည်ရှိနေဆဲဖြစ်သည့်ကြားမှ ဤသို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် အာဏာလွှဲပြောင်းမှုကို ပြန်လည်သုံးသပ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လိုအပ်သော လွှတ်တော်ကိုလည်း အစည်းအဝေးကျင်းပခွင့်မရအောင် တားမြစ်ပိတ်ပင်ခဲ့ပြီး၊ နောက်ဆက်တွဲအနေဖြင့် မင်းအောင်လှိုင်သည် တရားမဝင်သော စစ်အုပ်စုအဖွဲ့အစည်းဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ရှိ စစ်တပ်၏လုပ်ရပ်များသည် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစနစ်ကို ကျော်လွန်ပယ်ဖျက်ခဲ့ပြီး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိရောက်စွာပျက်ပြယ်စေကာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျိုးပေါက်ပျက်စီးမှုကို ဖြစ်ပေါ် စေခဲ့သည်။ စစ်အုပ်စုသည် ၎င်းတို့၏လုပ်ရပ်များကို မျှတကြောင်းပြသရန် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆက်လက် ကိုးကားအသုံးပြုနေသော်လည်း၊ အာဏာသိမ်းရန်ကြိုးပမ်းချိန်မှစ၍ စစ်အုပ်စု လုပ်ဆောင်ခဲ့သမျှသော လုပ်ရပ်တိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီသကဲ့သို့ တရားမဝင်ပေ။ ဤစာတမ်းတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ထပ်မံ ဆွေးနွေးထားခြင်းသည် စစ်အုပ်စု၏လုပ်ရပ်များနှင့်ဆက်စပ်၍ ၎င်းတို့၏ အကြောင်းပြချက်ကိုသိရှိနိုင်ရန်အလို့ငှာ ရည်ရွယ်ခြင်း သက်သက်သာဖြစ်ပြီး၊ စစ်အုပ်စု၏လုပ်ရပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သို့မဟုတ် ဥပဒေအရ ညီညွတ်သည်ဟူ၍ ဆိုလိုခြင်းမဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

---

[၁၇] BBC သတင်းဌာန၊ မြန်မာအာဏာသိမ်းပွဲ - စစ်တပ်မှာ မဲမသမာမှု သက်သေအထောက်အထား ရှိသလား)၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.bbc.co.uk/news/55918746 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၁၈] အမိန့်အမှတ် ၁/၂၀၂၁၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.gnlm.com.mm/republic-of-the-union-of-myanmar-office-of-the-president-order-number-1-2021/ (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

## ၁.၂.၂။ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် မင်းအောင်လှိုင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ကို ပြန်လည်ဖွဲ့စည်းခြင်း၊ မဲစာရင်းများစစ်ဆေးခြင်းနှင့် အရေးပေါ်အခြေအနေအပြီးတွင် "လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ" ကျင်းပကာ ရွေးကောက်ခံအစိုးရထံ အာဏာလွှဲပြောင်းပေးခြင်းတို့ပါဝင်သည့် "ရှေ့လုပ်ငန်းစဉ် (၅) ရပ်" ကို ကြေညာခဲ့သည်။[၁၉] ကနဦးတွင် စစ်အုပ်စုသည် ၎င်းတို့၏အစီအစဉ်များကို ဆန့်ကျင်မှုမှန်သမျှကို တစ်နှစ်အတွင်း နှိမ်နင်းနိုင်မည်ဟုမျှော်လင့်ကာ အရေးပေါ်အခြေအနေကို တစ်နှစ်သာ ကန့်သတ်ထားခဲ့သော်လည်း၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ အထိ ထိန်းချုပ်မှုကို ခိုင်မာအောင် မလုပ်ဆောင်နိုင်သေးပေ။ တနိုင်ငံလုံးအနှံ့ဖြစ်ပေါ်လာသော ဒီမိုကရေစီလိုလားသည့် နွေဦးတော်လှန်ရေးလှုပ်ရှားမှုက ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ဆက်လက် အကောင်အထည်မဖော်နိုင်အောင် တားဆီးထားခဲ့သဖြင့် မင်းအောင်လှိုင်သည် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အရေးပေါ်အခြေအနေကို ခြောက်လတစ်ကြိမ်ဖြင့် ခုနစ်ကြိမ်တိုင်တိုင်သက်တမ်းတိုးခဲ့ရာ စုစုပေါင်းလေးနှစ်ခွဲအထိ ကြာမြင့်ခဲ့သည်။ ဤလုပ်ရပ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်အခြေအနေအတွက် အများဆုံး ၁၈ လ ကန့်သတ်ချက်ကို များစွာကျော်လွန်နေသည့်အပြင် သက်တမ်းတိုးရန်အတွက် လွှတ်တော်၏အတည်ပြုချက်ရယူရန် လိုအပ်ချက်ကိုလည်း ချိုးဖောက်ခဲ့သည်။[၂၀]

သို့သော် တရုတ်နိုင်ငံနှင့် အခြားနိုင်ငံတကာသက်ဆိုင်သူများထံမှ ဖိအားများတိုးလာခြင်းနှင့် လက်ရှိအခြေအနေကို မကျေနပ်သော လက်ရှိနှင့် ယခင် စစ်ဘက်အကြီးတန်းအရာရှိဟောင်းများဟူ၍ ဖြစ်ခြေရှိသူတို့၏ဖိအားများကြောင့် မင်းအောင်လှိုင်သည် ပြည်တွင်းအခြေအနေများအဆင်မပြေသော်လည်း ၎င်း၏ရှေ့လုပ်ငန်းစဉ်ကို ယခု ဆက်လက်အကောင်အထည်ဖော်ရန် တွန်းအားပေးခြင်းခံခဲ့ရသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် အရေးပေါ်အခြေအနေကို ဦးစွာ ရုပ်သိမ်းရမည်ဖြစ်ပြီး၊ ထိုအချိန်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) သည် ကြားဖြတ်အစိုးရတစ်ရပ်ကို ခန့်အပ်ကာ ခြောက်လအတွင်း ရွေးကောက်ပွဲများ ကျင်းပရမည်ဖြစ်သည်။[၂၁] ထို့ကြောင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် စစ်ကောင်စီ (SAC) သည် တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေကုန်ဆုံးကြောင်း ကြေညာကာ ၎င်းကိုယ်တိုင် ဖျက်သိမ်းခဲ့သည်။ မင်းအောင်လှိုင်သည် ယာယီသမ္မတ ရာထူးကိုရယူခဲ့ပြီး ရွေးကောက်ပွဲများကိုကြီးကြပ်ရန် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် (SSPC) အသစ်ကို ဖွဲ့စည်းခဲ့သည်။[၂၂] သို့သော် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ ရခိုင်နှင့် ရှမ်းပြည်နယ်များအပြင် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများရှိ တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော ကျယ်ပြန့်သည့်ဧရိယာများအပါအဝင် မြန်မာနိုင်ငံတဝှမ်းရှိ မြို့နယ် ၆၃ မြို့နယ်တွင် အရေးပေါ်အခြေအနေအသစ်နှင့် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ကြေညာခဲ့ခြင်းသည် စစ်အုပ်စု၏ ထိန်းချုပ်နိုင်စွမ်းမရှိမှုနှင့် ထိုဒေသများရှိ ပြည်သူများကို အင်အားသုံးအကြမ်းဖက်ရန် အစီအစဉ်ရှိနိုင်ကြောင်းကို မီးမောင်းထိုးပြနေသည်။[၂၃]

---

[၁၉] နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://cdn.digitalagencybangkok.com/file/client-cdn/gnlm/wp-content/uploads/2021/08/8-8-20211.pdf (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။ 'ရှေ့လုပ်ငန်းစဉ် (၅) ရပ်' ဟူသော အသုံးအနှုန်းသည် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ 'ဘုံသဘောတူညီချက် (၅) ရပ်' ကို အပိုင်စီးရန်၊ ကြိုးကိုင်ခြယ်လှယ်ရန်နှင့် ထိခိုက်အားနည်းစေရန် ရည်ရွယ်ထားပုံရသည်။

[၂၀] ပုဒ်မ ၄၂၁ (ခ)၊ ၄၂၅။

[၂၁] ပုဒ်မ ၄၂၆၊ ၄၂၉။

[၂၂] "နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်"၊ ကြည့်ရှုနိုင်သည့်နေရာ - https://sacoffice.gov.mm/en/sspcmembers (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၂၃] International IDEA၊ မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်သည့် International IDEA ၏ ကြေညာချက်၊ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.idea.int/news/international-idea-statement-situation-myanmar (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

> **စီစဉ်ထားသော ရွေးကောက်ပွဲသည် အနာဂတ်တွင် စစ်တပ် [စစ်အုပ်စု] ကို အစားထိုးမည့် အဖွဲ့အစည်းအသစ်များ ပေါ်ပေါက်လာစေနိုင်မည့်အပြင်၊ ပြည်သူများအပေါ် စနစ်တကျ ကျူးလွန်နေသောရက်စက်မှုနှင့် အကြမ်းဖက်လုပ်ရပ်များကိုပါ တရားဝင်မှုရရှိစေနိုင်သည်။ ရလဒ်အနေဖြင့် မြန်မာနိုင်ငံသည် စီးပွားရေးပြိုလဲမှု၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများ (IDPs) တိုးပွားလာမှု၊ တရားမဝင် မူးယစ်ဆေးဝါးကုန်သွယ်မှု မြင့်တက်လာမှုနှင့် ဂိုဏ်းဖွဲ့ရာဇဝတ်မှုများ၊ အွန်လိုင်းငွေလိမ်ဂိုဏ်းများနှင့် လူကုန်ကူးမှုများ မြင့်တက်လာမှုတို့ကို ရင်ဆိုင်ရနိုင်ပါသည်။**
>
> – ဖြေဆိုသူ

အထက်ဖော်ပြပါအကြောင်းပြချက်များကြောင့်၊ အသစ်ဖွဲ့စည်းလိုက်သော နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် (SSPC) သည် ယခင် စစ်ကောင်စီ (SAC) ကဲ့သို့ပင် မည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံ သို့မဟုတ် ဥပဒေအရ တရားဝင်မှုမရှိသော တရားမဝင်စစ်အုပ်စုသာဖြစ်သည်။ ပြည်သူလူထုက သိသာထင်ရှားစွာ ငြင်းပယ်ထားသော ရွေးကောက်ပွဲများကို စီစဉ်ရန် သို့မဟုတ် ကျင်းပရန် ၎င်းတွင် လုပ်ပိုင်ခွင့်အာဏာမရှိပေ။ ထို့ကြောင့် ဤရွေးကောက်ပွဲများကို အခြေခံ၍ ဖွဲ့စည်းလာမည့် မည်သည့် နောက်ဆက်တွဲ “အစိုးရ” မဆို တရားမဝင် စစ်အုပ်စုအဖြစ်သာ ဆက်လက်တည်ရှိနေမည် ဖြစ်သည်။

# ၂။ ရွေးကောက်ပွဲဆိုင်ရာ စံချိန်စံညွှန်းများ

## ၂.၁။ နိုင်ငံတကာ စံချိန်စံညွှန်းများ

> မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးသည် ဝေးကွာနေဆဲဖြစ်သည်။ ထောင်ပေါင်းများစွာသေဆုံးခဲ့ရပြီး၊ သန်းပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များမှာလည်း အလွန်အမင်း မြင့်တက်လာနေသည်။ ထို့ပြင် ရိုဟင်ဂျာများနှင့် အခြားလူထုအသိုင်းအဝိုင်းများသည် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ထွက်ပြေးတိမ်းရှောင်ရခြင်း သံသရာထဲတွင် ပိတ်မိနေကြသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစီမံချက်သည်လည်း ရန်ပုံငွေ အလွန်အမင်း လိုအပ်နေဆဲဖြစ်၍၊ ကျွန်ုပ်တို့အနေဖြင့် အရေးပေါ် ပံ့ပိုးကူညီမှု လိုအပ်လျက်ရှိပါသည်။ သွေးထွက်သံယိုဖြစ်မှုများကို ကျွန်ုပ် ပြင်းထန်စွာရှုတ်ချပြီး၊ ပါဝင်ပတ်သက်သူအားလုံးကို တိုက်ခိုက်မှုများရပ်တန့်ရန်၊ အရပ်သားများကိုကာကွယ်ရန်၊ အဟန့်အတားမရှိ လူသားချင်းစာနာမှုဆိုင်ရာဝင်ရောက်ခွင့်ပြုရန်နှင့် အားလုံးအကျုံးဝင်ပါဝင်နိုင်သော နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြရန် ကျွန်ုပ်တိုက်တွန်းပါသည်။ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံထားရသော ခေါင်းဆောင်များအပါအဝင် မတရားဖမ်းဆီးထိန်းသိမ်းခံထားရသူများကို ပြန်လည်လွှတ်ပေးရေးမှာ မဖြစ်မနေပင် လိုအပ်သည်။ လက်ရှိအခြေအနေများအောက်တွင် မည်သည့်ရွေးကောက်ပွဲမဆိုသည် ဖယ်ထုတ်ခံရမှုများနှင့် မတည်ငြိမ်မှုများကို ပိုမိုဖြစ်ပေါ်စေမည့်အန္တရာယ်ရှိသည်။
>
> – ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် António Guterres[၂၄]

ပြည်သူတို့၏ဆန္ဒသဘောထားကို လွတ်လပ်စွာထုတ်ဖော်ပြသနိုင်ရန် ရွေးကောက်ပွဲများသည် အချိန်ကာလအပိုင်းအခြားအလိုက် ပုံမှန်ကျင်းပခြင်း၊ စစ်မှန်မှုရှိခြင်းနှင့် လူတိုင်းတန်းတူညီမျှ ပါဝင်မဲပေးခွင့်ရှိခြင်းတို့ လိုအပ်သည်ဟု နိုင်ငံတကာစံချိန်စံညွှန်းများက သတ်မှတ်ထားသည်။[၂၅] ထိုသို့ မဲပေးပိုင်ခွင့်ကို ပြည်သူများက အပြည့်အဝ အသုံးချနိုင်ရန်မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ သွားလာခွင့်နှင့် သတင်းရယူခွင့်များအပြင် ခြိမ်းခြောက်အကျပ်ကိုင်မှုများမှကင်းလွတ်ခွင့် စသည့် အခြေခံလွတ်လပ်ခွင့်များ ခိုင်မာအားကောင်းနေရန် လိုအပ်သည်။[၂၆]

---

[၂၄] အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောကြားချက် [ပြောကြားသည့်အတိုင်း]၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.un.org/sg/en/content/sg/statements/2025-10-27/secretary-generals-remarks-the-asean-united-nations-summit-delivered (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၂၅] ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ အပိုဒ် ၂၁။ အာဆီယံ လူ့အခွင့်အရေး ကြေညာစာတမ်း (AHRD)၊ အပိုဒ် ၂၅။

[၂၆] လူ့အခွင့်အရေးကော်မတီ၏ အထွေထွေ မှတ်ချက် ၂၅။

ထို့ပြင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရန်အတွက် နိုင်ငံသားတိုင်းတွင် အစိုးရ၌ပါဝင်နိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိရပါမည်။[၂၇] နိုင်ငံရေးယုံကြည်ချက် သို့မဟုတ် ပါတီစွဲကဲ့သို့သော အကြောင်းပြချက်များဖြင့် ရွေးကောက်ပွဲဝင်ခွင့်နှင့်ပတ်သက်၍ ခွဲခြားဆက်ဆံမှုမရှိစေရ။[၂၈] မဲပေးခြင်းကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်အား သေချာစေမည့် လျှို့ဝှက်မဲပေးစနစ်ဖြင့်ကျင်းပရမည်ဖြစ်ပြီး[၂၉]၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ကြီးကြပ်ရန်နှင့် တရားမျှတ၍ ဘက်လိုက်မှုမရှိဘဲ ကျင်းပနိုင်ရေးသေချာစေရန်အတွက် လွတ်လပ်သော ရွေးကောက်ပွဲ အာဏာပိုင်အဖွဲ့တစ်ခုကိုလည်း ဖွဲ့စည်းထားရှိသင့်သည်။[၃၀]

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီး Dato’ Seri Utama Haji Mohamad bin Haji Hasan က အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဤစံချိန်စံညွှန်းများကိုအတည်ပြုခဲ့ပြီး၊ မြန်မာနိုင်ငံတွင်ကျင်းပမည့် မည်သည့် ရွေးကောက်ပွဲမဆို “လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်လက်ခံနိုင်သော လုပ်ငန်းစဉ် မူဝါဒများနှင့်အညီ” ကျင်းပရမည်ဖြစ်ကြောင်းနှင့် “နိုင်ငံရေးပါတီများနှင့် ပါဝင်ပတ်သက်သူများအားလုံးအကျုံးဝင် ပါဝင်မှုဖြင့် နိုင်ငံတဝန်းလုံးတွင် ကျင်းပသင့်ကြောင်း” ပြောကြားခဲ့သည်။[၃၁] ထို့အတူ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် အာဆီယံခေါင်းဆောင်များသည် ၎င်းတို့၏နောက်ဆုံးထုတ်ပြန်ခဲ့သော ‘ဘုံသဘောတူညီချက် (၅) ရပ် အကောင်အထည်ဖော်မှုဆိုင်ရာ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်’ တွင် မြန်မာနိုင်ငံ၌ “ရွေးကောက်ပွဲများမကျင်းပမီ အကြမ်းဖက်မှုများရပ်တန့်ရေးနှင့် အားလုံးအကျုံးဝင်ပါဝင်နိုင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ရှိရမည်” ဟု ဆုံးဖြတ်ခဲ့ပြီး၊ “လွတ်လပ်၊ တရားမျှတ၊ ငြိမ်းချမ်း၊ ပွင့်လင်းမြင်သာ၊ အားလုံးအကျုံးဝင်ပါဝင်နိုင်ပြီး ယုံကြည်လက်ခံနိုင်သော အထွေထွေရွေးကောက်ပွဲများဖြစ်ရန် အရေးကြီးကြောင်း” ကိုလည်း တိုက်တွန်းခဲ့သည်။[၃၂] သို့သော် စစ်အုပ်စု၏ စီစဉ်ထားသောရွေးကောက်ပွဲများသည် ဤစံချိန်စံညွှန်းများအနက် မည်သည့်အချက်နှင့်မျှ ကိုက်ညီနီးစပ်ခြင်းမရှိပေ။ စစ်အုပ်စု၏ ထိန်းချုပ်နိုင်စွမ်း အကန့်အသတ်ရှိနေခြင်း၊ နိုင်ငံ၏ အစိတ်အပိုင်းအများအပြားကို ဖယ်ထုတ်ချန်လှပ်ထားခြင်း၊ အခြေခံလွတ်လပ်ခွင့်များကို ငြင်းပယ်ထားခြင်းနှင့် ရွေးကောက်ပွဲတွင် ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ကို ဤနေရာတွင် တစ်ခုချင်းစီ အလှည့်ကျ ဆွေးနွေးဖော်ပြသွားပါမည်။

## ၂.၂။ အကန့်အသတ်ရှိသော ထိန်းချုပ်မှု

စစ်အုပ်စု၏ရွေးကောက်ပွဲများသည် နေရာဒေသအားလုံးအကျုံးဝင်မည် မဟုတ်သကဲ့သို့ ဖြစ်လည်းမဖြစ်နိုင်ပါ။ စစ်အုပ်စုကိုယ်တိုင်က ၎င်းတို့သည် နိုင်ငံကိုထိန်းချုပ်မထားနိုင်ကြောင်း ဝန်ခံထားသည့်အတိုင်း မဲပေးခြင်းကို နိုင်ငံတဝန်းလုံးတွင် ကျင်းပနိုင်မည်မဟုတ်ပါ။[၃၃] ခုခံတော်လှန်ရေးနှင့် တော်လှန်ရေးအင်အားစုများ၏ ပေါင်းစည်းကြိုးပမ်းမှုများကြောင့် စစ်အုပ်စု

---

[၂၇] နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICCPR)၊ အပိုဒ် ၂၅။ အာဆီယံ လူ့အခွင့်အရေး ကြေညာစာတမ်း (AHRD)၊ အပိုဒ် ၂၅။

[၂၈] လူ့အခွင့်အရေးကော်မတီ၏ အထွေထွေ မှတ်ချက် ၂၅။

[၂၉] ICCPR၊ အပိုဒ် ၂၅။ AHRD၊ အပိုဒ် ၂၅၊ ၂၆။

[၃၀] လူ့အခွင့်အရေးကော်မတီ၊ အထွေထွေ မှတ်ချက် ၂၅။

[၃၁] မလေးရှား နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံ၊ နေပြည်တော်သို့ အလုပ်သဘောခရီးစဉ် ရလဒ်၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၉ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.kln.gov.my/web/guest/-/outcome-of-the-working-visit-of-the-minister-of-foreign-affairs-to-nay-pyi-taw-myanmar-9-october-2025 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၃၂] အပိုဒ် ၂၆ တွင် ကြည့်ပါ၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့ထုတ် အာဆီယံခေါင်းဆောင်များ၏ ဘုံသဘောတူညီချက် (၅) ရပ် အကောင်အထည်ဖော်မှုဆိုင်ရာ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://asean.org/wp-content/uploads/2025/10/Final-ASEAN-Leaders-Review-Decision-on-the-Implementation-of-5PC-2025_as-adopted.pdf (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၃၃] Reuters သတင်းဌာန၊ စစ်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် ရွေးကောက်ပွဲသည် တစ်နိုင်ငံလုံးအတိုင်းအတာ ဖြစ်လာမည်မဟုတ်ကြောင်း စစ်ခေါင်းဆောင် ဝန်ခံ)၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.reuters.com/world/asia-pacific/myanmar-junta-chief-admits-election-wont-be-nationwide-war-continues-2025-10-15/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

သည် နိုင်ငံကို မည်သည့်အခါကမျှ ထိရောက်စွာ ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပါ။[၄၄] အာဏာသိမ်းရန်ကြိုးပမ်းချိန်မှစ၍ ၎င်းတို့သည် နိုင်ငံ၏နယ်မြေကိုသော်လည်းကောင်း၊ လူထုကိုသော်လည်းကောင်း အပြည့်အဝမထိန်းချုပ်နိုင်ခဲ့ပါ၊ အစိုးရ၏ လုပ်ငန်းဆောင်တာများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်းမရှိသကဲ့သို့ တည်ငြိမ်သော အမြဲတမ်းအုပ်ချုပ်ရေးစနစ်တစ်ခုကို တည်ဆောက်ရန်လည်း မစွမ်းသာပေ။[၄၅]

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ညီနောင်မဟာမိတ်သုံးဖွဲ့ (EAOs) က တရုတ်နိုင်ငံ၏ တိတ်တဆိတ်ထောက်ခံမှုဖြင့် "၁၀၂၇ စစ်ဆင်ရေး" ကို စတင်လိုက်သည့်အခါ စစ်အုပ်စု၏ဆုံးရှုံးမှုနှုန်းမှာ အရှိန်မြင့်တက်လာခဲ့သည်။ ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းအရောက်တွင် အချို့သောသုံးသပ်သူများက စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ ၂၁ ရာခိုင်နှုန်းခန့်ကိုသာ တည်ငြိမ်စွာ ထိန်းချုပ်ထားနိုင်သည်ဟု ခန့်မှန်းခဲ့ကြသည်။[၄၆] တရုတ်နိုင်ငံသည် ၁၀၂၇ စစ်ဆင်ရေး၏ရလဒ်အနေဖြင့် စစ်အုပ်စုသည် လပိုင်းအတွင်း ပြိုလဲသွားနိုင်ခြေရှိသည်ဟု သုံးသပ်ခဲ့သည်ဟုဆိုကြပြီး၊ ဤသည်မှာ တရုတ်နိုင်ငံအနေဖြင့် မျှော်လင့်မထားခဲ့သောရလဒ်တစ်ခု ဖြစ်ပုံရသည်။[၄၇] ထို့ကြောင့် ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ တရုတ်နိုင်ငံသည် စစ်အုပ်စုကို တည်ငြိမ်စေရန်အတွက် သံတမန်ရေးရာ ပံ့ပိုးမှုနှင့် စစ်ဘက်ဆိုင်ရာပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊ ၎င်း၏ဩဇာလွှမ်းမိုးမှုအောက်ရှိ ဆန့်ကျင်ဘက်လက်နက်ကိုင်အဖွဲ့များကို အပစ်အခတ်ရပ်စဲရေးနှင့် နယ်မြေလွှဲပြောင်းပေးအပ်ရေးများပြုလုပ်ရန် ဖိအားပေးခြင်းတို့ဖြင့် ပိုမိုပြင်းထန်စွာ ဝင်ရောက်စွက်ဖက်လာခဲ့သည်။ စစ်အုပ်စုသည် ထိုအချိန်ဝန်းကျင်၌ပင် အစုလိုက်အပြုံလိုက် အဓမ္မစစ်မှုထမ်းစေခြင်းစစ်ဆင်ရေးကို စတင်ခဲ့သည်။

ရွေးကောက်ပွဲမတိုင်မီ ထိန်းချုပ်နယ်မြေချဲ့ထွင်ရန် လိုအပ်ချက်ကြောင့် တွန်းအားပေးခံရမှုနှင့်အတူ ၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှုများသည် စစ်အုပ်စုအား ၎င်း၏တိုက်ခိုက်ရေးစွမ်းရည်ကို တည်ဆောက်ရန်၊ တန်ပြန်ထိုးစစ်များ တိုးမြှင့်ဆင်နွှဲရန်နှင့် ဆုံးရှုံးသွားသောနယ်မြေအချို့[၄၈]ကို ပြန်လည်သိမ်းယူရန် အထောက်အကူ ဖြစ်စေခဲ့သည်။ လက်ရှိသုံးသပ်ချက်များအရ စစ်အုပ်စု၏ထိန်းချုပ်မှုသည် မြန်မာနိုင်ငံနယ်မြေဧရိယာ၏ ၄၀ ရာခိုင်နှုန်းအောက်တွင်သာရှိသည်။[၄၉] ရွေးကောက်ပွဲနှင့်ဆက်စပ်သောထိုးစစ်များသည် အဓမ္မစစ်မှုထမ်းခိုင်းထားသူများ၊ ခိုင်မာမှုမရှိသောထောက်ပံ့ပို့ဆောင်ရေး၊ ရေရှည်မခံနိုင်သောစစ်ဆင်ရေးများ[၅၀]နှင့် မဲရုံဧရိယာများကို လုံခြုံရေးယူပေးရန်အတွက် တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် ဒေသခံပြည်သူ့စစ်အဖွဲ့များနှင့် သဘောတူညီမှုရယူခြင်းတို့အပေါ်တွင်သာ အဓိက မှီခိုအားထားနေရသည်။[၅၁]

---

[၄၄] SAC-M၊ ရှင်းလင်းတင်ပြချက် စာတမ်း - မြန်မာနိုင်ငံအတွင်း ထိရောက်သော ထိန်းချုပ်မှု၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://specialadvisorycouncil.org/2022/09/briefing-effective-control-myanmar/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၄၅] SAC-M၊ ရှင်းလင်းတင်ပြချက် စာတမ်း - မြန်မာနိုင်ငံအတွင်း ထိရောက်သော ထိန်းချုပ်မှု ၂၀၂၄ မွမ်းမံချက်၊ ၂၀၂၄ ခုနှစ် မေလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://specialadvisorycouncil.org/2024/05/briefing-paper-effective-control-in-myanmar-2024-update/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၄၆] ကမ္ဘာလုံးဆိုင်ရာ ပဋိပက္ခ စောင့်ကြည့်လေ့လာရေး မြန်မာနိုင်ငံ ပြည်တွင်းစစ်၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ မွမ်းမံချက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.cfr.org/global-conflict-tracker/conflict/rohingya-crisis-myanmar (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။ BBC သတင်းဌာန၊ မြန်မာနိုင်ငံမှ စစ်ဘက်သူလျှိုများက ဒီမိုကရေစီလိုလားသော သူပုန်များ အရေးပါသည့် အောင်ပွဲများရရှိရန် ကူညီပေးနေ၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.bbc.com/news/articles/c390ndrny17o (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၄၇] နိုင်ငံတကာ ပဋိပက္ခ လေ့လာစောင့်ကြည့်ရေးအဖွဲ့၊ မြန်မာ့ အန္တရာယ်ရှိသော လွင့်မျောမှု - ပဋိပက္ခ၊ ရွေးကောက်ပွဲများနှင့် ဆိုက်ရောက်လာတော့မည့် ဒေသတွင်း တင်းမာမှုလျော့ချရေး)၊ ၂၀၂၅ ခုနှစ် ဇူလိုင်လ၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.crisisgroup.org/asia/south-east-asia/myanmar/b184-myanmars-dangerous-drift-conflict-elections-and-looming-regional-detente (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၄၈] နိုင်ငံတကာ ပဋိပက္ခ လေ့လာစောင့်ကြည့်ရေးအဖွဲ့၊ မြန်မာ့ အန္တရာယ်ရှိသော လွင့်မျောမှု - ပဋိပက္ခ၊ ရွေးကောက်ပွဲများနှင့် ဆိုက်ရောက်လာတော့မည့် ဒေသတွင်း တင်းမာမှုလျော့ချရေး)။

[၄၉] စစ်ဆင်ရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုနှင့် သုတေသနစင်တာ (COAR)၊ ပါဝင်ပတ်သက်သူများနှင့် ထိန်းချုပ်မှုစောင့်ကြည့်လေ့လာရေး - မြန်မာ၊ ကြည့်ရှုနိုင်သည့်နေရာ - https://coar-global.org/actors-and-control-tracker (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၅၀] Anthony Davis၊ Asia Times သတင်းဌာန၊ ရွေးကောက်ပွဲအတွက်လမ်းရှင်းရန် မြန်မာစစ်တပ် အရှိန်မြှင့်တင်နေ၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://asiatimes.com/2025/09/myanmar-military-surging-to-clear-a-path-to-elections/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၅၁] ထွန်းအောင်ရွှေ၊ The Diplomat သတင်းဌာန၊ ငွေလိမ်ဂိုဏ်းစင်တာများမှ မုသားဂါဒီနိုင်ငံဆီသို့ - မြန်မာ့ အတုအယောင် ရွေးကောက်ပွဲဆီသို့ ဦးတည်နေသောလမ်း၊ ၂၀၂၅

စစ်အုပ်စုသည် အင်အား ဖြန့်ကျက်ထားရလွန်းသည့်အခြေအနေတွင် ဆက်လက်ရှိနေပြီး မဟာဗျူဟာကျသောနယ်မြေများကို ဆက်လက် ဆုံးရှုံးနေရဆဲဖြစ်သည်။[၆၂]

> **စစ်ကောင်စီသည် ဤရွေးကောက်ပွဲကိုအသုံးချပြီး အတုအယောင်တရားဝင်မှုကို ဖန်တီးယူရန် ကြိုးပမ်းဖွယ်ရှိသည်။ သို့သော် ဤနည်းလမ်းသည် တိုင်းပြည်လူထုအများစုအတွက် တည်ငြိမ်မှုနှင့်လုံခြုံမှုကို ပေးစွမ်းနိုင်လိမ့်မည်မဟုတ်ပေ။ ထို့ပြင် စစ်ကောင်စီသည် ဤရွေးကောက်ပွဲဟုအမည်ခံထားသည့်လုပ်ရပ်ကို ဗန်းပြကာ ပြည်သူလူထုအပေါ် ပစ်မှတ်ထား လေကြောင်းတိုက်ခိုက်မှုများကို ပိုမိုတိုးမြှင့် လုပ်ဆောင်လျက်ရှိသည်။**
>
> – ဖြေဆိုသူ

ဤအခြေအနေတွင် စစ်အုပ်စုခန့်အပ်ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) သည် ရွေးကောက်ပွဲ မဲပေးခြင်းကို အဆင့်သုံးဆင့်ဖြင့်ကျင်းပမည်ဟု ကြေညာခဲ့သည်။ မဲပေးစဉ်အတွင်း ရွေးချယ်ထားသောဒေသများ၌ လုံခြုံရေးတပ်ဖွဲ့များကို စုစည်းချထားနိုင်ရန်အတွက် ယခင် စစ်အုပ်စုအဆက်ဆက်က ဤနည်းလမ်းကို အသုံးပြုခဲ့ဖူးသည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားသော ပထမအဆင့်တွင် ရန်ကုန်နှင့် နေပြည်တော်ကဲ့သို့သော စစ်အုပ်စုထိန်းချုပ်နယ်မြေများ အဓိကပါဝင်သည့် မြို့နယ် ၁၀၂ ခု၌ မဲပေးခြင်းကို ပြုလုပ်မည်ဖြစ်သည်။[၆၃] ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားသော ဒုတိယအဆင့်တွင် နောက်ထပ် မြို့နယ် ၁၀၀ ၌ မဲပေးခြင်း ပြုလုပ်မည်ဟု UEC က ပြောဆိုထားသော်လည်း၊[၆၄] ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ မြို့နယ် ၇၂ ခုတွင် မဲပေးခြင်းနှင့်ပတ်သက်၍ ကြေညာခြင်းမရှိသေးပေ။[၆၅] မဲစာရင်းများသည် ၂၀၂၄ ခုနှစ်တွင် စစ်အုပ်စုက တစ်စိတ်တစ်ပိုင်းသာကောက်ယူထားသည့် သန်းခေါင်စာရင်းအပေါ် အခြေခံထားပြီး၊ အဆိုပါသန်းခေါင်စာရင်း ကောက်ယူမှုသည် မြို့နယ် ၁၄၅ ခုတွင်သာ အပြည့်အဝအကျုံးဝင်ပြီး၊ မြို့နယ် ၁၂၇ ခုတွင် တစ်စိတ်တစ်ပိုင်းသာ အကျုံးဝင်နိုင်ခဲ့သည်ဟု စစ်အုပ်စုကဆိုသည်။ ၎င်းသည် လူဦးရေ၏ သုံးပုံတစ်ပုံခန့် ဖြစ်သော အနည်းဆုံး ခန့်မှန်းခြေ လူဦးရေ ၁၉ သန်းကို စာရင်းမကောက်ယူနိုင်ဘဲ ချန်လှပ်ထားခဲ့သည်။[၆၆]

---

ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://thediplomat.com/2025/09/from-scam-centers-to-scam-state-the-road-to-myanmars-scam-election/ (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၆၂] နိုင်ငံတကာ ပဋိပက္ခ လေ့လာစောင့်ကြည့်ရေးအဖွဲ့၊ မြန်မာ့အန္တရာယ်ရှိသော လွင့်မျောမှု - ပဋိပက္ခ၊ ရွေးကောက်ပွဲများနှင့် ဆိုက်ရောက်လာတော့မည့် ဒေသတွင်း တင်းမာမှု လျှော့ချရေး)။


[၆၃] မြို့နယ်သည် မြန်မာ့အုပ်ချုပ်ရေးဖွဲ့စည်းပုံတွင် အဓိကကျသော အုပ်ချုပ်ရေးယူနစ် (administrative unit) ဖြစ်သည်။

[၆၄] ရွှန်းနိုင်၊ Reuters သတင်းဌာန၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၌ ဒုတိယအဆင့် ရွေးကောက်ပွဲ ကျင်းပမည်၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.reuters.com/world/asia-pacific/myanmar-hold-second-phase-election-january-2025-10-29/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။


[၆၅] ကြေညာချက်အမှတ် ၁၀၃/၂၀၂၅၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.gnlm.com.mm/republic-of-the-union-of-myanmar-union-election-commission-announcement-103-2025 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၆၆] လွတ်လပ်သော ရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL)၊ မြန်မာစစ်အုပ်စု၏ စီစဉ်ထားသောရွေးကောက်ပွဲများ - ဒီမိုကရေစီနည်းကျ တရားဝင်မှု စံချိန်မမီခြင်း)၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://anfrel.org/myanmar-juntas-planned-elections-falling-short-of-democratic-legitimacy/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ် စုစုပေါင်း။





မြန်မာစစ်အုပ်စုက ကျင်းပရန် စီစဉ်ထားသော ၂၀၂၅-၂၆ ခုနှစ် ရွေးကောက်ပွဲများ။




Myanmar Resilience Initiatives (MRI) နှင့် ပူးပေါင်း၍ SAC-M က ပြုစုထုတ်ဝေခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် စစ်အုပ်စုက ကောက်ယူခဲ့သော သန်းခေါင်စာရင်းဆိုင်ရာအဆိုများကို ဆန်းစစ်သုံးသပ်ခြင်း။





MRI နှင့် ပူးပေါင်း၍ SAC-M က ပြုစုထုတ်ဝေခြင်းဖြစ်သည်။

## ၂.၃။ အခြေခံ လွတ်လပ်ခွင့်များ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် လွတ်လပ်မှုအနည်းဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံအဖြစ် သတ်မှတ်ခံထားရသည်။[၆၇] ပဋိပက္ခနှင့် ဆက်စပ်သောအကြမ်းဖက်မှု အလွန်အမင်းမြင့်မားနေခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း၊ အစုလိုက်အပြုံလိုက်နေရပ်စွန့်ခွာထွက်ပြေးရခြင်းနှင့် စစ်အုပ်စုက ဥပဒေနှင့် တရားစီရင်ရေးစနစ်များကို လက်နက်သဖွယ် အသုံးပြုနေခြင်းတို့သည် မဲပေးရန်ဖြစ်နိုင်ခြေရှိသောဒေသများ၌ပင် မဲပေးပိုင်ခွင့်ကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် လိုအပ်သောအခြေအနေများ လုံးဝမရှိကြောင်း ဖော်ပြနေပါသည်။

### ၂.၃.၁။ ပဋိပက္ခနှင့်ဆက်စပ်သော အကြမ်းဖက်မှု

လက်နက်ကိုင်ပဋိပက္ခတည်နေရာနှင့် ဖြစ်စဉ်အချက်အလက်များ (ACLED) အရ ၂၀၂၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးပဋိပက္ခဖြစ်ပွားနေသည့် ထိပ်တန်းနိုင်ငံသုံးနိုင်ငံစာရင်း၌ ပါဝင်နေခဲ့ပါသည်။[၆၈] အရပ်သားများနှင့် အရပ်ဘက်အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားခြင်းသည် မြန်မာစစ်တပ်အတွက် ပုံမှန် လုပ်ရိုးလုပ်စဉ်တစ်ခု ဖြစ်သည်။ မင်းအောင်လှိုင်လက်အောက်တွင် စစ်တပ်၏တိုက်ခိုက်မှုများသည် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုဖြစ်နိုင်ခြေရှိသည်ဟု ၂၀၂၁ ခုနှစ်မတိုင်မီကပင် တွေ့ရှိခဲ့ရပြီး၊[၆၉] ယင်းက နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC) ၏ တရားလိုရှေ့နေအား မင်းအောင်လှိုင်ကိုဖမ်းဆီးရန် ဝရမ်းထုတ်ပေးရေး ကြိုးပမ်းရန် တွန်းအားဖြစ်စေခဲ့ပါသည်။[၇၀]




MRI နှင့် ပူးပေါင်း၍ SAC-M က ပြုစုထုတ်ဝေခြင်းဖြစ်သည်။ အချက်အလက်ရင်းမြစ် - MRI

---

[၆၇] Freedom House၊ ကမ္ဘာ့လွတ်လပ်မှုအခြေအနေ - မြန်မာ၊ ကြည့်ရှုနိုင်သည့်နေရာ - https://freedomhouse.org/country/myanmar (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၆၈] ACLED၊ ပဋိပက္ခညွှန်းကိန်း ရလဒ်များ - ၂၀၂၃ ဇူလိုင်)၊ ကြည့်ရှုနိုင်သည့်နေရာ - https://acleddata.com/report/conflict-index-results-july-2023 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။ ACLED၊ ပဋိပက္ခညွှန်းကိန်း ရလဒ်များ - ၂၀၂၄ ဇန်နဝါရီ)၊ ကြည့်ရှုနိုင်သည့်နေရာ - https://acleddata.com/report/conflict-index-results-january-2024 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။ ACLED၊ ပဋိပက္ခညွှန်းကိန်း ရလဒ်များ - ၂၀၂၄ ဇူလိုင်၊ ကြည့်ရှုနိုင်သည့်နေရာ - https://acleddata.com/report/conflict-index-results-july-2024 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၆၉] ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)၊ မြန်မာ - ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင် စစ်တပ်က ကျူးလွန်ခဲ့သော ကြီးမားသည့် ချိုးဖောက်မှုများဆိုင်ရာ အပြည့်အစုံဖော်ပြချက်ကို ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်က ထုတ်ပြန်)၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.ohchr.org/en/press-releases/2018/09/myanmar-un-fact-finding-mission-releases-its-full-account-massive-violations (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၇၀] နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC)၊ ဘင်္ဂလားဒေ့ရှ်/မြန်မာ အခြေအနေနှင့်ပတ်သက်၍ ဖမ်းဝရမ်းထုတ်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ ICC တရားလိုရှေ့နေ Karim A.A. Khan KC ၏ ထုတ်ပြန်ကြေညာချက်)၊ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.icc-cpi.int/news/statement-icc-prosecutor-karim-aa-khan-kc-application-arrest-warrant-situation-bangladesh (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက်ပိုင်းတွင်၊ ကြီးထွားလာသောခုခံတော်လှန်မှုများနှင့် နယ်မြေဆုံးရှုံးမှုများကို တုံ့ပြန်သည့်အနေဖြင့် စစ်အုပ်စုသည် ခွဲခြားဆင်ခြင်မှုမရှိသောတိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်လာခဲ့သည်။ စစ်တပ်သည် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဖြင့် ဆက်လက်ကျူးလွန်နေကြပြီး၊ နိုင်ငံရေးအရထုတ်ဖော်ပြောဆိုခြင်း၊ အသင်းအဖွဲ့ ဖွဲ့စည်းခြင်း သို့မဟုတ်စည်းရုံးလှုံ့ဆော်ခြင်း မည်သည့်ပုံစံမဆိုသည် အသက်အန္တရာယ်နှင့်ရင်းရသည့် အကြမ်းဖက်မှုများကို ရင်ဆိုင်ရမည့်အခြေအနေတွင် ရှိနေပါသည်။ တော်လှန်ရေးကိုထောက်ခံသည်ဟုယူဆရသူများသည် မတရား ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ ပျောက်ဆုံးသွားခြင်းနှင့် တရားလက်လွတ် သတ်ဖြတ်ခံရခြင်းများကို ခံနေကြရသည်။ ထို့ပြင် တော်လှန်ရေးအင်အားစုများကို စာနာထောက်ခံသည်ဟု သံသယရှိခံရသော လူထုအသိုင်းအဝိုင်းတစ်ခုလုံးသည် ပြစ်ဒဏ်ခတ်ခံရသည့်အနေဖြင့် လေကြောင်းနှင့် လက်နက်ကြီးဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းနှင့် အစုလိုက်အပြုံလိုက်မီးရှို့ဖျက်ဆီးခြင်းများဖြင့် ပစ်မှတ်ထား ခံနေရသည်။[၅၁] ဤစစ်ဆင်ရေးများသည် မြို့များစွာအားလုံးလုံးလျားလျားပျက်စီးစေခဲ့ပြီး အရပ်သားများ ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်သေဆုံးမှုများကို ဖြစ်ပေါ်စေခဲ့သည်။[၅၂]

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား (IIMM) သည် စစ်တပ်နှင့် ၎င်း၏လက်အောက်ခံပြည်သူ့စစ်များကျူးလွန်သော ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာသက်သေအထောက်အထားများ အဆမတန်တိုးပွားလာနေကြောင်း အစီရင်ခံခဲ့ပြီး၊ အာဏာသိမ်းရန်ကြိုးပမ်းချိန်မှစ၍ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုများ၏ အကြိမ်အရေအတွက်နှင့် ပြင်းထန်မှုနှစ်ရပ်စလုံးသည် တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်ပြင်းထန်မြင့်တက်လာကြောင်း မှတ်ချက်ပြုခဲ့သည်။ မကြာသေးမီက၊ အချို့သော တော်လှန်ရေးအင်အားစုများသည်လည်း ငြိစွန်းမှုရှိနေကြောင်းတွေ့ရှိရသည်။[၅၃] လွတ်လပ်စွာ ဝင်ရောက်ခွင့်မရှိခြင်း၊ လွတ်လပ်သောမီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်းများအပေါ် စစ်တပ်ကတိုက်ခိုက်ခြင်း၊ အင်တာနက်နှင့် ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခြင်းတို့ကြောင့် ထိခိုက်သေဆုံးမှုဆိုင်ရာ တိကျသောအချက်အလက်များကို စုဆောင်းရန်မှာ အလွန်တရာစိန်ခေါ်မှုကြီးလှသည်။ အသုံးပြုသော အတည်ပြုသည့်နည်းလမ်းပေါ်မူတည်၍ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ မှတ်တမ်းတင်ထားသော အရပ်သားသေဆုံးသူဦးရေသည် အနည်းဆုံး ၆,၀၀၀[၅၄] မှ ၉,၅၀၀[၅၅] ကြား ရှိသော်လည်း၊ ဤကိန်းဂဏန်းများသည် မြေပြင်အခြေအနေထက် ဧကန်မုချပင် လျော့နည်းနေသည်။ ACLED သည် ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ပဋိပက္ခနှင့်ဆက်စပ်သော သေဆုံးသူစုစုပေါင်း ၁၉,၈၄၇ ဦးကို မှတ်တမ်းတင်ခဲ့ရာ၊ ယင်းနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝန်း၌ တတိယမြောက်သေဆုံးမှုအများဆုံး ပဋိပက္ခဖြစ်လာခဲ့သည်။[၅၆]

---

[၅၁] လွတ်လပ်တဲ့အာရှအသံ (RFA) မြန်မာပိုင်း၊ လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှုများကြောင့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အရပ်သား သေဆုံးမှု စံချိန်တင် မြင့်တက်)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.rfa.org/english/myanmar/2024/12/31/myanmar-year-of-airstrikes/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၅၂] Freedom House၊ ကမ္ဘာ့လွတ်လပ်မှုအခြေအနေ - မြန်မာ၊ ကြည့်ရှုနိုင်သည့်နေရာ - https://freedomhouse.org/country/myanmar (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၅၃] ACLED၊ ပဋိပက္ခညွှန်းကိန်း ရလဒ်များ - ၂၀၂၃ ဇူလိုင်)၊ ကြည့်ရှုနိုင်သည့်နေရာ - https://acleddata.com/report/conflict-index-results-july-2023 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။ ACLED၊ ပဋိပက္ခညွှန်းကိန်း ရလဒ်များ - ၂၀၂၄ ဇန်နဝါရီ)၊ ကြည့်ရှုနိုင်သည့်နေရာ - https://acleddata.com/report/conflict-index-results-january-2024 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။ ACLED၊ ပဋိပက္ခညွှန်းကိန်း ရလဒ်များ - ၂၀၂၄ ဇူလိုင်၊ ကြည့်ရှုနိုင်သည့်နေရာ - https://acleddata.com/report/conflict-index-results-july-2024 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၅၄] ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)၊ မြန်မာ - ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင် စစ်တပ်က ကျူးလွန်ခဲ့သော ကြီးမားသည့် ချိုးဖောက်မှုများဆိုင်ရာ အပြည့်အစုံဖော်ပြချက်ကို ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်က ထုတ်ပြန်)၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.ohchr.org/en/press-releases/2018/09/myanmar-un-fact-finding-mission-releases-its-full-account-massive-violations (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၅၅] နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC)၊ ဘင်္ဂလားဒေ့ရှ်/မြန်မာ အခြေအနေနှင့်ပတ်သက်၍ ဖမ်းဝရမ်းထုတ်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ ICC တရားလိုရှေ့နေ Karim A.A. Khan KC ၏ ထုတ်ပြန်ကြေညာချက်)၊ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.icc-cpi.int/news/statement-icc-prosecutor-karim-aa-khan-kc-application-arrest-warrant-situation-bangladesh (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၅၆] လွတ်လပ်တဲ့အာရှအသံ (RFA) မြန်မာပိုင်း၊ လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှုများကြောင့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အရပ်သား သေဆုံးမှု စံချိန်တင် မြင့်တက်)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.rfa.org/english/myanmar/2024/12/31/myanmar-year-of-airstrikes/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

> **စစ်တပ်အတွက်မူ၊ [ရွေးကောက်ပွဲမှရရှိလာမည့်] ဤတရားဝင်မှုသည် ၎င်းတို့ ကျူးလွန်ခဲ့သော သတ်ဖြတ်မှုများအတွက် တာဝန်ယူ/ခံရခြင်းမှ ကင်းလွတ်ခွင့်ရစေမည့် အခွင့်အရေးတစ်ခု ဖြစ်လာမည့်အပြင်၊ အနာဂတ်တွင် ဆက်လက် သတ်ဖြတ်နိုင်ရန် လိုင်စင်ရလိုက်သကဲ့သို့ ဖြစ်လာပါလိမ့်မည်။**
>
> – ဖြေဆိုသူ

ပဋိပက္ခသည် လျော့နည်းသွားခြင်းမရှိဘဲ ပိုမိုပြင်းထန်ဆိုးရွားလာနေသည်။ စီစဉ်ထားသည့်ရွေးကောက်ပွဲများသည် စစ်တပ်မှ အရပ်သားများအပေါ် ပစ်မှတ်ထားသောစစ်ဆင်ရေးများနှင့် အကြမ်းဖက်မှုများကို ပိုမိုအရှိန်မြှင့်လုပ်ဆောင်စေသည်။ ထိုတိုက်ခိုက်မှုများတွင် လေယာဉ်၊ ဒရုန်းနှင့် ပါရာမော်တာများအသုံးပြုသည့် လေကြောင်းတိုက်ခိုက်မှုများလည်း ပါဝင်သည်။ ၂၀၂၄ ခုနှစ်သည် လက်ရှိအချိန်ထိ အသေအပျောက်အများဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ယင်းနှစ်အတွင်း စစ်တပ်၏ လေကြောင်းနှင့် လက်နက်ကြီး တိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်သေဆုံးမှုအရေအတွက်သည် လွန်ခဲ့သော (၃) နှစ်စာ ပေါင်းစုထားသည်ထက်ပင် ကျော်လွန်ခဲ့သည်။[၅၇] ဤနှုန်းထားသည် ၂၀၂၅ ခုနှစ်၊ နှစ်လယ်ပိုင်းအထိ လျော့ကျသွားခြင်းမရှိဘဲ ဆက်လက်မြင့်မားနေဆဲဖြစ်သည်။[၅၈] ၂၀၂၅ ခုနှစ်၊ နှစ်လယ်ပိုင်းမှစ၍ စစ်ကောင်စီသည် ကုန်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ရှိ မြို့များတွင် ရွေးကောက်ပွဲကျင်းပနိုင်ရန် လုံလောက်သည့်နယ်မြေစိုးမိုးမှု ပြန်လည်ရရှိရေးကို အတိအလင်းရည်မှန်းကာ၊ ၎င်းတို့၏စစ်ရေးထိုးစစ်များကို ပိုမိုအရှိန်မြှင့်လုပ်ဆောင်လာခဲ့သည်။[၅၉] ထို့ကြောင့် ဤရွေးကောက်ပွဲသည် အကြမ်းဖက်မှုများကို ပိုမိုမြင့်တက်စေသည့် တိုက်ရိုက်တွန်းအား တစ်ရပ် ဖြစ်နေပြီဖြစ်သည်။ ထို့ပြင် ပြည်သူများမဲပေးပွဲတွင် မဖြစ်မနေပါဝင်လာစေရန် ဖိအားပေးခြင်းနှင့် အတိုက်အခံဟု ယူဆရသူများကို အပြစ်ပေးခြိမ်းခြောက်ခြင်းတို့ ပြုလုပ်ရာတွင် အကြမ်းဖက်နည်းလမ်းများကိုပင် ဆက်လက်အသုံးချလာနိုင်ခြေအလွန်များသည်။ ဤကဲ့သို့သော အခြေအနေဆိုးများအောက်တွင် မဲပေးပိုင်ခွင့်ကို လွတ်လပ်စွာနှင့် အနှစ်သာရရှိစွာ ကျင့်သုံးနိုင်မည်မဟုတ်ပေ။

## ၂.၃.၂။ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း

မြန်မာနိုင်ငံသည် ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်း ကြုံတွေ့နေရသည့် နိုင်ငံများထဲတွင် ပါဝင်သည်။[၆၀] ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် ကုလသမဂ္ဂ၏ခန့်မှန်းချက်များအရ မြန်မာနိုင်ငံတဝန်းတွင် လူဦးရေ ၃.၆

[၅၇] မြန်မာ့ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာမှု (Myanmar Peace Monitor)၊ လက်ရှိအခြေအနေပြဇယား - မြန်မာနိုင်ငံအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ)၊ ကြည့်ရှုနိုင်သည့်နေရာ - https://mmpeacemonitor.org/en/ongoing-dashboard/military-regimes-airstrikes-in-myanmar-1-feb-2021-current/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၅၈] မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်ရေးအဖွဲ့ (Myanmar Peace Monitor)၊ လက်ရှိအခြေအနေပြဇယား - မြန်မာနိုင်ငံအတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ။

[၅၉] Anthony Davis၊ ရွေးကောက်ပွဲအတွက် လမ်းရှင်းရန် မြန်မာစစ်တပ် အရှိန်မြှင့်တင်နေ။

[၆၀] Assessment Capacities Project (acaps)၊ Inform ပြင်းထန်မှုညွှန်းကိန်း၊ ကြည့်ရှုနိုင်သည့်နေရာ - https://view.officeapps.live.com/op/view.aspx?src=https%3A%2F%2Fwww.acaps.org%2Ffileadmin%2FDataset%2FData_Link%2F202509_inform_severity_-_september_2025.xlsx&wdOrigin=BROWSELINK (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၆၁] ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA)၊ မြန်မာ - လူသားချင်းစာနာမှုဆိုင်ရာ နောက်ဆုံးရအခြေအနေ အမှတ် ၄၉၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၃ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.unocha.org/publications/report/myanmar/myanmar-humanitarian-update-no-49-23-september-2025 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

သန်း နေရပ်စွန့်ခွာထွက်ပြေးနေရပြီး၊ လူဦးရေ ၁၉.၉ သန်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများလိုအပ်နေသည်။[၆၁] သို့သော် ရပ်ရွာအခြေပြုသတင်းရင်းမြစ်များကမူ မြေပြင်လက်တွေ့ ကိန်းဂဏန်းများသည် ထိုပမာဏထက် သိသိသာသာ ပိုမိုမြင့်မားကြောင်း ထောက်ပြကြသည်။

ဤမျှကြီးမားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းဖြစ်ပေါ်လာရခြင်းသည် စစ်အုပ်စု၏ အာဏာဖီဆန်မှု နှိမ်နင်းရေးမဟာဗျူဟာ (Counter-insurgency strategy) ၏ တိုက်ရိုက်သက်ရောက်သော ရည်ရွယ်ချက်ရှိရှိဖန်တီးထားသော ရလဒ်တစ်ခုဖြစ်ပါသည်။ ၎င်းမဟာဗျူဟာတွင် အရပ်သားများနှင့် အရပ်ဘက် အခြေခံအဆောက်အအုံများကို တမင်သက်သက် ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် အသက်မွေးဝမ်းကျောင်းနည်းလမ်းများကို ဖျက်ဆီးခြင်းတို့ပါဝင်ပြီး၊ တော်လှန်ရေးအင်အားစုများကို ထောက်ခံသည်ဟု ယူဆရသောလူထုအသိုင်းအဝိုင်းများကို အပြစ်ပေးရန်နှင့် အင်အားချိနဲ့စေရန် ရည်ရွယ်လျက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဝင်ရောက်ခွင့်ကို ပိတ်ပင်တားဆီးခြင်းများလည်းပါဝင်သည်။

စစ်အုပ်စုသည် ဤမဟာဗျူဟာကိုအထောက်အကူပြုစေရန် သဘာဝဘေးအန္တရာယ်များကို လက်နက်သဖွယ် ထပ်ခါတလဲလဲ အသုံးပြုခဲ့သည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ်တွင် ဆိုင်ကလုန်းမုန်တိုင်း မိုခါ၊[၆၂] ၂၀၂၄ ခုနှစ်တွင် ဆိုင်ကလုန်းမုန်တိုင်း ရာဂီ[၆၃] နှင့် ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဖြစ်ပွားခဲ့သော အပျက်အစီးများလှသည့်ငလျင်ဒဏ်များ အပါအဝင်ဖြစ်ပြီး၊ အဆိုပါငလျင်ကြောင့် တစ်ညတည်းဖြင့် နောက်ထပ်လူဦးရေနှစ်သန်းကို လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များရှိလာစေခဲ့သည်။ ထိုကဲ့သို့သော အခြေအနေများတွင်ပင် စစ်တပ်သည် အပစ်အခတ်ရပ်စဲရေး ကြေညာထားသော်လည်း ဘေးသင့်ဒေသများ၌ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်ခဲ့ပြီး၊ လိုအပ်နေသူများထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ မရောက်ရှိနိုင်အောင် တားဆီးပိတ်ပင်ခဲ့သည်။[၆၄]

အစားအစာ၊ ရေ၊ နေစရာ၊ ဆေးဝါးနှင့် လုံခြုံရေးဆိုင်ရာအခွင့်အရေးများသည် အခြေခံလွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် မရှိမဖြစ် ဖြစ်ပြီး၊ ဆက်စပ်မည်ဆိုလျှင် ယင်းအခွင့်အရေးများသည် မဲပေးပိုင်ခွင့်အတွက်လည်းအရေးပါသည်။ ပြည်သူများသည် အခြေခံလိုအပ်ချက်များကို လက်လှမ်းမမီသောအခါ သို့မဟုတ် အကြမ်းဖက်မှုနှင့်နေရပ်စွန့်ခွာရမည့် ခြိမ်းခြောက်မှုအောက်တွင် နေထိုင်ရသောအခါ မဲပေးပိုင်ခွင့်ကို အနှစ်သာရရှိစွာ ကျင့်သုံးနိုင်မည်မဟုတ်ပေ။ ထို့အပြင် စစ်တပ်သည် လူထုတစ်ရပ်လုံးကို စုပေါင်းသိမ်းကြုံးပြစ်ဒဏ်ပေးသည့် (collective punishment) နည်းလမ်းအဖြစ် အကူအညီပေးရေးလမ်းကြောင်းများကို ပိတ်ဆို့လေ့ရှိကြောင်း အထောက်အထားခိုင်လုံစွာ မှတ်တမ်းတင်တွေ့ရှိထားပြီး ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူများက ၎င်းတို့၏ဆန္ဒမပါဘဲ ရွေးကောက်ပွဲတွင်ပါဝင်လာစေရန် အကျပ်ကိုင်သည့်အနေဖြင့် စစ်ကောင်စီက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ထိန်းချုပ်ဖြတ်တောက်လာနိုင်သည့်အန္တရာယ်မှာ အလွန်ကြီးမားနေသည်။

---

[၆၂] လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ (Human Rights Watch)၊ မြန်မာ - အသက်ကယ်ဆယ်ရေး မုန်တိုင်းအကူအညီများကို စစ်အုပ်စု ပိတ်ပင်)၊ ၂၀၂၃ ခုနှစ် ဇွန်လ ၂၀ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.hrw.org/news/2023/06/20/myanmar-junta-blocks-lifesaving-cyclone-aid (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၆၃] SAC-M၊ တိုင်ဖွန်း ရာဂီအား နိုင်ငံတကာ နယ်စပ်ဖြတ်ကျော် တုန့်ပြန်ဆောင်ရွက်မှုဖြင့် အရေးပေါ်ဖြေရှင်းရန် လိုအပ်သည်။)၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၇ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://specialadvisorycouncil.org/2024/09/international-cross-border-response-typhoon-yagi/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၆၄] OHCHR၊ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ A/HRC/60/20)။

## ၂.၃.၃။ ဥပဒေရေးရာမူဘောင်

စစ်အုပ်စုသည် တရားဝင်အုပ်ချုပ်ရေး သို့မဟုတ် ဥပဒေပြုရေးအာဏာ တစ်စုံတစ်ရာမရှိသော်လည်း၊ အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ ၎င်းတို့ထိန်းချုပ်ထားသောနယ်မြေအတွင်း ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးမဏ္ဍိုင်ကိုချုပ်ကိုင်ကာ၊ သဘောထားကွဲလွဲဆန့်ကျင်သူများကို နှုတ်ပိတ်ရန်နှင့် နိုင်ငံရေးအတိုက်အခံများကို ဖယ်ရှားရှင်းလင်းရန်အတွက် မြန်မာနိုင်ငံ၏ ရှိရင်းစွဲဖိနှိပ်ချုပ်ချယ်သောဥပဒေစနစ်ကို စနစ်တကျ လက်နက်သဖွယ်အသုံးပြုလျက်ရှိသည်။ ထို့ပြင် ငြိမ်းချမ်းစွာခုခံတော်လှန်မှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ရန်၊ နိုင်ငံရေးလှုပ်ရှားမှုကိုကန့်သတ်ရန်နှင့် ဝေဖန်မှုများကို အပြစ်ပေးရန်အတွက် ဥပဒေများကို တိုးချဲ့ပြင်ဆင်ကြေညာခဲ့သည်။[၆၅]

တော်လှန်ရေးအင်အားစုများကို အကြမ်းဖက်သမားများနှင့် မတရားအသင်းများအဖြစ် သတ်မှတ်ခဲ့ပြီး၊ ၎င်းတို့ကို ထောက်ခံသည်ဟုယူဆရသူ သို့မဟုတ် ဆက်သွယ်သူမည်သူကိုမဆို တရားစွဲဆိုရန်အတွက် ပြင်းထန်သော ပြစ်ဒဏ်များပါရှိသည့် ကျယ်ပြန့်ပြီး တိကျမှုမရှိသော ဥပဒေပြဋ္ဌာန်းချက်များကို အသုံးပြုလျက်ရှိသည်။ ပိတ်ပင်မှုများနှင့် ဆင်ဆာဖြတ်တောက်မှုများက မီဒီယာနှင့် အွန်လိုင်းထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားပြီး၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ မှတ်ပုံတင်ရန်လိုအပ်ချက်များနှင့် မတရားဖမ်းဆီးခြင်းများမှတဆင့် ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်၊ သွားလာခွင့်နှင့် အသင်းအဖွဲ့စည်းခွင့်တို့ကို ပြင်းပြင်းထန်ထန် ကန့်သတ်ချုပ်ချယ်ထားသည်။[၆၆] အာဏာသိမ်းချိန်မှစ၍ စစ်အုပ်စုသည် သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် လူဦးရေ ၃၀,၀၀၀ နီးပါးကို နိုင်ငံရေးအကြောင်းပြချက်များဖြင့် ဖမ်းဆီးခဲ့ပြီး၊ ၂၂,၆၀၀ ကျော်ကို ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်သည်။[၆၇] ဆန့်ကျင်သူများကို အခြေခံတရားဥပဒေလုပ်ထုံးလုပ်နည်းမရှိဘဲ မတရားဖမ်းဆီးထိန်းသိမ်းလေ့ရှိပြီး၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် အခြားကြီးလေးသော ချိုးဖောက်မှုများကို ပုံမှန်ကျူးလွန်လေ့ရှိသည်။[၆၈]

> **ရွေးကောက်ပွဲမစတင်မီကပင် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ၎င်းတို့ စိတ်ကြိုက်ရေးဆွဲကာ လုပ်ငန်းစဉ်ကို ကြိုးကိုင်ခြယ်လှယ်ထားသည်မှာ ယခုနှစ်အတွင်း သင်တို့ မြင်တွေ့ခဲ့ရပြီးဖြစ်ပါလိမ့်မည်။**
>
> – ဖြေဆိုသူ

[၆၅] လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ (Human Rights Watch)၊ မြန်မာ - အသက်ကယ်ဆယ်ရေး မုန်တိုင်းအကူအညီများကို စစ်အုပ်စု ပိတ်ပင်)၊ ၂၀၂၃ ခုနှစ် ဇွန်လ ၂၀ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.hrw.org/news/2023/06/20/myanmar-junta-blocks-lifesaving-cyclone-aid (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၆၆] SAC-M၊ တိုင်ဖွန်း ရာဂီအား နိုင်ငံတကာ နယ်စပ်ဖြတ်ကျော် တုန့်ပြန်ဆောင်ရွက်မှုဖြင့် အရေးပေါ် ဖြေရှင်းရန် လိုအပ်သည်။)၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၇ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://specialadvisorycouncil.org/2024/09/international-cross-border-response-typhoon-yagi/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၆၇] OHCHR၊ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ A/HRC/60/20)။

[၆၈] IIMM၊ လူ့အခွင့်အရေးကောင်စီ၏ (၆၀) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မစ္စတာ နီကိုးလပ်စ် ကွမ်ဂျီယန်၏ ပြောကြားချက်)၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၈ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://iimm.un.org/en/statement-60th-regular-session-human-rights-council (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

စစ်အုပ်စုသည် ရွေးကောက်ပွဲမတိုင်မီ သဘောထားကွဲလွဲဆန့်ကျင်မှုများကို ထပ်မံနှိပ်ကွပ်ရန်ရည်ရွယ်လျက် ၂၀၂၅ ခုနှစ်၊ နှစ်လယ်ပိုင်းတွင် ဥပဒေအသစ်နှစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၂၀၂၅ ခုနှစ် ဆိုင်ဘာလုံခြုံရေးဥပဒေသည် အင်တာနက်အသုံးပြုရာတွင် VPN နည်းပညာအသုံးပြုမှုကို တားမြစ်ပိတ်ပင်ထားပြီး အဓိကကျသောပုဂ္ဂိုလ်ရေးဆိုင်ရာ အကာအကွယ်များကိုဖယ်ရှားကာ၊ ဖိုင်းယားဝေါ (Firewall) ကျော်လွှန်၍ လူမှုကွန်ရက်ပလက်ဖောင်းများကို ဝင်ရောက်အသုံးပြုခြင်းကို ရာဇဝတ်မှုမြောက်သည့်လုပ်ရပ်အဖြစ် သတ်မှတ်ခဲ့သည်။[၆၉] ထို့အပြင် "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေ" တွင်ကျယ်ပြန့်၍ တိကျရေရာမှုမရှိသောပြဋ္ဌာန်းချက်များကို အသုံးပြုထားပြီး၊ ရွေးကောက်ပွဲအပေါ် ဝေဖန်သည်ဟုယူဆရသော မည်သည့် ဟောပြောမှု၊ ဆန္ဒပြမှု သို့မဟုတ် အွန်လိုင်းနှင့် အော့ဖ်လိုင်း စာရွက်စာတမ်းဖြန့်ဝေမှုမဆိုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။ ဤအချက်တွင် ရွေးကောက်ပွဲ သပိတ်မှောက်ခြင်း၌ပါဝင်ခြင်း သို့မဟုတ် စည်းရုံးလှုံ့ဆော်ခြင်းများလည်း အကျုံးဝင်ပါသည်။ ပြစ်ဒဏ်များမှာ ထောင်ဒဏ် သုံးနှစ်မှ အနှစ် ၂၀ အထိ ရှိနိုင်ပြီး တားမြစ်ထားသောလုပ်ရပ်ကြောင့် သေဆုံးမှုဖြစ်ပေါ်ပါက သေဒဏ်အထိ ချမှတ်နိုင်သည်။[၇၀] ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့အထိစာရင်းများအရ၊ ရွေးကောက်ပွဲကိုဝေဖန်သော အွန်လိုင်းပို့စ်များတွင် အီမိုဂျီ (Emoji) ဖြင့် တုံ့ပြန်ခြင်းကဲ့သို့သော သေးငယ်သည့်ကိစ္စရပ်များအပါအဝင် ဤဥပဒေဖြင့်ဖမ်းဆီးခံရသူ ၁၂၀ ဦး ရှိနေပြီဟုသိရှိရသည်။[၇၁] ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်သူများအား ၎င်းတို့၏ဆန္ဒမပါဘဲ မဲပေးလာစေရန် အကျပ်ကိုင်ဖိအားပေးမည့် နောက်ထပ် လက်နက်တစ်ခုအဖြစ် အသုံးပြုလာဖွယ်ရှိနေကြောင်း ခန့်မှန်းရသည်။

## ၂.၄။ ပါဝင်ဆောင်ရွက်မှုနှင့် ဖယ်ထုတ်ထားမှု

စစ်အုပ်စုသည် ၎င်းတို့၏ ကိုယ်ပိုင်နိုင်ငံရေးပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ကို အဓိပ္ပာယ်ရှိရှိယှဉ်ပြိုင်နိုင်မည့် မည်သည့်အတိုက်အခံအင်အားစုကိုမဆို ရွေးကောက်ပွဲတွင်ပါဝင်ခွင့်နှင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရရှိအောင် တားဆီးပိတ်ပင်ထားသည်။ ဤသို့ပြုလုပ်ရာတွင် စနစ်တကျကြိုးကိုင်ခြယ်လှယ်ခြင်းနှင့် ဖယ်ထုတ်ထားခြင်းအစီအစဉ်များကို အသုံးပြုခဲ့သည်။ ထို့ပြင် စစ်အုပ်စုကပြဋ္ဌာန်းခဲ့သော ၂၀၂၃ ခုနှစ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ[၇၂]တွင် ပြစ်ဒဏ်ကျခံဖူးသူမည်သူ့ကိုမဆို နိုင်ငံရေးပါတီဝင်အဖြစ် ရပ်တည်ခွင့်မရှိစေရန် တားမြစ်ထားသည်။ ဤပြဋ္ဌာန်းချက်သည် အာဏာသိမ်းရန်ကြိုးပမ်းချိန်မှစ၍ စစ်တပ်ထိန်းချုပ်ထားသောတရားရုံးများတွင် တရားစွဲဆိုခံရပြီး ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည့် သောင်းနှင့်ချီသော စစ်အုပ်စု၏ နိုင်ငံရေးအတိုက်အခံများအပေါ် သက်ရောက်မှုရှိစေသည်။

[၆၉] အရှေ့တောင်အာရှဆိုင်ရာ FULCRUM ဆန်းစစ်ချက်၊ မြန်မာ့ အတုအယောင်ရွေးကောက်ပွဲသည် ထောင်ချောက်သာဖြစ်သည်၊ အသွင်ကူးပြောင်းရေး မဟုတ်ပါ)၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://fulcrum.sg/myanmars-fake-election-is-a-trap-not-a-transition/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်)။

[၇၀] မဇ္ဈိမ (Mizzima)၊ လာမည့်ရွေးကောက်ပွဲကို နှောင့်ယှက်ပါက ပြင်းထန်သောပြစ်ဒဏ်များပေးမည်ဟု မင်းအောင်လှိုင် သတိပေး)၊ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://eng.mizzima.com/2025/08/01/24960 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။[၇၁] OHCHR၊ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ A/HRC/60/20)။

[၇၁] ဒီမိုကရက်တစ် မြန်မာ့အသံ (DVB)၊ 'ရွေးကောက်ပွဲ ကာကွယ်စောင့်ရှောက်ရေး ဥပဒေ' သစ်ဖြင့် နောက်ထပ် မြန်မာနိုင်ငံသား အနည်းဆုံး ၂၅ ဦး တရားစွဲဆိုခံရ)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://english.dvb.no/at-least-25-more-myanmar-citizens-charged-under-new-election-protection-law/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၇၂] ၂၀၂၃ ခုနှစ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.moi.gov.mm/moi:eng/laws/9320 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

> **“အစိကပါဝင်ပတ်သက်သူများ၊ ရိုဟင်ဂျာနိုင်ငံရေးအဖွဲ့အစည်းများနှင့် ရိုဟင်ဂျာလူထု အသိုင်းအဝိုင်း အပါအဝင် တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းများကို ဖယ်ထုတ်ထားခြင်း အားဖြင့်၊ ဤရွေးကောက်ပွဲများသည် စိတ်ဝမ်းကွဲပြားမှုများကို ပိုမိုနက်ရှိုင်းစေခြင်း၊ အကြမ်းဖက်မှုများကိုအရှိန်မြှင့်စေခြင်းနှင့် အာဏာရှင်စနစ်ကို ပိုမို အမြစ်တွယ်ခိုင်မာစေခြင်းတို့ ဖြစ်ပေါ်စေမည့် အန္တရာယ်ရှိနေသည်။**
>
> – ဖြေဆိုသူ

NLD သည် စစ်အုပ်စုတွင် ဥပဒေပြဋ္ဌာန်းပိုင်ခွင့်အာဏာမရှိကြောင်း တိကျစွာထောက်ပြလျက် ၂၀၂၃ ခုနှစ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအောက်တွင် မှတ်ပုံတင်ရန်ငြင်းဆန်ခဲ့သည်။ ထို့နောက်တွင် NLD အပါအဝင် SNLD[၇၃] ကဲ့သို့သော အဓိက ပြည်နယ်နှင့် တိုင်းအခြေစိုက်ပါတီကြီးများနှင့် ဥပဒေ၏ကြီးလေးသော ငွေကြေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်သည့်ပါတီငယ်များ စုစုပေါင်း ၄၃ ခုကျော်မှာ ဖျက်သိမ်းခြင်းခံခဲ့ရသည်။ လက်ရှိတွင် အဆိုပါဥပဒေအောက်၌ မှတ်ပုံတင်ထားသော ပါတီ ၅၇ ခု ရှိသော်လည်း အများစုမှာ စစ်တပ်လိုလားသူများ သို့မဟုတ် ပြည်သူ့ထောက်ခံမှု အစစ်အမှန် မရှိသော အဖွဲ့အစည်းငယ်များသာဖြစ်ကြသည်။ ၂၀၂၀ ပြည့်နှစ်က တနိုင်ငံလုံးအတိုင်းအတာဖြင့် ယှဉ်ပြိုင်သည့်ပါတီ ၈၇ ခု ရှိခဲ့ရာမှ ယခုအခါ USDP အပါအဝင် ခြောက်ပါတီသာ ကျန်ရှိတော့သည်။[၇၄] USDP သည် ကိုယ်စားလှယ်လောင်း ၁,၀၀၀ ကျော်ဖြင့် ရွေးကောက်ပွဲနယ်ပယ်ကိုလွှမ်းမိုးထားရာ ယင်းပမာဏသည် ပြိုင်ဘက်အားလုံး၏ငါးပုံတစ်ပုံကျော်ရှိပြီး အနီးစပ်ဆုံးပြိုင်ဘက် ပါတီထက် နှစ်ဆနီးပါးများပြားသည်။[၇၅] ၎င်းတို့အနက် အချို့သောသူများသည် ရက်စက်ကြမ်းကြုတ်သောရာဇဝတ်မှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှု ရှိနေကြသည်။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအစောပိုင်းကတည်းက USDP ကိုယ်စားလှယ်လောင်း ၂၈ ဦးကျော်သည် ၎င်းတို့၏မဲဆန္ဒနယ်တွင် တစ်ဦးတည်းသောကိုယ်စားလှယ်လောင်းအဖြစ် မှတ်ပုံတင်ထားသည့်အတွက် အနိုင်ရရှိသူများအဖြစ် ကြေညာခြင်းခံခဲ့ရပြီးဖြစ်သည်။[၇၆] ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းများ ဆက်လက် ပယ်ဖျက်ခံ နေရသည့်အတွက် မဲပေးခြင်းမပြုလုပ်ရသေးမီမှာပင် နောက်ထပ် USDP ကိုယ်စားလှယ်လောင်းများ အနိုင်ရသူများအဖြစ် ကြေညာခြင်းခံရဖွယ်ရှိသည်။[၇၇]

---

[၇၃] ဒီမိုကရက်တစ် မြန်မာ့အသံ (DVB)၊ NLD နှင့် အခြား နိုင်ငံရေးပါတီ ၃၉ ခုကို စစ်အုပ်စုက ဖျက်သိမ်း၊ ၂၀၂၃ ခုနှစ် မတ်လ ၂၉ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://english.dvb.no/the-nld-and-39-other-political-parties-dissolved-by-the-regime/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။ Myanmar Now သတင်းဌာန၊ မြန်မာစစ်အုပ်စုက နောက်ထပ် နိုင်ငံရေးပါတီ ၄ ခုကို ဖျက်သိမ်း)၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://myanmar-now.org/en/news/myanmar-military-regime-dissolves-four-more-political-parties/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၇၄] ဧရာဝတီသတင်းဌာန (The Irrawaddy)၊ ကိန်းဂဏန်းများဖြင့်ဖော်ပြသော မြန်မာ့ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ ရလဒ်များ)၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၁ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.irrawaddy.com/election-2020/myanmars-2020-general-election-results-numbers.html (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၇၅] ဒီမိုကရက်တစ် မြန်မာ့အသံ (DVB)၊ ရိုဟင်ဂျာ စစ်သွေးကြွများက စခန်းသိမ်းပိုက်သည်ဆိုခြင်းကို အာရက္ခတပ်တော် ငြင်းဆို၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကို စစ်အုပ်စုက အမှုဖွင့်တရားစွဲ)၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၆ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://english.dvb.no/arakan-army-denies-camp-seized-by-rohingya-militant-group-regime-files-charges-against-ethnic-armed-groups/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၇၆] ဒီမိုကရက်တစ် မြန်မာ့အသံ (DVB)၊ စစ်တပ်ထောက်ခံသောပါတီ အမတ်နေရာ ၂၈ နေရာ အနိုင်ရသည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောကြား)၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://english.dvb.no/union-election-commission-says-pro-military-party-wins-28-seats-myanmar-gets-bypassed-as-asean-2026-chair/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။ ဧရာဝတီသတင်းဌာန (The Irrawaddy)၊ မြန်မာစစ်အစိုးရက PPP ခေါင်းဆောင်အား ရွေးကောက်ပွဲမှ တားမြစ်)၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.irrawaddy.com/news/politics/myanmar-regime-bars-ppp-leader-from-election.html (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၇၇] ဧရာဝတီသတင်းဌာန (The Irrawaddy)၊ မြန်မာစစ်အစိုးရက PPP ခေါင်းဆောင်အား ရွေးကောက်ပွဲမှ တားမြစ်၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်၊ ကြည့်ရှုနိုင်သည့်

အသစ်ဖန်တီးထားသော အချိုးကျကိုယ်စားပြုစနစ်နှင့် နိုင်သူအကုန်ယူစနစ် ပေါင်းစပ်ထားသည့် (Hybrid) စနစ်အောက်တွင်၊ ဤကိန်းဂဏန်းများက မဲရလဒ်များနှင့် နောက်ဆက်တွဲပေါ်ပေါက်လာမည့်လွှတ်တော်၌ USDP ၏ လွှမ်းမိုးမှုကို အာမခံချက်ပေးနေသည်။[၇၈] ထို့ပြင် ဤစနစ်သည် USDP ကိုယ်စားလှယ်လောင်းများကို စစ်တပ်၏ နယ်မြေထိန်းချုပ်မှုပြင်ပရှိဒေသများမှ မဲဆန္ဒနယ်များကိုပါအနိုင်ရရှိစေရန် ဖန်တီးပေးထားသည်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ဥက္ကဋ္ဌ ဦးခင်ရီက စစ်အုပ်စု၏ ရွေးကောက်ပွဲဆိုင်ရာ လူထုစည်းဝေးပွဲတစ်ခုတွင် လက်သီးဆုပ်မြှောက်ကာ အားပေးလှုံ့ဆော်နေပုံ။ (USDP)

## ၂.၅။ ပွင့်လင်းမြင်သာမှု

လက်ရှိ မြန်မာနိုင်ငံတွင် လွတ်လပ်သောရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်အဖွဲ့ ဟူ၍မရှိတော့ပါ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ဆိုသည်မှာ မူလက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများ စီစဉ်ကျင်းပခြင်း၊ ရလဒ်များအတည်ပြုကြေညာခြင်းအပါအဝင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတွက် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသောအဖွဲ့အစည်းဖြစ်သည်။ ထို့ပြင် ၎င်းအား နိုင်ငံရေးပါတီများကိုဖျက်သိမ်းရန်နှင့် ကိုယ်စားလှယ်လောင်းများကို အရည်အချင်းပျက်ယွင်းကြောင်းသတ်မှတ်ရန် ၎င်း၏သဘောဆန္ဒအတိုင်း လုပ်ဆောင်နိုင်ခွင့်ရှိသောဥပဒေအာဏာကိုလည်း အပ်နှင်းထားခဲ့သည်။ UEC သည် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုရှိသည်ဟူသော စစ်တပ်၏စွပ်စွဲချက်များကို ကနဦးတွင်ပယ်ချခဲ့သည်။[၇၉] အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက် ချက်ချင်းဆိုသလိုတွင် စစ်အုပ်စုကခန့်အပ်သူများဖြင့် UECကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး၊[၈၀]

---

နေရာ - https://www.irrawaddy.com/news/politics/myanmar-regime-bars-ppp-leader-from-election.html (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၇၈] လွတ်လပ်သော ရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL)၊ မြန်မာစစ်အုပ်စု၏ စီစဉ်ထားသော ရွေးကောက်ပွဲများ - ဒီမိုကရေစီနည်းကျ တရားဝင်မှု စံချိန်မမီခြင်း။

[၇၉] နန်းလွင်၊ ဧရာဝတီသတင်းဌာန (The Irrawaddy)၊ မြန်မာရွေးကောက်ပွဲအဖွဲ့က စစ်တပ်၏ မဲမသမာမှု စွပ်စွဲချက်များကို ပယ်ချ၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.irrawaddy.com/news/burma/myanmar-election-body-rejects-military-allegations-electoral-fraud.html (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၈၀] အမိန့်အမှတ် ၉/၂၀၂၁၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.myanmaritv.com/news/state-administration-council-commander-chief-office-issues-order-no-92021 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

၎င်းကခိုင်လုံသော သက်သေအထောက်အထား တစုံတရာထုတ်ပြန်ခြင်းမရှိဘဲ စစ်တပ်၏စွပ်စွဲပြောဆိုချက်များကို ထောက်ခံခဲ့သည်။[၈၁] ၂၀၂၅ ခုနှစ်တွင် စစ်အုပ်စုက UEC ကို ထပ်မံပြန်လည်ဖွဲ့စည်းခဲ့ရာ၊ လက်ရှိ UEC သည် စစ်အုပ်စုက အပြည့်အဝ ခန့်အပ်ထားသူများသာပါဝင်ပြီး စစ်အုပ်စု၏ လက်အောက်ခံသက်သက်သာဖြစ်နေသည်။[၈၂] လက်ရှိတွင် UEC အဖွဲ့ဝင်များသည် ကနေဒါ၊[၈၃] ဥရောပသမဂ္ဂ၊[၈၄] ယူနိုက်တက်ကင်းဒမ်း[၈၅] နှင့် အမေရိကန်ပြည်ထောင်စု[၈၆] တို့၏ အရေးယူပိတ်ဆို့မှုများကို ခံထားရသည်။

စစ်အုပ်စုသည် ၂၀၂၅ ရွေးကောက်ပွဲအတွက် အီလက်ထရောနစ်မဲပေးစက်များကို စတင်မိတ်ဆက်လာခဲ့သော်လည်း၊ ယင်းသို့ တစ်ဖက်သတ်စီစဉ်ဆောင်ရွက်မှုသည် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် နှိုင်းယှဉ်ပါက များစွာအလှမ်းကွာဝေးလျက်ရှိသည်။[၈၇] အဆိုပါစက်များကို မြန်မာစစ်တပ်နှင့် ကာလရှည်ကြာ ဆက်ဆံရေးရှိသော အိန္ဒိယနိုင်ငံပိုင် လက်နက်ထုတ်လုပ်ရေးလုပ်ငန်း Bharat Electronics Limited ၏ ဒီဇိုင်းများကို အခြေခံဖွယ်ရှိပြီး စစ်တပ်က ကိုယ်တိုင်ထုတ်လုပ်နေခြင်းဖြစ်သည်။ သို့သော် အများပြည်သူဆိုင်ရာတင်ဒါခေါ်ယူမှုများ သို့မဟုတ် နည်းပညာဆိုင်ရာသတ်မှတ်ချက်များကို ထုတ်ပြန်ခြင်းမရှိသကဲ့သို့၊ အစိတ်အပိုင်းများဝယ်ယူရေး လုပ်ငန်းစဉ်သည်လည်း လွတ်လပ်သော စောင့်ကြည့်စစ်ဆေးမှု သို့မဟုတ် စာရင်းစစ်ဆေးမှု ခံယူထားခြင်း မရှိပါ။ ဤကဲ့သို့ လုံးဝ ပွင့်လင်းမြင်သာမှုမရှိခြင်းက မဲပေးစက်များကိုအသုံးပြု၍ ရွေးကောက်ပွဲရလဒ်များကို ကြိုးကိုင်ခြယ်လှယ်လိမ့်မည်ဖြစ်ကြောင်း ညွှန်ပြနေပါသည်။[၈၈]

ထို့အပြင် စစ်မှုထမ်းများနှင့် ပြည်ပရောက်မဲဆန္ဒရှင်များအတွက် စစ်အုပ်စုကထိန်းချုပ်ထားသော ကြိုတင်မဲပေးခြင်းက ပွင့်လင်းမြင်သာမှုကို ပိုမိုထိခိုက်စေပြီး၊ ၎င်းတို့၏မဲများကို ရွေးကောက်ပွဲနေ့မတိုင်မီရေတွက်ကာ ရလဒ်များကိုလွှမ်းမိုးရန် အသုံးပြုလာနိုင်သည်။ နေရပ်စွန့်ခွာရသူများကိုအသုံးပြု၍ မဲလာပေးသူဦးရေကို ဖောင်းပွအောင်ပြုလုပ်မည့် အန္တရာယ်လည်းရှိနေပြီး၊ စစ်တပ်က နယ်မြေထိန်းချုပ်မှုလုံးဝမရှိသောနေရာများတွင်ပါ ယင်းသို့ လုပ်နိုင်ခြေရှိနေသည်။ တချိန်တည်းမှာပင် စစ်အုပ်စုပြုစုထားသောမဲစာရင်းများသည်လည်း အလွန်အကန့်အသတ်ဖြင့်ကောက်ယူခဲ့သော သန်းခေါင်စာရင်းမှရရှိခဲ့သည့် အတည်မပြုနိုင်သောလူဦးရေ ခန့်မှန်းချက်များအပေါ်၌သာမှီခိုနေသည်။[၈၉] အကြမ်းဖက်မှုဖြင့် ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် အခြေခံလွတ်လပ်ခွင့်များကင်းမဲ့နေခြင်းတို့အောက်တွင် ပေးရသောမဲများသည် ယုံကြည်လက်ခံနိုင်မှုကင်းမဲ့နေပြီးဖြစ်သည့်အပြင်၊ ရွေးကောက်ပွဲရလဒ်များကို လွတ်လပ်စွာအတည်ပြုနိုင်ရန်မှာလည်း မဖြစ်နိုင်ပါ။

---

၈၁ လွတ်လပ်သော ရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL)၊ မြန်မာအာဏာသိမ်းပြီး ခြောက်လအကြာ - ရွေးကောက်ပွဲဒီမိုကရေစီကို ထိခိုက်စေရန် စစ်အုပ်စု၏ ဆက်တိုက် ကြိုးပမ်းအားထုတ်မှုများ အနှစ်ချုပ်၊ ၂၀၂၁ ခုနှစ် ဩဂုတ်လ၊ ကြည့်ရှုနိုင်သည့်နေရာ - https://anfrel.org/six-months-after-myanmar-coup-a-summary-of-the-juntas-continuous-attempts-to-undermine-electoral-democracy/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

၈၂ လွတ်လပ်သော ရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL)၊ မြန်မာစစ်အုပ်စု၏ စီစဉ်ထားသော ရွေးကောက်ပွဲများ - ဒီမိုကရေစီနည်းကျ တရားဝင်မှု စံချိန်မမီခြင်း။

၈၃ ကနေဒါ အစိုးရ၊ မြန်မာနိုင်ငံနှင့် သက်ဆိုင်သော ကနေဒါ၏ အရေးယူပိတ်ဆို့မှုများ၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.international.gc.ca/world-monde/international_relations-relations_internationales/sanctions/myanmar.aspx?lang=eng (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

၈၄ ဥရောပသမဂ္ဂ (EU)၊ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.consilium.europa.eu/en/policies/sanctions-against-myanmar/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

၈၅ ဘဏ္ဍာရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများ အကောင်အထည်ဖော်ရေးရုံး၊ သတ်မှတ်ထားသောပုဂ္ဂိုလ်များ၏ လက်ရှိစာရင်း - မြန်မာ၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.gov.uk/government/publications/financial-sanctions-burma (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

၈၆ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗမာပြည် စစ်အာဏာသိမ်းမှု နှစ်နှစ်ပြည့်အထိမ်းအမှတ်)၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://2021-2025.state.gov/marking-two-years-since-the-military-coup-in-burma/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

၈၇ ဧရာဝတီသတင်းဌာန (The Irrawaddy)၊ မြန်မာစစ်အုပ်စု၏ မဲပေးစက်အသစ်များသည် မဲလိမ်မည့်စက်များလည်း ဖြစ်သည်ဟု လေ့လာစောင့်ကြည့်သူများဆို၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.irrawaddy.com/news/burma/myanmar-juntas-new-voting-machines-are-also-vote-rigging-machines-observers.html (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

၈၈ လွတ်လပ်သော ရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL)၊ မြန်မာစစ်အုပ်စု၏ စီစဉ်ထားသော ရွေးကောက်ပွဲများ - ဒီမိုကရေစီနည်းကျ တရားဝင်မှု စံချိန်မမီခြင်း။

၈၉ အထက်ပါအတိုင်း။

## ၃။ မြေပြင်အခြေပြု ဆန်းစစ်လေ့လာချက်

> မည်သူကမျှ ဤရွေးကောက်ပွဲကိုမယုံကြည်သလို လက်လည်းမခံကြပါ။ ထိုကဲ့သို့ လက်ခံနိုင်ဖွယ် မရှိသော ရွေးကောက်ပွဲသည် ပြည်သူများအတွက်ဖြစ်စေ၊ နိုင်ငံ၏အနာဂတ်အတွက်ဖြစ်စေ မည်သည့်ကောင်းကျိုးကိုမျှ သယ်ဆောင်လာမည်မဟုတ်ပါ။
>
> – ဖြေဆိုသူ

SAC-M ၏မေးခွန်းလွှာကိုဖြေဆိုသူများသည် စစ်အုပ်စုက ကျင်းပရန်စီစဉ်ထားသောရွေးကောက်ပွဲများကို ဆန့်ကျင်ရာတွင် တညီတညွတ်တည်း သဘောထားရှိကြသည်။ ဖြေဆိုသူတစ်ဦးက ၎င်းကို "ရက်စက်ကြမ်းကြုတ်သောအာဏာရှင်စနစ်ကို ဒီမိုကရေစီအဖြစ် ဟန်ဆောင်မည့်အန္တရာယ်ရှိပြီး တရားမဝင်သောကြိုးပမ်းမှုတစ်ခု" ဟု ပြောဆိုခဲ့သည်။ ဖြေဆိုသူ အများအပြားကလည်း "မြန်မာနိုင်ငံသားအားလုံး၏ပါဝင်ခွင့်ကို ငြင်းပယ်ထားပြီး၊ အထူးသဖြင့် NUG၊ NUCC၊ တိုင်းရင်းသားကောင်စီများနှင့် တော်လှန်ရေးအဖွဲ့များကဲ့သို့သော အဓိကကျသည့် ဒီမိုကရေစီနှင့်တိုင်းရင်းသား အစုအဖွဲ့များကိုဖယ်ထုတ်ထားသည့်" ဤလုပ်ငန်းစဉ်သည် စစ်မှန်သောငြိမ်းချမ်းရေး သို့မဟုတ် ဖက်ဒရယ်ဒီမိုကရေစီဆီသို့ လမ်းကြောင်းတစ်ခုပေးစွမ်းနိုင်မည့် ဖြစ်နိုင်ခြေ လုံးဝမမြင်မိကြောင်း သုံးသပ်ကြသည်။ ယင်းအစား၊ ရွေးကောက်ပွဲများသည် ပဋိပက္ခကို ပိုမိုပြင်းထန်ရှည်ကြာစေမည့်အပြင် အာဏာရှင်အုပ်ချုပ်ရေးကို ပိုမိုခိုင်မာစေလိမ့်မည်ဟု ဖြေဆိုသူများကဆိုကြသည်။ တစ်ချိန်တည်းမှာပင်၊ စစ်အုပ်စုသည် "ဤရွေးကောက်ပွဲဟု အမည်ခံထားသည်များဖြင့် အကာအကွယ်ယူလျက် အရပ်သားများအပေါ် ပစ်မှတ်ထားလေကြောင်းတိုက်ခိုက်မှုများကို အရှိန်မြှင့် လုပ်ဆောင်နေပြီ" ဖြစ်ကြောင်း ဖြေဆိုသူတစ်ဦးက ထောက်ပြခဲ့ပါသည်။

ယခင် စစ်တပ်ဦးဆောင်သော နိုင်ငံရေးလုပ်ငန်းစဉ်များ၏ရလဒ်များကို တုံ့ပြန်ချက်အများအပြားတွင် ကိုးကားဖော်ပြခဲ့ကြပြီး၊ ဖြေဆိုသူတစ်ဦးကမူ ထိုလုပ်ငန်းစဉ်များကို "မဲလိမ်မဲခိုးမှုများရှိပြီး ဒီမိုကရေစီမဆန်" ဟု သုံးသပ်ဖော်ပြခဲ့သည်။ အခြားဖြေဆိုသူတစ်ဦးကလည်း ယခုအခါ ပျက်ပြယ်သွားပြီဖြစ်သော စစ်တပ်ရေးဆွဲသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ကျင်းပခဲ့သော ၂၀၂၀ ရွေးကောက်ပွဲရလဒ်များကို စစ်တပ်က အကြမ်းဖက်နည်းလမ်းဖြင့်ငြင်းပယ်ခဲ့ခြင်းသည် "လက်ရှိအကျပ်အတည်းကို စတင်ဖြစ်ပွားစေခဲ့သည်" ဟု ပြန်ပြောင်းထောက်ပြခဲ့သည်။ ထို့ကြောင့် "[စစ်တပ်] ထိန်းချုပ်မှုအောက်တွင် နောက်ထပ် ရွေးကောက်ပွဲတစ်ခုကို အတင်းအကျပ်ပြုလုပ်ရန် မည်သည့်ကြိုးပမ်းမှုမဆိုသည် မတည်ငြိမ်မှုကိုရှည်ကြာစေပြီး အကြမ်းဖက်မှုသံသရာကို ပိုမိုနက်ရှိုင်းစေရုံသာရှိလိမ့်မည်" ဟု ဖြေဆိုသူတို့က သတိပေးခဲ့ကြသည်။

ထို့အပြင် ရွေးကောက်ပွဲများကို လက်ခံသော သို့မဟုတ် ထောက်ခံသော နိုင်ငံများသည် စစ်အုပ်စုကို ပိုမိုရဲတင်းလာစေမည်ဖြစ်ပြီး၊ ဖြေဆိုသူတစ်ဦး၏စကားအရဆိုလျှင် "တာဝန်ယူ/ခံမှုအတွက် တောင်းဆိုချက်များကို အားနည်းသွားစေလိမ့်မည်" ဟုလည်း ဖြေဆိုသူများက စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ခဲ့ကြသည်။ အခြားဖြေဆိုသူတစ်ဦးကလည်း "စစ်တပ်အတွက်မူ၊ ဤတရားဝင်မှုသည် ၎င်းတို့ကျူးလွန်ခဲ့သော သတ်ဖြတ်မှုများအတွက် တာဝန်ယူ/ခံရခြင်းမှ လွတ်မြောက်ရန် ခွင့်ပြုချက်တစ်ခုဖြစ်လာမည့်အပြင်၊ အနာဂတ်တွင် နောက်ထပ်သတ်ဖြတ်မှုများကို ဆက်လက်ကျူးလွန်ရန် လိုင်စင်တစ်ခုဖြစ်လာလိမ့်မည်" ဟု သတိပေးပြောကြားခဲ့သည်။ ခြုံငုံကြည့်လျှင် ရွေးကောက်ပွဲများသည် သန်းနှင့်ချီသောလူများ၏ဆင်းရဲဒုက္ခများကို ရှည်ကြာစေလိမ့်မည်ဟု ဖြေဆိုသူအများအပြားက ၎င်းတို့၏စိုးရိမ်ကြောင့်ကြမှုအား ထုတ်ဖော်ခဲ့ကြသည်။

ဖြေဆိုသူများက စစ်အုပ်စု၏ရွေးကောက်ပွဲများသည် “တော်လှန်ရေး၏လမ်းကြောင်းကို ပြောင်းလဲနိုင်လိမ့်မည်မဟုတ်” ဟု ပြတ်ပြတ်သားသားပြောဆိုကြပြီး၊ ယင်းအစား “ခုခံတော်လှန်ရန် ပြည်သူလူထု၏သန္နိဋ္ဌာန်ကိုသာ ပိုမိုခိုင်မာစေလိမ့်မည်” ဟုလည်း အခိုင်အမာဆိုကြပါသည်။

**“အတိုချုပ်ပြောရလျှင်၊ စစ်တပ်က နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် နေရာယူပြီး ၎င်းတို့၏ ကိုယ်ပိုင်နိုင်ငံရေး အစီအစဉ်များကို ၎င်းတို့အလိုရှိသလို အတင်းအကျပ်ချမှတ်နေသည့် အခြေအနေမျိုးအောက်တွင် မြန်မာနိုင်ငံ၏ လက်ရှိ ပြဿနာများကို ဖြေရှင်းနိုင်ရန်ဆိုသည်မှာ လုံးဝမဖြစ်နိုင်ပါ။ ထို့ကြောင့် ယခုအချိန်တွင် အဖြေရှာပုံနည်းလမ်းသစ်များနှင့် ချဉ်းကပ်မှုပုံစံသစ်များကို စတင်ရှာဖွေရန် လိုအပ်နေပြီဖြစ်ပါသည်။**

– ဖြေဆိုသူ

## ၄။ အကြမ်းဖက်မှုဖြင့် ပုံဖော်ဖန်တီးယူမည့် တစ်ခုတည်းသောရလဒ်

စစ်အုပ်စု၏ စီစဉ်ထားသောရွေးကောက်ပွဲများသည် နိုင်ငံအပေါ် စစ်တပ်၏ အထူးသဖြင့် မင်းအောင်လှိုင်၏လွှမ်းမိုးမှုကို ခိုင်မာစေရန်နှင့် တရားဝင်ဖြစ်စေရန်ဟူသော တစ်ခုတည်းသောရည်ရွယ်ချက်ဖြင့် ပုံဖော်ထားခြင်းဖြစ်သည်။ ဤရွေးကောက်ပွဲများသည် USDP အတွက် အနိုင်ရရှိမှုကို အာမခံချက်ပေးမည်ဖြစ်ပြီး၊ လွှတ်တော်နှစ်ရပ်စလုံးရှိ ရွေးကောက်ခံအမတ်နေရာအများစုကို စစ်တပ်၏ကိုယ်စားလှယ်ပါတီက ရရှိစေရန်သေချာစေမည်ဖြစ်သည်။ ထို့အပြင် စစ်တပ်သည် တိုက်ရိုက်ခန့်အပ်ထားသောအမတ်နေရာများကိုပါရယူထားပြီးဖြစ်သည့်အတွက်၊ လွှတ်တော်အပေါ် ၎င်းတို့၏ထိန်းချုပ်မှုသည် အလုံးစုံလွှမ်းမိုးထားပြီး စိန်ခေါ်၍မရနိုင်သောအခြေအနေ ဖြစ်လာပေလိမ့်မည်။ ဥပဒေပြုရေးအဖွဲ့သစ်တွင် စစ်တပ်အပေါ်သစ္စာစောင့်သိသူများသာမက မင်းအောင်လှိုင်၏နိုင်ငံရေးထောက်ခံသူများပါ လွှမ်းမိုးထားကြောင်း မင်းအောင်လှိုင်ကသေချာစေမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် USDP ကိုယ်စားလှယ်လောင်း အများအပြားသည် လက်ရှိ မင်းအောင်လှိုင်ခန့်အပ်ထားသောစစ်အုပ်စုဝန်ကြီးများနှင့် အကြီးတန်းစစ်ဗိုလ်ချုပ်ကြီးများ ဖြစ်ကြသကဲ့သို့၊ ဝင်ရောက်ယှဉ်ပြိုင်ရန် မင်းအောင်လှိုင်ကိုယ်တိုင်တိုက်ရိုက်ညွှန်ကြားထားသော အငြိမ်းစား အရာရှိများလည်း ဖြစ်နေကြသောကြောင့်ဖြစ်သည်။[၉၀]

လာမည့်မဲပေးပွဲများက ၂၀၁၀ ပြည့်လွန်နှစ်များဆီကရှိခဲ့ဖူးသည့် အကန့်အသတ်ရှိသောဒီမိုကရေစီနေရာလပ်အား ပြန်လည်ပွင့်လန်းစေလိမ့်မည်ဆိုသည်မှာ လွန်စွာလွဲမှားနေသော မျှော်လင့်ချက်ပင်ဖြစ်သည်။ ထိုကဲ့သို့သော နေရာလပ်မျိုးကို မည်သည့်အခါမျှ ပြန်လည်ပေါ်ထွန်းခွင့်ပြုရန်ရည်ရွယ်ချက်မရှိကြောင်း မင်းအောင်လှိုင်က ရှင်းလင်းစွာ ပြသပြီးဖြစ်သည်။ သူသည် မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာမူဘောင်ကိုမျှ လိုက်နာခြင်းမရှိဘဲ သူနှင့် စစ်တပ်အတွက် တည်တံ့ခိုင်မြဲသောအာဏာကို ရယူရန်ဟူသည့် အကျိုးစီးပွားအတွက်သာဆောင်ရွက်နေခြင်းဖြစ်ပြီး၊ ယင်းအာဏာသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လွန်ခဲ့သောဆယ်စုနှစ်အတွင်း ပြုပြင်ပြောင်းလဲမှုများက ခွင့်ပြုခဲ့ဖူးသည့်အာဏာထက်ပင် များစွာပိုကြီးမားနေသည်။

စီစဉ်ထားသောရွေးကောက်ပွဲများသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းရန်ကြိုးပမ်းမှုဖြင့် မင်းအောင်လှိုင်စတင်ခဲ့သော မဟာဗျူဟာ၏အထွတ်အထိပ် ရလဒ်တစ်ခုသာဖြစ်သည်။ ၎င်းတို့သည် စစ်အုပ်စုဘက်မှ လျှော့ပေါ့လာခြင်းသို့မဟုတ် လမ်းကြောင်းပြောင်းလဲခြင်းကို ပြသနေသည်မဟုတ်ပေ။ အမှန်စင်စစ် ဤလုပ်ရပ်များသည် စစ်အုပ်စု၏ရပ်တည်ချက်ပိုမိုခက်ထန်လာမှုကိုပြသနေသည့်အပြင်၊ လူထုတစ်ရပ်လုံး၏မကြုံဖူးလောက်အောင် ခုခံတော်လှန်မှုကိုရင်ဆိုင်ခဲ့ရသည့်စီမံကိန်းအပေါ်၌ပင် ဇွတ်အတင်း ဆက်လက်လုပ်ဆောင်နေခြင်းသာဖြစ်သည်။ ရွေးကောက်ပွဲများကို ဆန္ဒမရှိသောလူထုအပေါ် အင်အားသုံး၍ အတင်းအကျပ်ဖိအားပေး ကျင်းပနေခြင်းဖြစ်ပြီး၊ အကြမ်းဖက်မှု၊ နေရပ်စွန့်ခွာရမှုနှင့် မလုံခြုံမှုများကိုလည်း ကြီးမားစွာတိုးပွားလာစေခဲ့ပြီးဖြစ်ပါသည်။ ဤရွေးကောက်ပွဲများသည် စစ်အုပ်စု၏ နိုင်ငံတကာကျောထောက်နောက်ခံပြုသူများရှာဖွေနေသည့် "ထွက်ပေါက်" ကို ပေးစွမ်းနိုင်လိမ့်မည်မဟုတ်ပေ။ အကယ်၍ ၎င်းတို့ကိုဆက်လက်လုပ်ဆောင်ပါက၊ ရွေးကောက်ပွဲများသည် တွေ့ဆုံဆွေးနွေးရေးအတွက် အလားအလာများကို ပိတ်ပင်တားဆီးသွားလိမ့်မည်ဖြစ်ပြီး၊ မြန်မာ့နိုင်ငံရေးအကျပ်အတည်းကို ပိုမိုနက်ရှိုင်းစေကာ မတည်ငြိမ်မှုကို ပိုမိုဆိုးရွားစေလိမ့်မည်ဖြစ်ပါသည်။

[၉၀] ဧရာဝတီသတင်းဌာန (The Irrawaddy)၊ အာဏာရ ဗိုလ်ချုပ်ကြီးများနှင့် ဝန်ကြီးများက မြန်မာစစ်တပ်၏ ကိုယ်စားလှယ်ပါတီ ကိုယ်စားလှယ်လောင်းစာရင်းကို လွှမ်းမိုးထားမည်၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.irrawaddy.com/news/politics/ruling-generals-ministers-to-dominate-myanmar-militarys-proxy-party-candidate-list.html (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

> ***[ရွေးကောက်ပွဲများသည်] စစ်အာဏာရှင်စနစ်နှင့် SAC/ SSPC အပါအဝင် မင်းအောင်လှိုင်နှင့် အပေါင်းအပါများ၏ အုပ်ချုပ်ရေးကို သက်တမ်းရှည်စေရုံသာ ဖြစ်စေပါလိမ့်မည်။ သို့သော် ၎င်းသည် မြန်မာ့တော်လှန်ရေး၏ လမ်းကြောင်းကိုမူ ပြောင်းလဲနိုင်စွမ်းရှိလိမ့်မည်မဟုတ်ပေ။***
>
> – ဖြေဆိုသူ

# အပိုင်း (၂)
# ရှေ့သို့လားရာသစ်

မြန်မာနိုင်ငံတဝန်းရှိ တော်လှန်ရေးအင်အားစုများသည် စစ်အုပ်စု၏ စီစဉ်ထားသောရွေးကောက်ပွဲများကို ဟန်ပြသက်သက် အတုအယောင်အဖြစ် တခဲနက်သတ်မှတ်ကာ ထပ်ခါတလဲလဲငြင်းပယ်ခဲ့ကြသည်။ ထို့ပြင် မြန်မာ့အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံ နှင့် နိုင်ငံတကာမှပါဝင်ပတ်သက်သူများအနေဖြင့်လည်း ဤလုပ်ငန်းစဉ်နှင့်ထိတွေ့ဆက်ဆံခြင်းမပြုကြရန် တိုက်တွန်း တောင်းဆိုခဲ့ကြသည်။ ၎င်းတို့အားလုံးသည် ရှေ့ဆက်မည့်လမ်းသစ်ကို မျှော်လင့်တောင့်တနေကြသည့် မြန်မာပြည်သူလူထု အများစုကြီးကို ကိုယ်စားပြုနေကြသည်။ တော်လှန်ရေးကမျှော်မှန်းထားပြီး လက်တွေ့ ပေါ်ထွန်းလာနေသော နိုင်ငံရေး အစီအမံသည် စစ်အုပ်စု၏ရွေးကောက်ပွဲအတွက် ရှင်းလင်းပြတ်သားသော အခြားရွေးချယ်စရာလမ်းကြောင်းတစ်ခုဖြစ်ပြီး၊ ဤအကြောင်းအရာကို ဤစာတမ်း၏အပိုင်း (၂) တွင် ဆွေးနွေးတင်ပြထားပါသည်။ ကျယ်ပြန့်သော တော်လှန်ရေးအင်အားစု များနှင့် ဆွေးနွေးတိုင်ပင်မှုများအပေါ် အခြေခံ၍၊ ဤအပိုင်းတွင် အောက်ပါအချက်များကို ဖြေဆိုသူများ၏ကိုယ်ပိုင်စကားသံ များဖြင့်ဖော်ပြရန် ကြိုးပမ်းထားပါသည် - နိုင်ငံ၏အသွင်ကူးပြောင်းရေးအပေါ် တော်လှန်ရေးအင်အားစုများ၏ယူဆချက်နှင့် ပုံဖော်မှုများ၊ ထိုအသွင်ကူးပြောင်းရေးကို အထောက်အကူပြုရန်လုပ်ဆောင်နေမှုများ၊ တူညီသောအချက်များနှင့် ပေါင်းစပ်ညှိနှိုင်း

ဆောင်ရွက်မှုများ၊ ရင်ဆိုင်နေရသော အတားအဆီးများနှင့် စစ်မှန်သော အားလုံးပါဝင်သည့်ဖက်ဒရယ်ဒီမိုကရေစီမြန်မာနိုင်ငံကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်ဟုယူဆရသောပံ့ပိုးကူညီမှုများ စသည်တို့ဖြစ်ပါသည်။ ဖြေဆိုသူများစာရင်းအပါအဝင် အသေးစိတ် သုတေသနနည်းနာများကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်။




၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ပဲခူးမြို့၌ ပြုလုပ်ခဲ့သော ငြိမ်းချမ်းစွာဆန္ဒပြပွဲတစ်ခုတွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကြသူများက စစ်တပ်က ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပေးရန် တောင်းဆိုနေကြပုံ။ (Htawmonzel / Wikimedia Commons / CC BY 4.0)

# ၁။ တော်လှန်ရေးဆိုင်ရာ နောက်ခံအခြေအနေ

## ၁.၁။ ဖွဲ့စည်းတည်ထောင်ခြင်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်တပ်၏ အာဏာသိမ်းရန်ကြိုးပမ်းမှုသည် ချက်ချင်းဆိုသလို ကျယ်ပြန့်သော အကြမ်းမဖက် ခုခံတော်လှန်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး၊ ယင်းလှုပ်ရှားမှုက အသစ်ဖွဲ့စည်းလိုက်သောစစ်အုပ်စုအား အာဏာခိုင်မာအောင် တည်ဆောက်ခြင်းမပြုနိုင်စေရန် တားဆီးဟန့်တားခဲ့သည်။ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ/ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍဝန်ထမ်းများသည် နိုင်ငံ၏ အစိုးရယန္တရားလုပ်ငန်းဆောင်တာများကို ရပ်တန့်သွားစေခဲ့သည့် လူထုသပိတ်နှင့် ဆန္ဒပြလှုပ်ရှားမှုကြီးဖြစ်သော အာဏာဖီဆန်ရေးလူထုလှုပ်ရှားမှု (CDM) ကို စတင်ဆင်နွှဲခဲ့ကြသည်။ ထိုလှုပ်ရှားမှုကို စနစ်တကျ ညှိနှိုင်းဆောင်ရွက်ရန်နှင့် စုစည်းရန်အတွက် အထွေထွေသပိတ်ကော်မတီများ (GSCs) ကို ဖွဲ့စည်းခဲ့ကြပြီး၊ ဤလှုပ်ရှားမှုကြီး သည် နွေဦးတော်လှန်ရေးဟု ပိုမိုကျယ်ပြန့်စွာ လူသိများလာခဲ့သည်။[၉]

---

[၉] ရှေ့ပြေးအသံအဖွဲ့ (Progressive Voice Myanmar)၊ အာဏာဖီဆန်ရေး လူထုလှုပ်ရှားမှု - မြန်မာ့နွေဦးတော်လှန်ရေး၏ အခြေခံအုတ်မြစ်နှင့် စစ်တပ်၏ အာဏာသိမ်းမှု မအောင်မြင်ရခြင်း၏ နောက်ကွယ်မှ အင်အားစု၊ ၂၀၂၃ ခုနှစ် မေလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://progressivevoicemyanmar.org/2023/05/25/civil-disobedience-movement-a-foundation-of-myanmars-spring-revolution-and-force-behind-militarys-failed-coup/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့ သည်)။

ထို့အပြင် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)[၉၂] တွင် လက်မှတ်ရေးထိုးထားသော မြန်မာ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) ဆယ်ဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) ဟု လူသိများသောအစုအဖွဲ့သည် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကြေညာချက်တွင် ၎င်းတို့အနေဖြင့် CDM ကို ထောက်ခံကြောင်းဖော်ပြခဲ့ပြီး၊ ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် စစ်အုပ်စု၏အကြမ်းဖက်မှု အသုံးပြုခြင်းကို ပြင်းထန်စွာရှုတ်ချခဲ့ပါသည်။ ထို့အတူ NCA အရ စစ်တပ်နှင့် တွေ့ဆုံဆွေးနွေးမှုများကို ရပ်ဆိုင်းကြောင်း ကြေညာခဲ့ပြီး၊ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးအကျပ်အတည်းအတွက် ရေရှည်တည်တံ့သောအဖြေတစ်ခု ရှာဖွေနိုင်ရန် ပြည်တွင်းနှင့် ဒေသတွင်းအစုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့ကြသည်။[၉၃]

တချိန်တည်းမှာပင်၊ စစ်တပ်၏ ဖမ်းဆီးမှုမှလွတ်မြောက်ခဲ့သော NLD အမတ်များ အဓိကပါဝင်သည့် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၂၀ ရွေးကောက်ပွဲ၏ ဒီမိုကရေစီနည်းကျတရားဝင်မှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် ဒီမိုကရေစီနည်းကျတံ့ပြန်မှုများကို ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းခဲ့ကြသည်။[၉၄] ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် CRPH က အာဏာသိမ်းရန်ကြိုးပမ်းခဲ့သော စစ်တပ်၏ လုပ်ရပ်များကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပျက်ပြယ်သွားပြီဖြစ်သဖြင့် တရားဝင်ဖျက်သိမ်းလိုက်ကြောင်း ကြေညာခဲ့ပြီး၊ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC)[၉၅] တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းသွားမည်ဟု ကတိပြုခဲ့သည်။ PPST ကလည်း ထိုခြေလှမ်းများကို ကြိုဆိုကြောင်းနှင့် နွေဦးတော်လှန်ရေးအတွက်ပံ့ပိုးကူညီသွားမည်ဟု ကတိပြုကြောင်း ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သကဲ့သို့၊ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) ကလည်း တော်လှန်ရေးကိုထောက်ခံကြောင်း ကြေညာချက်များထုတ်ပြန်ခြင်းနှင့် မိန့်ခွန်းပြောကြားခြင်းများ ပြုလုပ်ခဲ့ကြသည်။[၉၆] ထို့နောက်ပိုင်းတွင် အဓိကကျသော EAO များသည် ၎င်းတို့ကိုယ်ကို တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) အဖြစ် အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့ကြပါသည်။

၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် CRPH သည် ကြားဖြတ်အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ခန့်အပ်ခြင်း၊ အားလုံးပါဝင်သောအကြံပေးအဖွဲ့အစည်းအဖြစ် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ကို ဖွဲ့စည်းခြင်းနှင့် FDC ကို အတည်ပြုပြဋ္ဌာန်းခြင်းတို့ကိုကြေညာခဲ့ရာ[၉၇]၊ PPST က ထပ်မံ၍ ကြိုဆိုထောက်ခံကြောင်းနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်

---

[၉၂] ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးပွဲများဆီသို့ ဦးတည်မည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများအတွက် မူဘောင်တစ်ခုတည်ဆောက်ရန် ရည်ရွယ်သည်ဟု ဆိုကာ ၂၀၁၅ ခုနှစ်တွင် စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) အကြား NCA ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော် စစ်တပ်က မြေယာသိမ်းဆည်းခြင်း၊ တပ်ဖြန့်ကြက်မှုများ တိုးချဲ့ခြင်းနှင့် တိုင်းရင်းသားနယ်မြေများအတွင်း ကျူးကျော်ဝင်ရောက်ခြင်းများကို ဆက်လက်လုပ်ဆောင်ကာ သဘောတူညီချက်ပါ စည်းကမ်းများကို ပုံမှန် ချိုးဖောက်ခဲ့သောကြောင့် စစ်တပ်သည် စစ်မှန်သော ယုံကြည်မှုကို မည်သည့်အခါမျှ မရရှိခဲ့ပေ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနည်းတူ NCA ကိုလည်း စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် ယန္တရားတစ်ခုအဖြစ်ထက် စစ်အုပ်ချုပ်ရေးကို သက်ဆိုးရှည်စေမည့် ကိရိယာတစ်ခုအဖြစ်သာ ကျယ်ကျယ်ပြန့်ပြန့် ယူဆကြသည်။

[၉၃] NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs)၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ အထူးအစည်းအဝေး ထုတ်ပြန်ကြေညာချက်၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://drive.google.com/file/d/1KviSlzfXNPlm_mXKmBn-Nrr-W34ok1Gh/view (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၉၄] ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ ကြည့်ရှုနိုင်သည့်နေရာ - https://crphmyanmar.org/history-and-formation-of-crph/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။ CRPH ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်သည် NLD ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးလည်းဖြစ်သည်။

[၉၅] နိုင်ငံတကာ မြန်မာ့သတင်း (BNI)၊ CRPH အစိုးရက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပျက်ပြယ်ကြောင်း ကြေညာပြီး ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်တစ်ရပ်အတွက် ကတိပြု၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.bnionline.net/en/news/shadow-crph-government-declares-2008-constitution-abolished-and-pledges-charter-federal (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၉၆] NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs)၊ PPST အစည်းအဝေး (၁၄/၂၀၂၁) ထုတ်ပြန်ကြေညာချက်၊ ၂၀၂၁ ခုနှစ် ဧပြီလ ၄ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://drive.google.com/file/d/1sLuYdGtrXwKLFjydrD_U3_mmOam987ia/view (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၉၇] CRPH၊ သတင်းထုတ်ပြန်ချက် အမှတ် (၁၁)၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://progressivevoicemyanmar.org/2021/04/16/%E1%80%95%E1%80%BC%E1%80%8A%E1%80%BA%E1%80%91%E1%80%B1%E1%80%AC%E1%80%84%E1%80%BA%E1%80%85%E1%80%AF%E1%80%9C%E1%80%BD%E1%80%BE%E1%80%90%E1%80%BA%E1%80%90%E1%80%B1%E1%80%AC%E1%80%BA%E1%80%80%E1%80%AD-7/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

သွားမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။[၉၈] ထို့ကြောင့် ၂၀၂၀ ရွေးကောက်ပွဲရလဒ်များကိုအခြေခံ၍ တရားဝင်ဖွဲ့စည်းထားပြီး နိုင်ငံရေးနှင့် တိုင်းရင်းသားကွဲပြားမှုများကြားမှ ထောက်ခံမှု ရရှိထားသည့် NUG သည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်လာခဲ့သည်။[၉၉] FDC သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်တစ်ရပ်မရေးဆွဲနိုင်မီကာလအထိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြတ်တောက်မှုကို ဖြေရှင်းရန်ရည်ရွယ်ပြီး တော်လှန်ရေး၏ကနဦးအဆင့်အတွက် လမ်းပြမြေပုံတစ်ခုကို ချမှတ်ပေးခဲ့သည်။[၁၀၀]

## ၁.၂။ လက်နက်ကိုင် ခုခံတော်လှန်မှု

စစ်အုပ်စု၏ အင်အားသုံးအကြမ်းဖက်မှုများမြင့်တက်လာခြင်းကို တုံ့ပြန်သည့်အနေဖြင့် စစ်အုပ်စုအပေါ် လက်နက်ကိုင် ခုခံတော်လှန်မှုများ ကြီးထွားလာခဲ့သည်။ ယင်းခုခံတော်လှန်မှုကို ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) နှင့် ချင်းအမျိုးသားတပ်ဦး (CNF) အပါအဝင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs)၊ NUG ကာကွယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင် အဓိက လည်ပတ်လှုပ်ရှားနေသော အသစ်ဖွဲ့စည်းထားသည့်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF) နှင့် တစ်သီးပုဂ္ဂလ ဒေသခံကာကွယ်ရေးတပ်ဖွဲ့များက ဦးဆောင်ခဲ့ကြသည်။ လက်နက်မဲ့ဆန္ဒပြသူများကို စစ်တပ်က ထပ်ခါတလဲလဲ အစုလိုက်အပြုံလိုက် ပစ်ခတ်သတ်ဖြတ်မှုများပြုလုပ်ပြီးနောက်၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် NUG ယာယီသမ္မတက စစ်အုပ်စုအား ဆန့်ကျင်သည့် "ပြည်သူ့ခုခံတွန်းလှန်စစ်" ကို ကြေညာခဲ့သည်။[၁၀၁] ထို့နောက် စစ်ဆင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန်အတွက် NUG နှင့် အဓိကကျသော EROs အစုအဖွဲ့တစ်ခုအကြား ပူးပေါင်းညှိနှိုင်းရေးယန္တရားများကို တည်ထောင်ခဲ့ကြသည်။[၁၀၂] အခြားသော ERO များသည် PDF နှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များကို ပျိုးထောင်မွေးထုတ်ပေးခြင်းနှင့် လက်နက်တပ်ဆင်ပေးခြင်းတို့ပြုလုပ်ကာ လက်နက်ကိုင်ခုခံတော်လှန်မှုတွင် သွယ်ဝိုက်သောနည်းလမ်းဖြင့်ပါဝင်ခဲ့ကြသော်လည်း၊ အချို့မှာမူ တော်လှန်ရေး ရှေ့ဆက်လာသည်နှင့်အမျှ တိုက်ပွဲများတွင် ပိုမိုတက်ကြွစွာ ပါဝင်လာခဲ့ကြသည်။ ဤစာတမ်း၏ အပိုင်း (၁) တွင် ဖော်ပြခဲ့သည့်အတိုင်း၊ လက်နက်ကိုင်ခုခံတော်လှန်မှုသည် စစ်အုပ်စုထံမှ သိသာထင်ရှားသောနယ်မြေများကို သိမ်းပိုက်နိုင်ခဲ့ပြီး ERO များ လက်ရှိထိန်းချုပ်ထားသောနယ်မြေများကို ချဲ့ထွင်နိုင်ခဲ့ကာ၊ ပြည်သူလူထု၏ ခုခံတော်လှန်မှုနှင့် ပေါင်းစပ်၍ စစ်တပ်ထိန်းချုပ်ထားသော ဗဟိုအစိုးရယန္တရားအများစုကိုလည်း ဖြိုချနိုင်ခဲ့ပြီဖြစ်သည်။

[၉၈] NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs)၊ PPST အစည်းအဝေး (၁၅/၂၀၂၁) ထုတ်ပြန်ကြေညာချက်၊ ၂၀၂၁ ခုနှစ် ဧပြီလ ၂၇ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://drive.google.com/file/d/1dwX6CYeYVDZTCbYAZOUdg8GQEgyIHEnV/view (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၉၉] SAC-M၊ အနှစ်ချုပ်စာတမ်း၊ အစိုးရတစ်ရပ်အား အသိအမှတ်ပြုခြင်း၊ ၂၀၂၁ ခုနှစ် ဩဂုတ်လ၊ ကြည့်ရှုနိုင်သည့်နေရာ - https://specialadvisorycouncil.org/2021/08/briefing-paper-recognition-of-governments/ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၁၀၀] ကြည့်ရှုရန် - Leena Grover၊ အရိပ်ထဲမှ ရုန်းထွက်ခြင်း - ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ ထူးခြားမှုနှင့် အထူးအသုံးပြုမှုကို မီးမောင်းထိုးပြခြင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://academic.oup.com/icon/article/22/1/83/7632663 (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၁၀၁] Al Jazeera သတင်းဌာန၊ မြန်မာ အရိပ်အစိုးရက စစ်တပ်ကို ဆန့်ကျင်တော်လှန်ရန် တောင်းဆို၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.aljazeera.com/news/2021/9/7/myanmar-shadow-government-launches-peoples-defensive-war (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၁၀၂] ဘီလီဖို့ဒ်၊ ရဲမျိုးဟိန်း၊ အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအင်စတီကျု (USIP)၊ မြန်မာနိုင်ငံအတွက် တည်ငြိမ်မှုရရှိရန် တစ်ခုတည်းသောလမ်းကြောင်းမှာ ၎င်း၏ ခုခံတော်လှန်ရေး အင်အားစုများ ကွန်ရက်မှတဆင့် ဖြစ်သည်၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://www.usip.org/publications/2022/12/myanmar-only-path-stability-runs-through-its-web-resistance-forces (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။




အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ယာယီသမ္မတ ဒူဝါလရှီးလသည် ၂၀၂၂ ခုနှစ်၊ မေလ ၁၉ ရက်နေ့က မြန်မာနိုင်ငံအတွင်းရှိ လုံခြုံရေးအရ မဖော်ပြထားသောနေရာတစ်ခုမှ ရှေ့တန်းစခန်းတစ်ခု၌ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ၏ တပ်စွဲထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးနေပုံ။ (Facebook/Acting President Duwa Lashi La)

## ၁.၃။ ဗဟုအသွင်ဆောင်သော အစိုးရ

စစ်အုပ်စု၏ထိန်းချုပ်မှုမှ လွတ်မြောက်လာသောဒေသများတွင် တော်လှန်ရေးအင်အားစုများသည် အခြားရွေးချယ်စရာ ဒေသန္တရ အုပ်ချုပ်ရေးပုံစံများကို တည်ဆောက်ပြီး ချဲ့ထွင်လျက်ရှိသည်။ ဤနယ်မြေများရှိ ဒေသန္တရအစိုးရ၏ လုပ်ငန်းဆောင်တာများကို ဆယ်စုနှစ်ပေါင်းများစွာတည်ရှိခဲ့ပြီးဖြစ်သော ERO အုပ်ချုပ်ရေးဌာနများကလည်းကောင်း၊ အစဉ်အလာအားဖြင့် ERO တည်ရှိမှုနည်းသော သို့မဟုတ် လုံးဝမရှိသောဒေသများတွင် ဖွဲ့စည်းထားသည့် လူထုဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့သစ်များကလည်းကောင်း စီမံခန့်ခွဲကြသည်။ အဆိုပါအဖွဲ့အစည်းများသည် NUG၊ ERO များနှင့် တိုက်ရိုက်ပူးပေါင်းညှိနှိုင်း၍သော်လည်းကောင်း၊ သီးခြားလွတ်လပ်စွာသော်လည်းကောင်း လည်ပတ်ဆောင်ရွက်ကြသည်။[၁၀၃]

တော်လှန်ရေး ဒေသန္တရအစိုးရအုပ်ချုပ်ရေးအဖွဲ့များသည် ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေး၊ တရားစီရင်ရေးနှင့် လူသားချင်းစာနာမှုအကူအညီပေးရေး စသည့်အဓိကကျသော အစိုးရ၏လုပ်ငန်းဆောင်တာများကို ပေးအပ်လျက်ရှိပြီး၊ ယင်းလုပ်ငန်းများနှင့်အတူ အခွန်ကောက်ခံခြင်း၊ အခြေခံအဆောက်အအုံပြုပြင်ခြင်း၊ လူမှုဝန်ဆောင်မှုပေးခြင်းနှင့် အကျပ်အတည်း တုံ့ပြန်ဆောင်ရွက်ခြင်းတို့ကိုပါ တွဲဖက်လုပ်ဆောင်လေ့ရှိသည်။ ဤနေရာတွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထုကွန်ရက်များသည် တော်လှန်ရေးအစိုးရအခြေခံအဆောက်အအုံ၏ တစိတ်တပိုင်းအဖြစ်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြသည်။ ရှိရင်းစွဲ ERO အုပ်ချုပ်ရေး၏ အမွေအနှစ်ခိုင်မာမှုနှင့် ကြုံတွေ့ရသော စစ်အုပ်စု၏တိုက်ခိုက်မှု ပြင်းထန်မှုအပေါ် မူတည်၍၊ အုပ်ချုပ်ရေးယန္တရားသည် နေရာဒေသတစ်ခုနှင့်တစ်ခု မတူညီဘဲ အချို့နေရာများတွင် ပိုမိုအခြေကျခိုင်မာမှုရှိသည်ကို တွေ့ရသည်။ ကွဲပြား

[၁၀၃] SAC-M၊ အနှစ်ချုပ်စာတမ်း၊ - မြန်မာနိုင်ငံတွင်း ထိရောက်သော ထိန်းချုပ်မှု။

စုံလင်သော ကိုယ်စားပြုအဖွဲ့အစည်းများကို စုစည်းနိုင်ရန်အတွက် ၂၀၂၁ ခုနှစ်မှစ၍ ဖက်ဒရယ်ယူနစ်များ (ပြည်နယ်နှင့် တိုင်းဒေသကြီးများ) သို့မဟုတ် လူမျိုးစုများကိုကိုယ်စားပြုသောကောင်စီများ ပေါ်ထွက်လာခဲ့သည်။ ၎င်းကောင်စီများသည် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများကို ဖွဲ့စည်းရန်နှင့် ၎င်းတို့၏လူထုထံသို့ ဝန်ဆောင်မှုများပေးအပ်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ၊ ကွန်ရက်တစ်ခုလုံးဖြစ်သည့် ဤဗဟုအသွင်ဆောင်သောအစိုးရ (pluralistic state) သည် ကြီးထွားလာနေပြီး ပုံစံတကျ ပိုမိုဖြစ်လာစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။[၁၀၄]

## ၁.၄။ အောက်ခြေမှ အထက်သို့ တည်ဆောက်ခြင်း

တော်လှန်ရေးယန္တရားကို အင်စတီကျူးရှင်းအဖြစ် (စနစ်တကျ အခြေကျအောင်) အသွင်ပြောင်းတည်ဆောက်ရာ၌ အောက်ခြေမှ အထက်သို့ ဦးတည်သော နိုင်ငံရေးလုပ်ငန်းစဉ်များက အဓိကအခန်းကဏ္ဍမှ ပါဝင်လာသည်။ "ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေးဖက်ဒရယ်စနစ်" (Bottom-up federalism) ဟု မကြာခဏ ရည်ညွှန်းလေ့ရှိသော ဤနည်းလမ်းသည် ဗဟိုအာဏာပိုင်က အထက်မှအောက်သို့ အတင်းအကျပ်ချမှတ်ခြင်းမဟုတ်ဘဲ၊ ဒေသန္တရနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များမှ အထက်သို့ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုတည်ဆောက်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ ပြည်နယ်/ဖက်ဒရယ်ယူနစ်နှင့် လူမျိုးအခြေပြုကောင်စီများပေါ်ပေါက်လာခြင်းသည် ဤလုပ်ငန်းစဉ်၏ အဓိကကျသောခြေလှမ်းတစ်ရပ်ကို ကိုယ်စားပြုနေပါသည်။ ကျယ်ပြန့်သောဆွေးနွေးတိုင်ပင်မှုများနှင့် မဟာမိတ်ဖွဲ့စည်းမှုများမှတဆင့် ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တော်လှန်ရေးအင်အားစုများက တည်ထောင်ခဲ့ခြင်းဖြစ်သည့်အတွက်၊ ၎င်းကောင်စီများ၏ဖွဲ့စည်းပုံများသည် ဒေသဆိုင်ရာတရားဝင်မှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထင်ဟပ်စေသည်။ ရည်ရွယ်ချက်မှာ ဖွဲ့စည်းပြီးသည်နှင့်တပြိုင်နက် ပြည်နယ်/ဖက်ဒရယ်ယူနစ်နှင့် လူမျိုးအခြေပြုကောင်စီများသည် အခြားသောကောင်စီများနှင့် ရေပြင်ညီသဘော (horizontally) ချိတ်ဆက်မည်ဖြစ်ပြီး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဒေါင်လိုက်သဘော (vertically) ချိတ်ဆက်ကာ၊ သဘောတူညီမှုနှင့် လူထုပါဝင်မှုအပေါ် အခြေခံသော အားလုံးပါဝင်သည့် အမျိုးသားနိုင်ငံရေးအစီအမံသစ်တစ်ခုကို တဖြည်းဖြည်း တည်ဆောက်သွားရန်ဖြစ်သည်။ လက်ရှိတွင် ဤကောင်စီများဖွဲ့စည်းခြင်း၊ အချင်းချင်း ချိတ်ဆက်ခြင်းနှင့် အမျိုးသားအဆင့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းစဉ်များသည် တပြိုင်နက်တည်းဖြစ်ပေါ်နေသည်။[၁၀၅]

နိုင်ငံလုံးဆိုင်ရာအဆင့်တွင် ပြည်နယ်/ဖက်ဒရယ်ယူနစ်နှင့် လူမျိုးအခြေပြုကောင်စီများ၊ ERO များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ခံလွှတ်တော်အမတ်များနှင့် အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်း ဖွဲ့စည်းခဲ့သောအဖွဲ့များအပါအဝင် ကွဲပြားစုံလင်သောတော်လှန်ရေးပါဝင်ပတ်သက်သူများကိုစုစည်းရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန် လုပ်ငန်းစဉ်များနှင့် အဖွဲ့အစည်းအများအပြားရှိနေပါသည်။[၁၀၆] နိုင်ငံလုံးဆိုင်ရာအဆင့်တွင် ဖြစ်ပေါ်နေသောလုပ်ငန်းစဉ်များ၌ ဘုံနိုင်ငံရေးသဘောတူညီချက် (CPA) နှင့် ဖက်ဒရယ်အသွင်ကူးပြောင်းရေး အစီအမံဆိုင်ရာအခြေခံဥပဒေ (AFTA) ဆီသို့ ဦးတည်သောဆွေးနွေးပွဲများပါဝင်ပြီး၊ ယင်းတို့သည် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (FDC) အပေါ် အခြေခံကာ ဖက်ဒရယ်ကြားကာလဖွဲ့စည်းပုံ

---

[၁၀၄] ဗဟုအသွင်ဆောင်သော နိုင်ငံတော် (pluralistic state) နှင့် ပတ်သက်၍ ပြီးပြည့်စုံသောသုံးသပ်ချက်ကို သိရှိလိုပါက ကြည့်ရှုရန် - Stella Naw၊ Maw Naw နှင့် Dustin Barter၊ ပြည်ပ ဖွံ့ဖြိုးတိုးတက်ရေးအင်စတီကျူ (ODI) ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာ မူဝါဒအဖွဲ့ (HPG)၊ မြန်မာနိုင်ငံကို ပုံဖော်ခြင်း - တော်လှန်ရေး နိုင်ငံတော်တည်ဆောက်မှုကြားမှ လူသားချင်းစာနာထောက်ထားမှု၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ၊ ကြည့်ရှုနိုင်သည့်နေရာ - https://media.odi.org/documents/HPG_State_led_action_Myanmar_final_comp.pdf (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

[၁၀၅] Stella Naw၊ Maw Naw နှင့် Dustin Barter၊ မြန်မာနိုင်ငံကို ပုံဖော်ခြင်း - တော်လှန်ရေး နိုင်ငံတော်တည်ဆောက်မှုကြားမှ လူသားချင်းစာနာထောက်ထားမှု။

[၁၀၆] တော်လှန်ရေးစတင်ချိန်မှစ၍ ပါဝင်ပတ်သက်သူများနှင့် အဓိကအဖွဲ့အစည်းများသည် ၎င်းတို့၏ မူဝါဒရပ်တည်ချက်များကို ပုံမှန် အသိပေးထုတ်ပြန်ခဲ့ပြီး၊ နိုင်ငံလုံးဆိုင်ရာနှင့် ပြည်နယ်အဆင့် နိုင်ငံရေးလုပ်ငန်းစဉ်အမျိုးမျိုး၏ တိုးတက်မှုအခြေအနေများကို အင်္ဂလိပ်နှင့် မြန်မာဘာသာဖြင့် အများပြည်သူဆိုင်ရာ ထုတ်ပြန်ချက်များမှတဆင့် ပေးအပ်ခဲ့ကြသည်။ ယင်းတို့အနက် အများစုကို ဤနေရာတွင် မှတ်တမ်းတင်ထားရှိပါသည် - https://progressivevoicemyanmar.org/resources?type=statement (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

အခြေခံဥပဒေကဲ့သို့ သက်ရောက်မှု ရှိစေမည်ဖြစ်သည်။[၁၀၇] ဤလုပ်ငန်းစဉ်များတွင်ပါဝင်သော အဓိကကျသောအဖွဲ့အစည်းများ၌ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (JCB) နှင့် တိုင်းရင်းသားလူမျိုးများကောင်စီ (MEC) တို့ ပါဝင်ပါသည်။

## ၂။ ဖက်ဒရယ်ဒီမိုကရေစီ မျှော်မှန်းချက်

*[ကျွန်ုပ်တို့၏] မျှော်မှန်းချက်မှာ နိုင်ငံသားတိုင်း ဂုဏ်သိက္ခာ၊ တန်းတူညီမျှရှိမှုနှင့် လွတ်လပ်မှုတို့ဖြင့် နေထိုင်နိုင်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတစ်ခု တည်ဆောက်ရန်ဖြစ်သည်။ ဤမျှော်မှန်းချက်သည် စစ်မှန်သောဖက်ဒရယ်စနစ်၊ အားလုံးပါဝင်သော ဒီမိုကရေစီ၊ တိုင်းရင်းသား လူမျိုးပေါင်းစုံအကြား တန်းတူညီမျှရှိမှု၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခိုင်မာစွာ ကာကွယ်စောင့်ရှောက်မှုနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် ယုံကြည်မှုတို့မှတဆင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်ခြင်းတို့အပေါ် အခြေခံထားပါသည်။*

– ဖြေဆိုသူ

မေးခွန်းအားလုံးနှင့် တော်လှန်ရေးအင်အားစုကဏ္ဍအသီးသီးမှ တုံ့ပြန်ချက်များသည် မြန်မာ့အနာဂတ်အတွက် ဘုံမျှော်မှန်းချက်တစ်ခုအပေါ် ရှင်းလင်းသောညီညွတ်မှုကို ပြသနေပါသည်။ လုပ်ပိုင်ခွင့်၊ ကိုယ်စားပြုနယ်ပယ်၊ လူမျိုးနှင့် ပထဝီဝင်ဒေသကွာခြားမှုများရှိသော်လည်း၊ ဖြေဆိုသူများသည် တူညီသောအတွေးအခေါ်၊ နိုင်ငံရေးနှင့်ဖွဲ့စည်းပုံဆိုင်ရာ ပန်းတိုင်တစ်ခုဆီသို့ ဦးတည်နေကြသည်။ ယင်းပန်းတိုင်မှာ စစ်အာဏာရှင်စနစ်ကို အပြီးတိုင်အဆုံးသတ်စေခြင်း၊ လူမျိုးအားလုံးအတွက် တန်းတူညီမျှရှိမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖြစ်မြောက်စေရန်သေချာစေခြင်းနှင့် တရားမျှတမှု၊ လူ့အခွင့်အရေးနှင့် အရပ်သားအုပ်ချုပ်ရေးတို့ကို လေးစားလိုက်နာခြင်းတို့ပါဝင်သည့် ငြိမ်းချမ်းသောဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတစ်ခု ဖန်တီးတည်ဆောက်ရေးပင်ဖြစ်သည်။

ဤမျှော်မှန်းချက်ကို တည်ရှိပြီးသားမြန်မာနိုင်ငံအား ပြုပြင်ပြောင်းလဲခြင်း (reform) အဖြစ် တင်ပြထားခြင်းမဟုတ်ဘဲ၊ ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေးသို့ အခြေခံကျကျပြန်လည်တည်ဆောက်ခြင်း (re-building) အဖြစ်ဖော်ပြထားရာ၊ စစ်တပ်လွှမ်းမိုးထားသောမြန်မာနိုင်ငံသည် တော်လှန်ရေးမျှော်မှန်းချက်နှင့် ပကတိ ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဖက်ဒရယ်ဒီမိုကရေစီကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပုံစံတစ်ခုအဖြစ်သာမက ကိုယ်ကျင့်တရားဆိုင်ရာမူဝါဒတစ်ခုအဖြစ်ပါ သတ်မှတ်ကြပြီး၊ အစိုးရ၏အာဏာသည် စစ်တပ်၏အကျပ်ကိုင်မှုမှ ဆင်းသက်လာခြင်းမဟုတ်ဘဲ ကွဲပြားစုံလင်သောလူထုအသိုင်းအဝိုင်းများ၏ သဘောတူညီချက်မှဆင်းသက်လာသော စနစ်တစ်ခုအဖြစ် ရှင်းလင်းစွာဖော်ပြကြသည်။ တော်လှန်ရေး

---

[၁၀၇] တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) နှင့် ပြည်နယ်/လူမျိုးများကို ကိုယ်စားပြုသော ဖက်ဒရယ်ကောင်စီများ၊ ပူးတွဲထုတ်ပြန်ကြေညာချက် (၀၁/၂၀၂၅)၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်၊ ကြည့်ရှုနိုင်သည့်နေရာ - https://wp.progressivevoicemyanmar.org/wp-content/uploads/2025/02/Joint-statement.pdf (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်)။

မျှော်မှန်းချက်အရ၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို လွှမ်းမိုးချုပ်ကိုင်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် ဘေးဖယ်ထားခြင်းတို့ဖြင့် မဟုတ်ဘဲ၊ တန်းတူညီမျှရှိမှုနှင့် အာဏာခွဲဝေကျင့်သုံးမှုတို့မှတဆင့် စုစည်းတည်ဆောက်ထားခြင်းဖြစ်သည်။

## ၂.၁။ ဖက်ဒရယ်ဒီမိုကရေစီ၏ မဏ္ဍိုင်များ

> **"ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကိုရေးဆွဲကာ အတည်ပြုရမည် ဖြစ်ပြီး၊ စစ်ပွဲကာလအတွင်း ကျူးလွန်ခဲ့သောရာဇဝတ်မှုများအတွက် ကျူးလွန်သူများကို တာဝန်ယူ/ခံမှု ရှိစေရန် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရမည်။**
>
> – ဖြေဆိုသူ

ဖြေဆိုသူများက မျှော်ရည်မှန်းထားသည့် မြန်မာနိုင်ငံသစ်၏ဖွဲ့စည်းပုံအသစ်များကို စတင်ပုံဖော်ပေးမည့် အပြန်အလှန် ချိတ်ဆက်ဒွန်တွဲနေသော အခြေခံအစိတ်အပိုင်းအများအပြားကို ဆွေးနွေးဖော်ပြထားကြသည်။ ထိုဖွဲ့စည်းပုံအသစ်တွင် ဖက်ဒရယ်ဒီမိုကရေစီစနစ်က အုပ်မိုးလွှမ်းခြုံထားသည့် အဓိကတည်ဆောက်ရေး မူဘောင်အဖြစ်တည်ရှိနေပြီး၊ ယင်းကို ခိုင်မာစွာထောက်ကန်ထားသည့် မဏ္ဍိုင်များလည်းပါဝင်သည်။




ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ အုပ်ချုပ်မှုအောက်တွင် ရှိသော နယ်မြေအဝင်ကို ညွှန်ပြထားသည့် တရားဝင် ဆိုင်းဘုတ်တစ်ခု။ (KNU)

ပထမမဏ္ဍိုင်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ဖြင့် တည်ထောင်ထားသော အစိုးရစနစ်တစ်ရပ်ဖြစ်ပြီး၊ ၎င်းသည် စစ်အာဏာရှင်စနစ်ကို အပြီးတိုင်အဆုံးသတ်စေကာ စစ်တပ်အပေါ်တွင်ပါ အရပ်သားအုပ်ချုပ်ရေးလွှမ်းမိုးမှုကို အာမခံချက်ပေးရမည်ဖြစ်သည်။ ဖြေဆိုသူများက ၎င်းကို လူမျိုးအားလုံး၏ကိုယ်စားပြုမှုနှင့် ပါဝင်ဆောင်ရွက်မှုကို သေချာစေခြင်း၊ ပြည်နယ်/

တိုင်းဒေသကြီးများနှင့် ပြည်ထောင်စုအကြား အာဏာခွဲဝေမှုမှတဆင့် "တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုရယူခြင်း"နှင့် တရားဥပဒေစိုးမိုးရေးအပေါ် အခြေခံသော ဒီမိုကရေစီအဖွဲ့အစည်းများကို ဖန်တီးခြင်း ဟူ၍ ဖော်ပြခဲ့ကြသည်။

ဒုတိယမဏ္ဍိုင်မှာ တိုင်းရင်းသားတန်းတူညီမျှရှိမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ဖြစ်သည်။ "အားလုံးစည်းလုံးညီညွတ်မှုနှင့် တန်းတူညီမျှရှိမှုတို့ဖြင့် အတူတကွနေထိုင်နိုင်မည့်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အချုပ်အခြာအာဏာခွဲဝေကျင့်သုံးမှုကို အသိအမှတ်ပြုခြင်းမှသာလျှင် ရေရှည်တည်တံ့သောစည်းလုံးညီညွတ်မှုတည်ရှိနိုင်မည်ဖြစ်ကြောင်း ဖြေဆိုသူများက အလေးပေးပြောကြားခဲ့သည်။ ဤနေရာတွင် တန်းတူညီမျှရှိမှုဟုဆိုရာ၌ ဖွဲ့စည်းမှုအရသာမက ဖြစ်တည်မှုဆိုင်ရာအရပါ အဓိပ္ပာယ်သက်ရောက်ကြောင်း နားလည်ထားကြသည်။ ဆိုလိုသည်မှာ ၎င်းကို လူထုအသိုင်းအဝိုင်းအားလုံးအနေဖြင့် အုပ်ချုပ်ရေးတွင်ပါဝင်ရန်သာမက နိုင်ငံ၏ဝိသေသလက္ခဏာကို ကိုယ်တိုင် သတ်မှတ်ပြဋ္ဌာန်းနိုင်ခွင့်အဖြစ်ပါ နားလည်ကြခြင်းဖြစ်သည်။

တတိယမဏ္ဍိုင်မှာ တရားမျှတမှု၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လက်တွေ့ဖော်ဆောင်ခြင်းဖြစ်ပြီး၊ ဂျန်ဒါတန်းတူညီမျှရှိမှုကိုလည်း အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းပြောကြားခဲ့ကြသည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့်အတူ ဒီမိုကရေစီမရှိနိုင်ကြောင်းနှင့် တာဝန်ခံမှုနှင့် အမှန်တရားဖော်ထုတ်ခြင်းတို့သည် ပြန်လည်သင့်မြတ်ရေးနှင့် ချိုးဖောက်မှုများ၊ မတော်မတရားပြုမှုများ၊ မတရားဖိနှိပ်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း ဖြေဆိုသူများက အလေးထားပြောကြားခဲ့သည်။ ထို့ပြင် ဖြေဆိုသူအများအပြားက တရားမျှတမှုကို ဂုဏ်သိက္ခာပြန်လည်ရယူခြင်းနှင့် ချိတ်ဆက်ပြောဆိုခဲ့ကြပြီး၊ လူထုအသိုင်းအဝိုင်းအားလုံး၏ အခွင့်အရေးများကို တန်းတူညီမျှကာကွယ်လေးစားသော ပြုပြင်ပြောင်းလဲထားသည့်အဖွဲ့အစည်းများသည် ဤမျှော်မှန်းချက်၏ဗဟိုချက်ဖြစ်သည်ဟု သတ်မှတ်ကြသည်။

## ၂.၂။ တော်လှန်ရေး ဂေဟစနစ်တစ်ရပ်

> **အနာဂတ်အသွင်ကူးပြောင်းရေးနှင့် အဖွဲ့အစည်းများကို စီမံကိန်းချမှတ်ရန်နှင့် ယနေ့မြေပြင်တွင် အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ရန် အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို တည်ဆောက်ရန် ကျွန်ုပ်တို့လုပ်ဆောင်နေပါသည်။**
>
> – ဖြေဆိုသူ

ဖြေဆိုသူများသည် ဖက်ဒရယ်ဒီမိုကရေစီမြန်မာနိုင်ငံဟူသော ဘုံမျှော်မှန်းချက်ကိုအကောင်အထည်ဖော်ရန် လက်ရှိ လုပ်ဆောင်နေကြပြီဖြစ်သည့် ကျယ်ပြန့်သော၊ ပူးပေါင်းဆောင်ရွက်မှုရှိသောနှင့် အပြန်အလှန်မှီခိုနေသော လုပ်ဆောင်ချက် အမျိုးမျိုးကို ဖော်ပြခဲ့ကြသည်။ အချို့က တွေ့ဆုံဆွေးနွေးမှုနှင့် သဘောတူညီမှုတည်ဆောက်ခြင်းတို့ကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် ကြားကာလအုပ်ချုပ်ရေးကို တည်ထောင်ရန်အတွက် "အာဏာရှင်စနစ်ကို ဆန့်ကျင်သော ပါဝင်ပတ်သက်သူများအားလုံး" နှင့်သာမက အချင်းချင်းပါ လက်တွဲလုပ်ဆောင်နေကြောင်း အစီရင်ခံခဲ့ကြသည်။ ဖြေဆိုသူတစ်ဦးကမူ စစ်ရေးညှိနှိုင်းဆောင်ရွက်ခြင်း၊ ဒေသတွင်း ဝန်ဆောင်မှုပေးအပ်ခြင်းနှင့် နိုင်ငံတကာ သံတမန်ဆက်ဆံရေးတို့တွင် ပါဝင်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

အခြားဖြေဆိုသူများသည် "နိုင်ငံတဝန်းရှိ အခြားသော တော်လှန်ရေးအင်အားစုများနှင့်" ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လက်နက်ကိုင်ခုခံတော်လှန်မှုအပေါ် အာရုံစိုက်ခဲ့ကြသည်။ ဖြေဆိုသူများသည် "ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) နှင့်

ဖက်ဒရယ်အသွင်ကူးပြောင်းရေးအစီအမံဆိုင်ရာအခြေခံဥပဒေ (AFTA) အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူဘောင်များ ရေးဆွဲခြင်း” နှင့် “တိုင်းရင်းသားလူမျိုးများကောင်စီ (MEC) တွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း” တို့ကို အထူးပြုရည်ညွှန်းလျက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုအပေါ် ၎င်းတို့၏လုပ်ဆောင်ချက်များကို အလေးပေး ပြောကြားခဲ့သည်၊ ထို့အပြင် ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှု ပေးအပ်ခြင်းလုပ်ငန်းများတွင် ပါဝင်နေမှုကိုလည်း အစီရင်ခံခဲ့ကြသည်။

> **ဤပူးပေါင်းဆောင်ရွက်မှုများမှတဆင့်၊ [ကျွန်ုပ်တို့သည်] … အဖွဲ့အစည်းဆိုင်ရာနှင့် အောက်ခြေလူထု အဆင့်နှစ်ရပ်စလုံးတွင် မြန်မာ့ဖက်ဒရယ်အသွင်ကူးပြောင်းရေး၏ မရှိမဖြစ်မဏ္ဍိုင်များဖြစ်သော ဒီမိုကရေစီနည်းကျ ပါဝင်ဆောင်ရွက်မှု၊ ဘေးဒဏ်ခံနိုင်စွမ်းနှင့် အနှစ်သာရရှိသော လူထုကိုယ်စားပြုမှုများကို အားကောင်းလာစေရန် ရည်ရွယ်သည်။**
>
> – ဖြေဆိုသူ

ဤနိုင်ငံလုံးဆိုင်ရာအဆင့် ဦးဆောင်ကြိုးပမ်းမှုများသည် ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး ဖက်ဒရယ်စနစ် (bottom-up federalism) လုပ်ငန်းစဉ်မှတဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်နယ်/ဖက်ဒရယ်ယူနစ်များနှင့် လူမျိုးအခြေပြုကောင်စီများကို မည်သို့ ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း ဖြေဆိုသူများက ရှင်းပြခဲ့ကြသည်။

> **ပြည်နယ်များတွင် ပြည်နယ်အဆင့် အုပ်ချုပ်ရေးကောင်စီများနှင့် အစိုးရများ စတင်ပေါ်ပေါက်လာနေပြီဖြစ်ပြီး၊ လွန်ခဲ့သောနှစ်နှစ်အတွင်း ဗမာလူမျိုးအများစုနေထိုင်သောဒေသများတွင်လည်း အလားတူ ပြည်နယ်အဆင့် ကောင်စီများနှင့် အစိုးရများဖွဲ့စည်းရန် ကြိုးပမ်းအားထုတ်မှုများရှိနေပါသည်။ ဤကြိုးပမ်းမှုများ အပြည့်အဝ အကောင်အထည်ပေါ်လာသည်နှင့်တပြိုင်နက်၊ ဤယူနစ်အဆင့်အဖွဲ့အစည်းများကို စုစည်းခြင်းအားဖြင့် ပြည်ထောင်စုအဆင့် နိုင်ငံရေးဖွဲ့စည်းပုံများသည် သဘာဝကျကျ နောက်ဆက်တွဲ ပေါ်ပေါက်လာလိမ့်မည်ဟု ယုံကြည်ရပါသည်။**
>
> – ဖြေဆိုသူ

အချို့သောဖြေဆိုသူများသည် စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းတင်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ပညာပေးလုပ်ငန်းများအပြင်၊ ချိုးဖောက်မှုများဆိုင်ရာ သက်သေခံမှတ်တမ်းများကို ထိန်းသိမ်းရန် ကြိုးပမ်းမှုများကိုပါ ပြောကြားခဲ့ကြပြီး၊ ယင်းကို “အမှန်တရားဖော်ထုတ်ရန် ကိရိယာတစ်ခုသက်သက်သာမက တရားမျှတမှုအတွက် အခြေခံအုတ်မြစ်တစ်ခု” အဖြစ် ဖော်ပြခဲ့ကြသည်။ ရွေးချယ်ထားသောဖြေဆိုသူများက တာဝန်ယူ/ခံမှု ရှေ့တိုးဆောင်ရွက်ရန် နိုင်ငံတကာယန္တရားများနှင့် ချိတ်ဆက်

ဆောင်ရွက်ခြင်း၊ အခွင့်အရေးဆိုင်ရာသင်တန်းများနှင့် အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများအပေါ် အခြားသော တော်လှန်ရေးအင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စွမ်းဆောင်ရည်နှင့် အသိပညာမြှင့်တင်ခြင်းမှတဆင့် တစ်ဦးချင်းစီနှင့် လူထုအသိုင်းအဝိုင်းများကို စွမ်းအားမြှင့်တင်ပေးခြင်းတို့ကို အစီရင်ခံခဲ့ကြသည်။ မဟာမိတ်အဖွဲ့များ၊ လူငယ်နှင့် လူထုအခြေပြုအဖွဲ့များသည် ပြည်သူလူထုပညာပေးခြင်းနှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းဆောင်ရွက်ခြင်းတို့တွင် ပါဝင်နေကြပြီး၊ ကွဲပြားသော လူထုအသိုင်းအဝိုင်းများအကြား ကွာဟချက်များကို ပေါင်းကူးပေးရန်လည်း ကြိုးပမ်းလျက်ရှိသည်။ အရပ်ဘက် ခုခံတော်လှန်မှုနှင့် လူမှုရေးလှုပ်ရှားမှုများသည် အကြမ်းမဖက်သောစည်းရုံးလှုံ့ဆော်မှုမှတဆင့် လက်နက်ကိုင် ခုခံတော်လှန်မှုကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်။

## ၂.၃။ အောင်မြင်မှုအတွက် လိုအပ်သောအခြေအနေများ

> **ပထမဦးဆုံးနှင့် အရေးအကြီးဆုံးအချက်မှာ စစ်အုပ်ချုပ်ရေးနှင့် စနစ်တကျ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်းကို အဆုံးသတ်ရမည်။ စစ်တပ်က နိုင်ငံတကာဥပဒေကို လုံးဝလျစ်လျူရှုပြီး ကျယ်ပြန့်၍စနစ်ကျသော ရက်စက်ကြမ်းကြုတ်မှုများကို ဆက်လက်ကျူးလွန်နေသမျှ ကာလပတ်လုံး စစ်မှန်သော ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမှာ မဖြစ်နိုင်ပါ။**
>
> – ဖြေဆိုသူ

လက်ရှိတွင်မရှိသေးသော်လည်း မြန်မာ့တော်လှန်ရေးမျှော်မှန်းချက်အောင်မြင်ရန်အတွက် မဖြစ်မနေတည်ဆောက်ရမည့် ဖွဲ့စည်းပုံဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် အတွေးအခေါ်ဆိုင်ရာအခြေအနေများကို ဖြေဆိုသူများက တညီတညွတ်တည်း ဖော်ထုတ်ခဲ့ကြသည်။

၎င်းတို့အနက် အရေးအကြီးဆုံးမှာ စစ်တပ်သည် “ဆင်းပေးရန်” သို့မဟုတ် နိုင်ငံရေးမှလုံးဝ “ဖယ်ရှားခံရပြီး” အရပ်သားအုပ်ချုပ်မှုအောက်တွင် ထားရှိရန်ဖြစ်သည်။ နိုင်ငံရေးတွင် စစ်တပ်၏ဆက်လက်ပါဝင်နေမှုကို ဖက်ဒရယ် ဒီမိုကရေစီမျှော်မှန်းချက်နှင့် မကိုက်ညီရုံသာမက စစ်မှန်သောအသွင်ကူးပြောင်းရေးအတွက် အဓိကအတားအဆီးအဖြစ် ဖြေဆိုသူများက တစိုက်မတ်မတ် ရှုမြင်ကြသည်။ လူအများစုအတွက် အသွင်ကူးပြောင်းရေးဆိုသည်မှာ စစ်တပ်ကို ပြုပြင်ပြောင်းလဲရုံသာမကဘဲ လုံးဝဖျက်သိမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီကွပ်ကဲမှုအောက်တွင် ပြန်လည်ဖွဲ့စည်းရန် လိုအပ်သည်ဟုဆိုကြသည်။ ထို့အပြင် “ဗမာလူမျိုးကြီးဝါဒနှင့် ဖိုဝါဒကြီးစိုးမှုတို့ကိုတိုက်ဖျက်ရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုများကို အဆုံးသတ်ရန်” လည်း လိုအပ်ကြောင်း ထောက်ပြခဲ့ကြသည်။

ဒုတိယမရှိမဖြစ်လိုအပ်သောအခြေအနေမှာ တော်လှန်ရေးအင်အားစုများအကြားညီညွတ်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုဖြစ်ပြီး၊ ညီညွတ်မှုကို တော်လှန်ရေးနည်းလမ်းတစ်ခုအဖြစ်သာမက ပန်းတိုင်တစ်ခုအဖြစ်ပါပုံဖော်ကြသည်။ တော်လှန်ရေးတွင် ပါဝင်ပတ်သက်သူများအကြား “တွေ့ဆုံဆွေးနွေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး” လိုအပ်ကြောင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ဘုံမူဘောင်တစ်ခုလိုအပ်ကြောင်း ဖြေဆိုသူများက ထပ်ခါတလဲလဲ ပြောကြားခဲ့သည်။ နိုင်ငံရေး၊ တိုင်းရင်းသားနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် အသိအမှတ်ပြုမှုတို့သည် ထိရောက်သောအုပ်ချုပ်ရေးအတွက်

နှင့် အကွဲကွဲအပြားပြားဖြစ်မှုကို ကာကွယ်ရန်အတွက် ကြိုတင်လိုအပ်ချက်များဖြစ်ကြောင်းကိုလည်း အလေးထားပြောကြားခဲ့ကြသည်။

တတိယအခြေအနေမှာ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးဖြစ်သည်။ အတိတ်ကကျူးလွန်မှုများအတွက် တာဝန်ယူ/ခံမှုရှိခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုနှစ်ရပ်စလုံးသည် ယုံကြည်မှုပြန်လည်တည်ဆောက်ရန်နှင့် အကြမ်းဖက်မှုများထပ်မံမဖြစ်ပွားစေရန် သေချာစေရေးအတွက်အရေးပါကြောင်း ဖြေဆိုသူအများအပြားက ကိုးကားဖော်ပြခဲ့ကြသည်။ ဤရှုထောင့်တွင် တရားမျှတမှုကို ကျင့်ဝတ်သိက္ခာပိုင်း ထိခိုက်နစ်နာမှုများကိုပါ ကျေနပ်မှုရသည်အထိ ပြန်လည်ကုစားပေးခြင်း (moral redress) နှင့် လူမှုရေးတည်ငြိမ်မှုနှစ်ခုစလုံးအဖြစ် ပုံဖော်ကြပြီး၊ ၎င်းကို တော်လှန်ရေး၏ပန်းတိုင်တစ်ခုအဖြစ်သာမက ထိုပန်းတိုင်ရောက်ရန်နည်းလမ်းတစ်ခုအဖြစ်ပါ မှတ်ယူကြသည်။ ဖြေဆိုသူတစ်ဦးပြောသကဲ့သို့ "တရားမျှတမှုသည် ကျွန်ုပ်တို့၏မျှော်မှန်းချက်ကိုအောင်မြင်ရန် လုပ်ငန်းစဉ်၏ဗဟိုချက်မ ဖြစ်သင့်သည်" ဟု ဆိုပါသည်။

လူမျိုးစုအားလုံးအကြား တန်းတူညီမျှရှိမှုကို အာမခံသော အားလုံးပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလုပ်ငန်းစဉ် လိုအပ်ကြောင်းကိုလည်း ဖြေဆိုသူအများအပြားက မီးမောင်းထိုးပြခဲ့ကြသည်။ ဖြေဆိုသူတစ်ဦးက "၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်အုပ်စုက အာဏာသိမ်းလိုက်ချိန်၌ ယခင်ဖွဲ့စည်းပုံသည် ပျက်ပြယ်သွားပြီဖြစ်သဖြင့်" တော်လှန်ရေးသည် "ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကို အတည်ပြုရမည်" ဟု ပြောကြားခဲ့သည်။

> ***ပထမအချက်အနေနဲ့ အာဏာသိမ်းအုပ်စုကို ဖယ်ရှားရပါမယ်။ ဒုတိယအချက်အနေနဲ့၊ အစိုးတော်လှန်ရေး ပါဝင်ပတ်သက်သူတွေအားလုံးကြားမှာ အနည်းဆုံးအားဖြင့် လက်တွေ့ကျတဲ့ ညီညွတ်မှုတစ်ခု တည်ဆောက်ရပါမယ်။ တတိယအချက်အနေနဲ့၊ စစ်အုပ်စုက ရက်စက်ကြမ်းကြုတ်မှုတွေကို ရပ်တန့်ရမယ်၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရမယ်၊ ပြီးတော့ ငြိမ်းချမ်းတဲ့အသွင်ကူးပြောင်းရေးဆီဦးတည်ဖို့ အာဏာလွှဲပြောင်းရေးအတွက် စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးမှုတစ်ခု ကမ်းလှမ်းရမယ်။***
>
> – ဖြေဆိုသူ

နောက်ဆုံးအနေဖြင့်၊ လုံခြုံရေး၊ လူသားချင်းစာနာမှုအကူအညီနှင့် တရားဝင် တော်လှန်ရေးအဖွဲ့အစည်းများကို အသိအမှတ်ပြုပြီး စစ်အုပ်စုကို သံတမန်ရေးနှင့် စီးပွားရေးအရ ဖယ်ကြဉ်ထားမည့် ပံ့ပိုးကူညီသော နိုင်ငံတကာ အသိုင်းအဝိုင်း၏အခြေအနေတို့သည် မရှိမဖြစ်လိုအပ်ကြောင်း ဖြေဆိုသူအများအပြားက ပြောကြားခဲ့ကြသည်။

## ၂.၄။ လိုအပ်သော ပံ့ပိုးကူညီမှု

> **ကျွန်ုပ်တို့သည် ညီညွတ်စွာ ရပ်တည်မှု၊ အပြန်အလှန် ပံ့ပိုးကူညီမှုနှင့် အရင်းအမြစ်များကို လိုအပ်သည်။**
>
> – ဖြေဆိုသူ

ဖြေဆိုသူများက တော်လှန်ရေးမျှော်မှန်းချက်ကို ရှေ့ဆက်တိုးမြှင့်ရန် လိုအပ်သော ရှင်းလင်းပြီးလက်တွေ့ကျသည့် ပံ့ပိုးကူညီမှုများကို အကြမ်းဖျင်းဖော်ပြခဲ့ကြသည်။ ၎င်းတို့၏အလေးထားမှုသည် ပြည်ပဝင်ရောက်စွက်ဖက်ခြင်းအပေါ်တွင် မဟုတ်ဘဲ တဖက်တွင်အုပ်ချုပ်ရန်၊ ကာကွယ်ရန်နှင့် ပြန်လည်တည်ဆောက်ရန် တော်လှန်ရေး၏စွမ်းဆောင်ရည်ကို အားကောင်းစေမည့် ညီညွတ်စွာရပ်တည်မှု၊ အရင်းအမြစ်များနှင့် အသိအမှတ်ပြုမှုတို့ ရရှိရေးအပေါ်တွင်ဖြစ်ပြီး၊ အခြားတဖက်တွင်မူ စစ်အုပ်စုအား ထောက်ပံ့မှုများကို ငြင်းပယ်ရန်ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းသို့ ရှင်းလင်းပြတ်သားသောတောင်းဆိုချက်များကို အပိုင်း ၆ တွင် အသေးစိတ်ဖော်ပြထားပါသည်။

## ၂.၅။ ငြိမ်းချမ်းရေး

> **ကျွန်ုပ်တို့၏မျှော်မှန်းချက်သည် တရားမျှတမှု၊ တန်းတူညီမျှရှိမှု၊ လူ့အခွင့်အရေးနှင့် အပြန်အလှန် လေးစားမှုတို့သည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၏အခြေခံအုတ်မြစ်များဖြစ်သည်ဟူသော ယုံကြည်ချက်အပေါ် တည်ဆောက်ထားသည်။**
>
> – ဖြေဆိုသူ

ငြိမ်းချမ်းရေးသည် တော်လှန်ရေးမျှော်မှန်းချက်၏ အစိတ်အပိုင်းဖြစ်သည်ကို အစဉ်တစိုက်တွေ့ရသော်လည်း၊ ဖြေဆိုသူ အများစုကမူ ငြိမ်းချမ်းရေးကို ပထမဦးစားပေးပန်းတိုင်အဖြစ် သီးသန့်သတ်မှတ်မထားပေ။ ယင်းအစား ဖက်ဒရယ် ဒီမိုကရေစီ၊ တရားမျှတမှုနှင့် တန်းတူညီမျှရှိမှုတို့ကိုသာ ငြိမ်းချမ်းရေးရရှိရန် မဖြစ်မနေရှိထားရမည့် ရှေ့ပြေးအခြေအနေများ (Necessary Precedents) အဖြစ် ရှုမြင်တင်ပြကြသည်။ ဖြေဆိုသူအများအပြားက ထိုပန်းတိုင်သို့ရောက်ရှိရန် မရှိမဖြစ် လိုအပ်သောလမ်းကြောင်းများအဖြစ် တွေ့ဆုံဆွေးနွေးရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသမီးများ၊ လူငယ်များနှင့် တိုင်းရင်းသားလူမျိုးများပါဝင်မှုကို သေချာစေသည့် အားလုံးအကျုံးဝင်ပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်တို့ လိုအပ်ကြောင်း မီးမောင်းထိုးပြခဲ့ကြသည်။ သို့သော် ဖြေဆိုသူများသည် လက်ရှိအခြေအနေများအပေါ် ပြတ်သားသောသုံးသပ်ချက်ကိုလည်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ စစ်အုပ်စု၏ ဆက်လက်ဖြစ်ပွားနေသော အကြမ်းဖက်မှုများကြောင့် လက်နက်ကိုင်ခုခံတော်လှန်မှုကို သာလျှင် စစ်မှန်သောငြိမ်းချမ်းရေးဆီသို့ ဦးတည်စေမည့် ပြီးပြည့်စုံသော နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတစ်ခုအတွက် နေရာလပ် ဖန်တီးပေးနိုင်မည့်တစ်ခုတည်းသော လက်တွေ့ကျသည့် နည်းလမ်းအဖြစ် ရှုမြင်ကြသည်။

## ၂.၆။ အားလုံးအကျုံးဝင်ပါဝင်မှု

> **စစ်အုပ်စု၏အာဏာသည် အဆုံးသတ်ရမည်ဖြစ်ပြီး၊ ရိုဟင်ဂျာများအပါအဝင် လူထုအသိုင်းအဝိုင်းတိုင်းသည် ပြည့်ဝသော အခွင့်အရေးများနှင့် ကာကွယ်စောင့်ရှောက်မှုများကို ခံစားရရှိရမည်။**
>
> – ဖြေဆိုသူ

ဖြေဆိုသူအများအပြားက အားလုံးပါဝင်မှုနှင့် ဗဟုဝါဒ (pluralism) အပေါ် ၎င်းတို့၏ကတိကဝတ်ကို ထုတ်ဖော်ပြောဆိုခဲ့ကြပြီး၊ မြန်မာ့အနာဂတ်ကိုပုံဖော်ရာတွင် အမျိုးသမီးများ၊ လူငယ်များနှင့် ဘာသာရေးလူနည်းစုများ၏ ပါဝင်မှုကို ရှင်းလင်းပြတ်သားစွာ တောင်းဆိုခဲ့ကြသည်။ သို့သော် အခြားသူများကမူ ဖက်ဒရယ်စနစ်၏ ဗဟိုမူဝါဒတစ်ခုအဖြစ် တိုင်းရင်းသားဝိသေသလက္ခဏာအပေါ် အဓိကချိတ်ဆက်ထားသည့် ကိုယ်စားပြုနိုင်ငံရေးသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ လူနည်းစုများကို ကာကွယ်စောင့်ရှောက်ရာတွင် အလားအလာရှိသော စိန်ခေါ်မှုများဖြင့်တက်စေကြောင်း အသိအမှတ်ပြုခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုလူနည်းစုများ၏ အခွင့်အရေးများသည် ဒေသအဆင့်ရှိ လူများစု၏သဘောထားနှင့် အမြဲတမ်းကိုက်ညီမှုမရှိနိုင်သောကြောင့်ဖြစ်သည်။ ဖြေဆိုသူအချို့က ရိုဟင်ဂျာများကို ရှင်းလင်းစွာရည်ညွှန်းပြောဆိုခဲ့ကြပြီး၊ အခြားမြောက်မြားစွာသောသူများကမူ ပိုမိုကျယ်ပြန့်သောတန်းတူညီမျှရှိမှုနှင့် ခွဲခြားဆက်ဆံမှုမရှိရေးမူဝါဒများကို ကိုးကားပြောဆိုခဲ့ကြသည်။




မြန်မာနိုင်ငံ၏ ၁၉၈၈ ဒီမိုကရေစီရေးလှုပ်ရှားမှု ကျောင်းသားအရေးတော်ပုံကာလအတွင်း ရိုဟင်ဂျာကျောင်းသားများ ချီတက်ဆန္ဒပြနေကြပုံ။
(လုပ်သား ပြည်သူ့နေ့စဉ်)

# ၃။ အတားအဆီးများ

> မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုနှင့် နိုင်ငံရေးအရဖိနှိပ်မှုတို့၏ အဓိကဗဟိုချက်မမှာ နိုင်ငံရေးအာဏာနှင့် စီးပွားရေး လွှမ်းမိုးချုပ်ကိုင်မှုတို့ကို ဖက်တွယ်ထားရန် စစ်တပ်၏ မဆုတ်မနစ်ကြိုးပမ်းအားထုတ်မှုပင်ဖြစ်သည်။
>
> – ဖြေဆိုသူ

မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရရှိရေးအတွက် ကြီးမားသောအတားအဆီးများ ဆက်လက် တည်ရှိနေဆဲဖြစ်သည်။ ဖြေဆိုသူများ၏တုံ့ပြန်ချက်များအရ မြန်မာစစ်တပ်သည် ပဋိပက္ခအားလုံး၏ အဓိကမောင်းနှင်အား ဖြစ်သည်ဟူသော ကျယ်ပြန့်သည့်အမြင်သဘောထားကို ထင်ဟပ်ဖော်ပြနေသည်။ ထို့အပြင် ပဋိပက္ခ၏ အခြားသော ဇာစ်မြစ်အကြောင်းရင်းများအဖြစ် အစွန်းရောက်အမျိုးသားရေးဝါဒ၊ လူ့အခွင့်အရေးငြင်းပယ်ခံရခြင်း၊ နိုင်ငံရေးအရ ဖိနှိပ်ချုပ်ချယ်ခြင်း၊ အတိတ်က ကျူးလွန်ခဲ့သောရာဇဝတ်မှုများအတွက် တာဝန်ယူ/ခံမှုမရှိခြင်း၊ စီးပွားရေးမညီမျှမှုနှင့် ပြည်ပစွက်ဖက်မှုတို့ကိုလည်း ထောက်ပြထားကြပါသည်။ ထိုမျှသာမက ဆယ်စုနှစ်များစွာကြာမြင့်ခဲ့သော ပဋိပက္ခဒဏ်သည်လည်း မြန်မာနိုင်ငံရှိလူထုအသိုင်းအဝိုင်းများအကြား၌ ယုံကြည်မှုကင်းမဲ့ခြင်းကို ဖြစ်ပေါ်စေခဲ့သော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။



၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က ကျင်းပသော တပ်မတော်နေ့ အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မြန်မာစစ်အုပ်စု၏ တပ်ဖွဲ့ဝင်များ ချီတက်နေကြပုံ။ (Mil.ru / Wikimedia Commons / CC BY 4.0)

## ၃.၁။ စစ်တပ်

> **“လက်ရှိ ဗမာလူမျိုးကြီးစိုးထားသောစစ်တပ်အုပ်စုသည် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက်သာ ကြည့်ခြင်းမှလွဲ၍ တိုင်းပြည်ကို ဦးဆောင်ရန် လုံးဝမသင့်တော်သည့်တိုင်အောင်၊ ၎င်းတို့သည် တနိုင်ငံလုံး၏နိုင်ငံရေးကို လွှမ်းမိုးချုပ်ကိုင်ရန်နှင့် နိုင်ငံ၏လူမှုယဉ်ကျေးမှုအခင်းအကျင်းကို ၎င်းတို့စိတ်ကြိုက်ပုံဖော်ရန် အခွင့်အရေးရှိသည်ဟု တရားသေဆုပ်ကိုင်ထားဆဲဖြစ်သည်။**
>
> – ဖြေဆိုသူ

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးနှင့် တိုင်းရင်းသားလူမျိုးဆိုင်ရာ ဗိုလ်ကျစိုးမိုးမှုများကို ဆက်လက်မြဲမြံစေနိုင်ရန်အတွက် စစ်တပ်က ဆယ်စုနှစ်များစွာကြာ စနစ်တကျအကြမ်းဖက်နည်းလမ်းများ အသုံးပြုခဲ့သည်ကို ဖြေဆိုသူများကထောက်ပြခဲ့ကြသည်။ ၎င်းတို့သည် စစ်တပ်၏လွှမ်းမိုးမှုကို အာဏာရှင်ဆန်ခြင်း၊ အာဏာရှင်စနစ်ကျင့်သုံးခြင်း၊ အကျင့်ပျက်ခြစားခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် မဟာလူမျိုးကြီးဝါဒစွဲကိုင်ခြင်းဟူ၍ သတ်မှတ်ဖော်ပြကြသည်။ ထို့ပြင် ဖြေဆိုသူအများအပြားက တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဒီမိုကရေစီကိုနှိပ်ကွပ်ခြင်းနှင့် သဘာဝသယံဇာတများကို ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းတို့သည် အကြမ်းဖက်မှုနှင့်ပဋိပက္ခများကို အမြစ်တွယ်ခိုင်မာစေခဲ့ပြီး၊ မြန်မာနိုင်ငံတွင် လက်နက်ကိုင် ခုခံတော်လှန်မှုကို မလွှဲမရှောင်သာဖြစ်လာစေခဲ့ကြောင်း ထောက်ပြခဲ့ကြသည်။ အာဏာသိမ်းရန်ကြိုးပမ်းချိန်မှစ၍ စစ်အုပ်စု၏လုပ်ရပ်များကိုသုံးသပ်ရာတွင်၊ စစ်အုပ်စုသည် ပြည်သူလူထုတရပ်လုံးအပေါ် မကြုံစဖူးသော ရက်စက်ကြမ်းကြုတ်မှုစစ်ဆင်ရေးများဖြင့် အတောမသတ်ကျူးလွန်ခဲ့ပြီး၊ နိုင်ငံကိုပျက်စီးစေရုံသာမက ဒေသတွင်း တည်ငြိမ်မှုကိုပါထိခိုက်စေသော ဘက်ပေါင်းစုံအကျပ်အတည်းတစ်ရပ်ကိုဖန်တီးခဲ့ကြောင်း ဖြေဆိုသူတစ်ဦးကဆိုသည်။ ဤအခြေအနေများအောက်တွင်၊ ဖြေဆိုသူအများအပြားက စစ်တပ်ကို နိုင်ငံရေးနယ်ပယ်မှ ဖယ်ရှားခြင်းသည် “အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုသံသရာကိုအဆုံးသတ်ရန်” နှင့် “ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရန်” အတွက် ပထမဆုံးခြေလှမ်းဖြစ်ကြောင်း ရှုမြင်သုံးသပ်ကြသည်။

> **“ပြည်တွင်းသာမက ဒေသတွင်း ပြဿနာများ/အကျပ်အတည်းများကိုပါ ဖန်တီးနေသော စစ်တပ်ကို ဖယ်ရှားခြင်းသည် နိုင်ငံကို ပြန်လည်တည်ဆောက်ရန်အတွက် စတင်လုပ်ဆောင်ရမည့်အချက်ပင်ဖြစ်သည်။**
>
> – ဖြေဆိုသူ

## ၃.၂။ ကျိုးပဲ့လွယ်သော ယုံကြည်မှု

> *ယုံကြည်မှုက တကယ့်ကိုကျိုးပဲ့လွယ်တဲ့ အခြေအနေမှာရှိနေတယ်။ ခင်ဗျားအနေနဲ့ ယုံကြည်မှုကို တစ်ကြိမ်တည်းနဲ့ ရိုက်ချိုးဖျက်စီးလိုက်လို့ရပေမယ့်၊ ပြန်လည်တည်ဆောက်ဖို့ကျတော့ တကယ်ကိုခက်ခဲတယ်။*
>
> – ဖြေဆိုသူ


မြန်မာနိုင်ငံရှိ လူထုအသိုင်းအဝိုင်းများအကြားယုံကြည်မှုသည် ကျိုးပဲ့လွယ်သောအခြေအနေတွင် ဆက်လက်ရှိနေသည်။ ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးလက်ထက်တွင် စတင်မိတ်ဆက်ခဲ့ပြီး လွတ်လပ်ရေးရပြီးချိန်မှစ၍ စစ်တပ်က ဆက်လက်ကျင့်သုံးခဲ့သော သွေးခွဲအုပ်ချုပ်သည့်နည်းဗျူဟာများသည် တိုင်းရင်းသားလူမျိုး၊ လူတန်းစား၊ ယဉ်ကျေးမှုနှင့် ဘာသာရေးကွဲပြားမှုများအကြားရှိ စည်းလုံးညီညွတ်မှုအထွေထွေကို ထိခိုက်အားနည်းစေခဲ့ကြောင်း ပါဝင်ပတ်သက်သူ အများအပြားက အလေးထားထောက်ပြခဲ့ကြသည်။ ထို့အပြင် အချို့သောဖြေဆိုသူများက လူနည်းစုများအနေဖြင့် ဗမာ နိုင်ငံရေးခေါင်းဆောင်များအပေါ် ယနေ့တိုင်ရှိနေဆဲဖြစ်သော ယုံကြည်မှုကင်းမဲ့ခြင်းကို ထောက်ပြခဲ့ကြပြီး၊ အခြားသူများကမူ အချို့သောတိုင်းရင်းသားအုပ်စုများအကြား အပြန်အလှန်အသိအမှတ်ပြုမှုအားနည်းခြင်းကို ကျော်လွှားရမည့် အဓိကစိန်ခေါ်မှုတစ်ခုအဖြစ် ဖော်ထုတ်ခဲ့ကြသည်။ ဖြေဆိုသူတစ်ဦးကမူ စစ်တပ်အပေါ် မယုံကြည်မှုသည် အလွန်အမင်းနက်ရှိုင်းကြောင်း ယခုလိုပြောကြားခဲ့သည် - “ဒီစစ်အုပ်စုဟာ ယုံကြည်ရတဲ့သူတွေမဟုတ်ဘူးဆိုတာကို သိရှိဖို့အတွက် ကျွန်တော်တို့လုံလောက်တဲ့သင်ခန်းစာတွေရပြီးပါပြီ။ ပိုဆိုးတာက စစ်အုပ်စုဟာ အာဏာကိုရှာဖွေရာမှာ ကိုယ့်ကျိုးကိုပဲ အလွန်အမင်းကြည့်တတ်တာပါပဲ။ မြန်မာပြည်သူတွေကြား စည်းလုံးညီညွတ်မှုရှိနေတာကို သူတို့ရဲ့ ထိန်းချုပ်မှုအပေါ် ခြိမ်းခြောက်မှုတစ်ခုလို့ စစ်အုပ်စုကရှုမြင်နေတယ်လို့ ကျွန်တော်ထင်ပါတယ်။” ထို့ကြောင့် အချို့သော ဖြေဆိုသူများက လူထုအသိုင်းအဝိုင်းအားလုံးအကြား ယုံကြည်မှုကိုပြန်လည်တည်ဆောက်ရန်အတွက် စစ်တပ်ကို နိုင်ငံရေးမှ ဦးစွာဖယ်ရှားခြင်းမပြုဘဲ မဖြစ်နိုင်ကြောင်းသုံးသပ်ကြပါသည်။

## ၃.၃။ အင်အားကြီးအိမ်နီးချင်းများ၏ ဝင်ရောက်စွက်ဖက်မှု

> *အချို့သောနိုင်ငံများက မြန်မာ့အကျပ်အတည်းနှင့် စစ်အုပ်စုအာဏာဆက်ရှိနေမှုကို အခွင့်အရေးတစ်ခုအဖြစ် ရှုမြင်နေကြသည်မှာ ထင်ရှားပါသည်။ ဤအချက်သည် စည်းလုံးညီညွတ်မှုကို ထိခိုက်စေပြီး ကြီးမားသောစိုးရိမ်စရာတစ်ခု ဖြစ်လာသည်။*
>
> – ဖြေဆိုသူ

အချို့သောဖြေဆိုသူများက “ဝင်ရောက်စွက်ဖက်ခြင်း” နှင့် “အင်အားကြီးအိမ်နီးချင်းနိုင်ငံများ၏ လွှမ်းမိုးချုပ်ကိုင်ခြင်း” တို့သည် မြန်မာနိုင်ငံရှိလူထုအသိုင်းအဝိုင်းများအကြား ယုံကြည်မှုနှင့်စည်းလုံးညီညွတ်မှုကို ထိခိုက်အားနည်းစေသည်ဟု သုံးသပ်ကြပြီး၊ ဖြေဆိုသူအများအပြားက တရုတ်နိုင်ငံကိုအမည်တပ်၍ အထူးပြုပြောကြားခဲ့ကြသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဖြေဆိုသူတစ်ဦးက အောက်ပါအတိုင်းရှင်းပြခဲ့သည် - “တရုတ်နိုင်ငံ၏ ပထဝီနိုင်ငံရေး အကျိုးစီးပွားများကလည်း စစ်အုပ်စုကို အားပေးအားမြှောက်ပြုရာရောက်စေသည်။ တရုတ်နိုင်ငံသည် တိုက်ရိုက် ဝင်ရောက်စွက်ဖက်ခြင်းနှင့် မဟာဗျူဟာမြောက်ထောက်ပံ့မှုများမှတဆင့် စစ်တပ်အပေါ် အနှစ်သာရရှိသည့် တာဝန်ယူ/ခံမှု မဖြစ်လာစေရန် ကာကွယ်ပေးခဲ့ပြီး၊ ပြည်သူလူထုအပေါ် နှိပ်ကွပ်မှုများကို ပိုမိုရဲတင်းစွာလုပ်ဆောင်လာစေရန် ရဲဆေးတင်ပေးခဲ့သည်။



၂၀၂၅ ခုနှစ်၊ မေလ ၉ ရက်နေ့က မော်စကိုမြို့တွင် ကျင်းပသော ရုရှားနိုင်ငံ၏ အောင်ပွဲနေ့ အခမ်းအနားများသို့ တက်ရောက်စဉ် စစ်ခေါင်းဆောင် မင်းအောင်လှိုင်က တရုတ်သမ္မတ ရှီကျင့်ဖျင်အား လက်ဆွဲနှုတ်ဆက်နေပုံဖြစ်ပါသည်။ (တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန)

# ၄။ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှု တည်ဆောက်ခြင်း။

ဖြေဆိုသူများသည် ယုံကြည်မှုတည်ဆောက်ရန်၊ ပြန်လည်သင့်မြတ်ရေးကိုပျိုးထောင်ရန်နှင့် ပဋိပက္ခ၏ဖွဲ့စည်းပုံဆိုင်ရာနှင့် သမိုင်းကြောင်းဆိုင်ရာဇာစ်မြစ်အကြောင်းရင်းများကို ဖြေရှင်းရန်နည်းလမ်းများကို ဖော်ပြခဲ့ကြသည်။

## ၄.၁။ အားလုံးအကျုံးဝင်ပါဝင်သော တွေ့ဆုံဆွေးနွေးမှုမှတဆင့်လျှောက်လှမ်းမည့် ပြန်လည်သင့်မြတ်ရေး

> **ရိုဟင်ဂျာနှင့် ရခိုင်လူထုအသိုင်းအဝိုင်းများအကြား စစ်မှန်သောပြန်လည်သင့်မြတ်ရေးသည် အမှန်တရား၊ တရားမျှတမှုနှင့် အားလုံးပါဝင်သောတွေ့ဆုံဆွေးနွေးမှုတို့မှတဆင့် လျှောက်လှမ်းရန် အလွန်အရေးကြီးပါသည်။ ဤလူထုအသိုင်းအဝိုင်းများ ပြန်လည်အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သောအခါ၊ ယင်းသည် မြန်မာနိုင်ငံတဝန်းလုံးတွင် ရေရှည်တည်တံ့သော ယုံကြည်မှုနှင့် သဟဇာတဖြစ်မှုအတွက် အခြေခံအုတ်မြစ်ကို သေချာခိုင်မာစေလိမ့်မည်။**
>
> – ဖြေဆိုသူ

လူထုအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတည်ဆောက်ရာတွင် အားလုံးအကျုံးဝင်ပါဝင်သော တွေ့ဆုံဆွေးနွေးရေးသည် အရေးပါကြောင်း ဖြေဆိုသူအများအပြားက သုံးသပ်အစီရင်ခံခဲ့သည်။ ၎င်းတို့က စစ်မှန်သောနားလည်မှုကို ပျိုးထောင်ခြင်း၊ အတိတ်ကအတွေ့အကြုံများကို အသိအမှတ်ပြုခြင်းနှင့် လူမျိုးနှင့် ဘာသာရေးအုပ်စုအားလုံးအကြား ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ခြင်းတို့၏အရေးပါမှုကို အလေးထားပြောကြားခဲ့ကြသည်။ ထို့ကြောင့် ဤဆွေးနွေးပွဲသည် "လက်နက်ကိုင်အဖွဲ့များ အလွန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးများ၊ လူငယ်များနှင့် ဘေးဖယ်ခံထားရသော လူနည်းစုများပါဝင်သည်အထိ" ကျယ်ပြန့်ရမည်ဟု ဖြေဆိုသူတစ်ဦးကဆိုသည်။ "ကတိကဝတ်နှင့် ယုံကြည်စိတ်ချရမှုကို ပြသသည့်" ပူးပေါင်းဆောင်ရွက်မှု၊ ဘုံရည်မှန်းချက်များနှင့် သဘောတူညီချက်များမှတဆင့် ယုံကြည်မှုကို "တဆင့်ပြီးတဆင့်" တည်ဆောက်ရကြောင်းလည်း ဖြေဆိုသူများက အလေးပေးပြောကြားခဲ့သည်။ ထို့အပြင် ဗမာနှင့် ဗမာမဟုတ်သောသူများ (တိုင်းရင်းသားများ) အကြား ယုံကြည်မှုပြန်လည်တည်ဆောက်ခြင်းသည် "အထူးအရေးကြီးကြောင်း" ဖြေဆိုသူတစ်ဦးကဖော်ထုတ်ခဲ့သကဲ့သို့၊ အခြား ဖြေဆိုသူတစ်ဦးကလည်း "အကယ်၍ ကျွန်ုပ်တို့တွင် တရားမျှတမှုနှင့် တာဝန်ယူ/ခံမှု ရှိပြီး၊ မတူညီသော တိုင်းရင်းသားအုပ်စုများ အကြားတွင် တွေ့ဆုံဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလည်းရှိမည်[ဆိုပါက]၊ မျှော်မှန်းချက်ကိုအောင်မြင်ရန် မည်သို့သော ရှုန်းကန်ရမှုမျိုးကိုမဆို ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မည်" ဟု ရှင်းပြခဲ့သည်။

နိုင်ငံတကာအသိုင်းအဝိုင်းသည် ယုံကြည်မှုတည်ဆောက်ရာတွင် အပြုသဘောဆောင်သောအခန်းကဏ္ဍမှ ပါဝင်နိုင်ကြောင်းလည်း ဖြေဆိုသူများက မီးမောင်းထိုးပြခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ ဖြေဆိုသူတစ်ဦးက "အကယ်၍ ကျွန်ုပ်တို့က မြန်မာ

နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို စစ်မှန်စွာလိုလားပါက၊ ကျွန်ုပ်တို့၏စည်းလုံးညီညွတ်မှုနှင့် ယုံကြည်မှုတည်ဆောက်ရာတွင်ကူညီရန် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ တညီတညွတ်တည်းနှင့် စုပေါင်း ကြိုးပမ်းအားထုတ်မှုတစ်ရပ် ရှိကိုရှိရမည်" ဟု မှတ်ချက်ပြုခဲ့သည်။

## ၄.၂။ ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို အဆုံးသတ်ခြင်း

> ပွင့်လင်းမြင်သာသောအုပ်ချုပ်ရေးနှင့် တာဝန်ယူမှုတာဝန်ခံမှုတို့သည် မရှိမဖြစ်လိုအပ်သည်၊ ၎င်းအတွက် အကျင့်ပျက်ခြစားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အတိတ်ကမတရားမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် ယန္တရားများထားရှိရမည်ဖြစ်ပြီး၊ တရားဥပဒေစိုးမိုးရေးအပေါ် ယုံကြည်သက်ဝင်မှု အားကောင်းလာစေရန်အတွက် အကြမ်းဖက်မှုကျူးလွန်သူများကို တာဝန်ခံ/ယူမှုရှိစေရမည်။
>
> – ဖြေဆိုသူ

"တာဝန်ယူ/ခံမှု" နှင့် "တရားမျှတမှု" ကင်းမဲ့နေခြင်းသည် ပဋိပက္ခကိုဖြစ်ပွားစေသော အဓိကတွန်းအားများဖြစ်ကြောင်း ဖြေဆိုသူအများအပြားက ထောက်ပြခဲ့ကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဖြေဆိုသူတစ်ဦးက အောက်ပါအတိုင်း ရှင်းပြခဲ့သည် - "စစ်တပ်သည် တာဝန်ယူ/ခံမှုကို မည်သည့်အခါကမျှ မရင်ဆိုင်ခဲ့ရဖူးပါ။ ဆယ်စုနှစ်များစွာကြာ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်း၊ အကျင့်ပျက်ခြစားခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းမှုယန္တရားများမရှိခြင်းတို့က အကြမ်းဖက်မှုသံသရာများကို နောက်ဆက်တွဲ အကျိုးဆက်မရှိဘဲ ထပ်ခါတလဲလဲဖြစ်ခွင့်ပြုခဲ့သည်။ စစ်သားများက မတရားမှုများကျူးလွန်သည့်အခါ တရားမျှတမှု မရှိဘဲ တိတ်ဆိတ်ငြိမ်သက်ခြင်းသာရှိသည်ကို လူထုအသိုင်းအဝိုင်းများက ကောင်းစွာသိရှိကြပါသည်။" ထို့ကြောင့် ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန်နှင့် တရားဥပဒေစိုးမိုးရေးအပေါ် ယုံကြည်သက်ဝင်မှုပြန်လည်ရရှိရန် အထောက်အကူပြုမည့် အမှန်တရားဖော်ထုတ်ခြင်း၊ အတိတ်က မတရားမှုများကို အသိအမှတ်ပြုခြင်းနှင့် တာဝန်ယူ/ခံမှု ရှိစေခြင်းအပါအဝင် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရေး အစီအစဉ်အမျိုးမျိုးကို ဖြေဆိုသူများက အကြံပြုဖော်ပြခဲ့ကြသည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့်ကိုအဆုံးသတ်ခြင်းသည် အကြမ်းဖက်မှုနှင့် ပဋိပက္ခသံသရာများကိုဖြတ်တောက်ရန် မရှိမဖြစ်လိုအပ်ကြောင်း ဖြေဆိုသူတစ်ဦးက အလေးထား ပြောကြားခဲ့သည်။ ဤသဘောထားကို အခြားတစ်ဦးကလည်း ထပ်တူထပ်မျှထောက်ခံပြောဆိုခဲ့ပြီး "တရားမျှတမှုသည် လူတိုင်းအတွက် မျှတပြီးတန်းတူညီမျှဖြစ်မှသာ ယုံကြည်မှုက ဖြည်းဖြည်းချင်း ပြန်လည်စတင်လာမည်ဖြစ်ပြီး၊ ၎င်းမရှိလျှင် ငြိမ်းချမ်းရေးသည် အမြဲတမ်းကျိုးပဲ့လွယ်နေမည်ဖြစ်သည်" ဟု မှတ်ချက်ပြုခဲ့သည်။

## ၄.၃။ တိုင်းရင်းသားအခွင့်အရေးများကို အသိအမှတ်ပြုခြင်း

> **နွေဦးတော်လှန်ရေးကာလအတွင်းမှာ၊ ၎င်းတို့ကိုယ်တိုင်အတွက် အသိအမှတ်ပြုခံရဖို့ ကြိုးပမ်းနေကြတဲ့ တိုင်းရင်းသားလူမျိုးများစွာရှိနေတာကို ကျွန်ုပ်တို့မြင်တွေ့နိုင်ပါတယ်။**
>
> – ဖြေဆိုသူ

ဖြေဆိုသူများသည် ၎င်းတို့၏တုံ့ပြန်ချက်များတွင် တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများအပေါ် ကာလရှည်ကြာ စနစ်တကျ ဘေးဖယ်ထားခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့၏ဆိုးကျိုးသက်ရောက်မှုများကို တစိုက်မတ်မတ်ထောက်ပြခဲ့ကြသည်။ ဖြေဆိုသူအများအပြားက မြန်မာစစ်တပ်နှင့် ဗဟိုအစိုးရများက အဓိက တွန်းအားပေးလုပ်ဆောင်ခဲ့သော တိုင်းရင်းသားလူနည်းစုများ၏အခွင့်အရေးများနှင့် ကိုယ်ပိုင်ဂိုဏ်ဝိသေသများကို ငြင်းပယ်ခြင်း၊ ဖျောက်ဖျက်ပစ်ခြင်းတို့သည် ပဋိပက္ခနှင့်အမြစ်တွယ်နေသောတန်းတူညီမျှမရှိမှုများ၏ဇာစ်မြစ် အကြောင်းရင်းများအဖြစ် ရှုမြင်ကြသည်။ ဤအခြေအနေတွင် ရိုဟင်ဂျာများသည် ဆက်လက်ဖြစ်ပွားနေသော “လူမျိုးသုဉ်းသတ်ဖြတ်မှု” ကို ခံစားနေကြရကြောင်း အချို့သောဖြေဆိုသူများက အထူးပြုဖော်ထုတ်ခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသား လူနည်းစုအားလုံး၏အခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းသည် စိတ်ဝမ်းကွဲပြားမှုများကို အဆုံးသတ်ရန်နှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်ချရန်မရှိမဖြစ်လိုအပ်ကြောင်း ဖြေဆိုသူ အများအပြားက မီးမောင်းထိုးပြခဲ့ကြသည်။ ထို့အပြင် လူနည်းစုအားလုံးအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှရှိမှုဆိုင်ရာအာမခံချက်များသည် လက်တွေ့အလုပ်ဖြစ်ပြီး အားလုံးအကျုံးဝင်ပါဝင်သော ဖက်ဒရယ်ဒီမိုကရေစီစနစ်တည်ဆောက်ရန်အတွက် အလွန်အရေးပါကြောင်း အခြားသူများက အလေးပေးပြောကြားခဲ့ကြသည်။

## ၄.၄။ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသင့်တင့်မျှတမှုရှိခြင်း

> **သဘာဝသယံဇာတများနှင့် မြေယာများကို ထိန်းချုပ်ရေးကိရိယာများအဖြစ် သဘောထားအသုံးပြုကြသည်။ မြေယာသိမ်းဆည်းမှုများ၊ သယံဇာတတူးဖော်ရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံစီမံကိန်းများကို လူထုအကျိုးစီးပွားအတွက်ရည်ရွယ်ခြင်းမရှိဘဲ၊ စစ်အာဏာခိုင်မာစေရန်နှင့် ဆန့်ကျင်မှုများကို အားလျော့သွားစေရန်အတွက်သာ ရေးဆွဲလေ့ရှိပါသည်။**
>
> – ဖြေဆိုသူ

ဖြေဆိုသူတစ်ဦးက ပဋိပက္ခသည် “ဖွဲ့စည်းပုံဆိုင်ရာမညီမျှမှုများကြောင့် ပိုမိုဆိုးရွားနေရခြင်းဖြစ်သည်” ဟု သုံးသပ်ဖော်ပြခဲ့သည်။ အခြားတစ်ဦးကလည်း စစ်တပ်၏ မြေယာနှင့်သဘာဝသယံဇာတများကို ခေါင်းပုံဖြတ်အမြတ်ထုတ်မှုသည် နိုင်ငံတဝန်းလုံးကို နစ်နာဆုံးရှုံးစေခဲ့ပြီး၊ လက်တစ်ဆုပ်စာ အထက်တန်းလွှာ လူတန်းစားတစ်ရပ်ကိုသာ ချမ်းသာကြွယ်ဝစေခဲ့သည်ဟု ထောက်ပြ

ခဲ့သည်။ ထို့အပြင် သယံဇာတကြွယ်ဝသော တိုင်းရင်းသားဒေသများရှိ လူထုအသိုင်းအဝိုင်းများသည် ၎င်းတို့၏ ကိုယ်ပိုင်သယံဇာတများမှ အကျိုးခံစားခွင့် ရရှိမည့်အစား ခေါင်းပုံဖြတ်ခံရခြင်း၊ မြေယာသိမ်းဆည်းခံရခြင်းနှင့် အဓမ္မနေရပ်ရွှေ့ပြောင်းခံရခြင်းများကိုသာ ရင်ဆိုင်နေရပြီး၊ ဤအချက်ကပင် စစ်ရေးအင်အားတိုးချဲ့လွှမ်းမိုးမှုကို ပိုမိုတွန်းအားပေးဖြစ်ပေါ်စေလျက်ရှိကြောင်း တတိယမြောက်ဖြေဆိုသူတစ်ဦးက ရှင်းပြခဲ့သည်။ ထို့ကြောင့် ဤသံသရာကိုဖြတ်တောက်နိုင်ရန်အတွက်၊ တိုင်းရင်းသားလူမျိုးပေါင်းစုံအကြား သဘာဝသယံဇာတများကို ပွင့်လင်းမြင်သာပြီး မျှတစွာခွဲဝေသုံးစွဲခြင်းအပါအဝင် ဒေသတွင်း အခြေခံအဆောက်အအုံ၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ အခွင့်အလမ်းသင့်တင့်မျှတမှုရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ မရှိမဖြစ်လိုအပ်ကြောင်း ဖြေဆိုသူများက အလေးပေး ပြောကြားခဲ့ကြသည်။



ကချင်ပြည်နယ်၊ နယ်စပ်မြို့တစ်မြို့ ၌ တွေ့မြင်ရသော မြေရှားသတ္တုတူးဖော်ရေး မိုင်းတွင်းဟောင်းများ။ (Myanmar Now)

## ၄.၅။ အားလုံးအကျုံးဝင်ပါဝင်သော နိုင်ငံရေးမူဘောင်များ

> ပါဝင်ပတ်သက်သူများအားလုံးက ပြည်ထောင်စုနှင့် ဖက်ဒရယ်ယူနစ်အဆင့်နှစ်ရပ်စလုံးတွင် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကိုရေးဆွဲရန် အတူတကွလက်တွဲလုပ်ဆောင်သည့်အခါ ယုံကြည်မှုကို ပိုမိုခိုင်မာစေနိုင်ပါသည်။
>
> – ဖြေဆိုသူ

အဆင့်တိုင်းတွင် အားလုံးအကျုံးဝင်ပါဝင်သောဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များနှင့် သဘောတူညီချက်များမှတဆင့် ယုံကြည်မှုကိုတရားဝင်ခိုင်မာစေခြင်းသည် အလွန်အရေးကြီးကြောင်း ဖြေဆိုသူများကဖော်ပြခဲ့ကြသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဖြေဆိုသူတစ်ဦးက အောက်ပါအတိုင်းရှင်းပြခဲ့သည် - “အောက်ခြေလူထုအသိုင်းအဝိုင်းများ၊ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များက ဘုံအကျိုးစီးပွားနှင့် ပြည်သူ့လူမှုဖူလုံရေးကိုမြှင့်တင်ရန် အတူတကွ လုပ်ဆောင်နေကြသည့် လွတ်မြောက်နယ်မြေများတွင် ဤလုပ်ငန်းစဉ်များ သဘာဝကျကျပေါ်ထွန်းနေပြီးဖြစ်သည်။” ထိုဖြေဆိုသူကပင် ဤဒေသ အလိုက်ဦးဆောင်သော ဦးဆောင်လှုပ်ရှားမှုများသည် “စစ်မှန်သောဖက်ဒရယ်စနစ်၏ အခြေခံအုတ်မြစ်များကို အောက်ခြေမှ အထက်သို့ ပုံဖော်နေခြင်းဖြစ်သည်” ဟု ဖြည့်စွက်ပြောကြားခဲ့သည်။ ထို့အပြင် တိုင်းရင်းသားအုပ်စုများနှင့် လူနည်းစုအားလုံး အတွက် တန်းတူညီမျှရှိမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အာဏာခွဲဝေအုပ်ချုပ်မှုတို့ကို အာမခံသောပြည်နယ်နှင့် နိုင်ငံလုံးဆိုင်ရာ အဆင့်ရှိ ဖက်ဒရယ်ဒီမိုကရေစီ မူဘောင်တစ်ခုမှတဆင့် ယုံကြည်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဖြေဆိုသူအများအပြားက အလေးပေးပြောကြားခဲ့ကြသည်။

## ၅။ နိုင်ငံတကာအသိုင်းအဝိုင်းအား လုပ်ဆောင်ရန်အလို့ငှာ တိုက်တွန်းချက်

နိုင်ငံတကာမှအရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းချက်များနှင့်စပ်လျဉ်း၍ ဖြေဆိုသူအလွှာအသီးသီး၏ တောင်းဆိုချက်များ အကြား ထူးခြားထင်ရှားသောတူညီမှုများကို တွေ့ရှိရပါသည်။ ဤတိုက်တွန်းချက်များတွင် နိုင်ငံတကာအနေဖြင့် အောက်ပါ အရေးယူဆောင်ရွက်မှုများကိုလုပ်ဆောင်ပေးရန် တောင်းဆိုထားကြသည် -

တော်လှန်ရေးအင်အားစုများကို တရားဝင်အသိအမှတ်ပြုရန်၊ စစ်အုပ်စု၏ရက်စက်ကြမ်းကြုတ်မှုများကိုရပ်တန့်ပြီး နိုင်ငံရေး အကျဉ်းသားများလွတ်မြောက်ရေးကို ဆောင်ရွက်ပေးရန်၊ အရေးယူပိတ်ဆို့မှုများနှင့် ပိတ်ပင်တားဆီးမှုများ ချမှတ်ခြင်းဖြင့် စစ်အုပ်စုကိုပစ်မှတ်ထားပြီးဖယ်ကြဉ်ထားရန်၊ စစ်အုပ်စု၏ အတုအယောင်ရွေးကောက်ပွဲကို ရှုတ်ချရန်၊ စစ်အုပ်စုကို ၎င်း၏ လက်ရှိ သို့မဟုတ် နောက်ဆက်တွဲပြောင်းလဲလာမည့် မည်သည့်ပုံစံတွင်မဆို အသိအမှတ်မပြုဘဲနေရန်၊ အောက်ခြေမှအထက်သို့ တက်လှမ်းသောနိုင်ငံရေးလုပ်ငန်းစဉ်များကို ထောက်ခံအားပေးရန်၊ တရားမျှတမှုနှင့် တာဝန်ယူ/ခံမှုကဏ္ဍကို ချဲ့ထွင်မြှင့်တင်ရန်၊ အလွန်အမင်းလိုအပ်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုပေးအပ်ရန်၊ မြန်မာနိုင်ငံအပေါ် မူဝါဒ ခိုင်မာသောထိတွေ့ဆက်ဆံမှုရှိရန် တောင်းဆိုခြင်းနှင့် ပြည်သူ့ဆန္ဒသဘောထားကို လေးစားလိုက်နာရန်တို့ဖြစ်ကြသည်။

### ၅.၁။ တရားဝင်အသိအမှတ်ပြုခြင်းနှင့် ပံ့ပိုးကူညီခြင်း

> “သင်တို့သည် မြန်မာပြည်သူများကို စိတ်ပျက်စေခဲ့ပါပြီ။ မြန်မာပြည်သူတို့သည် ဒီမိုကရေစီ၊ ကိုယ်ပိုင်ဝိသေသနှင့် လွတ်လပ်ခွင့်အတွက် ဆယ်စုနှစ်များစွာကြာ တိုက်ပွဲဝင်ခဲ့ကြသူများ ဖြစ်သည်။ မြန်မာပြည်သူတို့သည် လက်ရှိ နိုင်ငံတကာထံမှရရှိနေသော အားပေး ထောက်ခံမှုထက် ပိုမိုရထိုက်သူများဖြစ်ကြသည်။
>
> – ဖြေဆိုသူ

မြန်မာ့တော်လှန်ရေးလှုပ်ရှားမှုကို တိုက်ရိုက်အသိအမှတ်ပြုရန်နှင့် ပံ့ပိုးကူညီမှုများတိုးမြှင့်ပေးရန်အတွက် ဖြေဆိုသူများထံမှ တညီတညွတ်တည်းနီးပါး တောင်းဆိုမှုရှိခဲ့သည်။ ဖြေဆိုသူများ၏အဆိုအရ အသိအမှတ်ပြုခြင်းဆိုသည်မှာ ကုလသမဂ္ဂ၊ အာဆီယံနှင့် နိုင်ငံတစ်နိုင်ငံချင်းစီက "ကျွန်ုပ်တို့၏အသံကို ပိုမိုကျယ်လောင်စေရန်နှင့် ရပ်တည်ပိုင်ခွင့်ကိုကာကွယ်ပေးရန်" ဟူသော နိုင်ငံရေးအရဆောင်ရွက်ချက်မျိုးဖြစ်ရမည်ဟု ဆိုသည်။



အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့က ကန်ဘာရာမြို့ရှိ လွှတ်တော်အဆောက်အအုံတွင် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ဆီးနိတ်လွှတ်တော်အမတ် Penny Wong နှင့် တွေ့ဆုံနေပုံ။
(Facebook/ နိုင်ငံခြားရေးဝန်ကြီးဌာန - မြန်မာ - အမျိုးသားညီညွတ်ရေးအစိုးရ)

ဖြေဆိုသူများသည် တိုက်ရိုက်အကူအညီပေးရေးပုံစံအမျိုးမျိုးကို ထောက်ပြခဲ့ကြရာတွင် အောက်ပါတို့ပါဝင်သည် -

- ဝန်ဆောင်မှုများပေးအပ်နေသော၊ မြေပြင်တွင် အခွင့်အရေးများကိုကာကွယ်နေသောနှင့် ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရန် လုပ်ဆောင်နေသောအဖွဲ့များအား နည်းပညာနှင့် လိုက်လျောညီထွေမှုရှိသောငွေကြေးပံ့ပိုးမှု၊
- တရားဝင်အဖွဲ့အစည်းများကိုသာမက ဒေသတွင်းကွန်ရက်များနှင့် လူထုအဝန်းအဝိုင်းဆိုင်ရာကာကွယ်စောင့်ရှောက်သူများထံသို့ပါရောက်ရှိမည့် စွမ်းဆောင်ရည်မြှင့်တင်ရေးပံ့ပိုးမှု၊
- အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံတက်ကြွလှုပ်ရှားသူများအတွက် လုံခြုံသောလမ်းကြောင်းများ ဖန်တီးပေးမှု၊
- တော်လှန်ရေးအင်အားစုများ၏ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်များကိုထိန်းသိမ်းရန်နှင့် အားကောင်းစေရန် ဘက်စုံပါဝင်ပြီး ထိရောက်သောပံ့ပိုးမှုတို့ဖြစ်သည်။

ထို့အပြင် "နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ပြည်သူများနှင့်ထိတွေ့ဆက်ဆံပြီး လိုအပ်သောအကူအညီများ ပေးအပ်လိမ့်မည်ဟု မျှော်လင့်ချက်ကြီးမားစွာထားရှိနေကြသည့်" "ခုခံတော်လှန်ရေးအင်အားစုများထိန်းချုပ်ထားသော နေရာဒေသအများအပြား" ဆီသို့လည်း ပံ့ပိုးကူညီမှုများမဖြစ်မနေရောက်ရှိရမည်ဖြစ်ကြောင်း ဖြေဆိုသူတစ်ဦးက အလေးထားပြောကြားခဲ့သည်။

## ၅.၂။ ရက်စက်ကြမ်းကြုတ်မှုများကိုရပ်တန့်ရန်နှင့် နိုင်ငံရေးအကျဉ်းသားများပြန်လည် လွှတ်ပေးရေး တောင်းဆိုရန်

> **အကြမ်းဖက်စစ်တပ်က အရပ်သားများကို နေ့စဉ်သတ်ဖြတ်ရန် အလွန်အကျွံအင်အားသုံးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများပြုလုပ်နေပြီး၊ ကျောင်းများနှင့် ဆေးရုံများကို ထပ်ခါတလဲလဲ ဗုံးကြဲတိုက်ခိုက်နေသည်ကို နိုင်ငံတကာ အသိုင်းအဝိုင်းက သိရှိနေရက်နှင့် အများအားဖြင့် လျစ်လျူရှုထားခြင်းသည် အလွန်ပင် စိတ်ပျက်စရာကောင်းသည်။**
>
> – ဖြေဆိုသူ

မိမိလူထုအပေါ် ပြန်လည်ဆင်နွှဲနေသော စစ်အုပ်စု၏ စစ်ပွဲအရှိန်မြှင့်တင်လာမှုကြောင့် လူသားများထိခိုက်သေဆုံးရမှုသည် တော်လှန်ရေးအင်အားစုများအတွက် နေ့စဉ်ကြုံတွေ့နေရသော လက်တွေ့ဘဝအမှန်တရားဖြစ်သည်။ ဖြေဆိုသူများက နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် "ရေတွက်၍မရနိုင်သောအရပ်သားများ" ကို သေဆုံးစေခဲ့သည့် "ဤလုပ်ရပ်များကို မျက်ကွယ်မပြုကြရန်" နှင့် "အရပ်ဘက်ပစ်မှတ်များအပေါ် အဆက်မပြတ်လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးဖြင့် ပစ်ခတ်မှုများကဲ့သို့သော ရက်စက်ကြမ်းကြုတ်မှုများကိုရပ်တန့်ရန် ပြင်းထန်ပြီး ထိရောက်သော တောင်းဆိုမှုတစ်ရပ်" ထုတ်ပြန်ရန် တိုက်တွန်းခဲ့သည်။

ယင်းအပြင် ဖြေဆိုသူတစ်ဦးက "စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ လက်ရှိ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများနှင့် အစုလိုက်အပြုံလိုက်နေရပ်စွန့်ခွာရမှုတို့၏ မူလဇာစ်မြစ် (အဓိကတရားခံ) ဖြစ်ကြောင်း အသိအမှတ်ပြုရန်" လိုအပ်သည်ဟု အလေးထားပြောကြားခဲ့သည်။ အခြားဖြေဆိုသူတစ်ဦးကလည်း စစ်အုပ်စု၏ "ရက်စက်ကြမ်းကြုတ်မှု၊ နေ့စဉ် ဗုံးကြဲတိုက်ခိုက်မှုများနှင့် အရပ်သားများကို သတ်ဖြတ်နေမှုများ အဆုံးသတ်သွားရမည်" ဖြစ်ကြောင်းပြောကြားလျက် နိုင်ငံတကာအသိုင်းအဝိုင်းက ၎င်းအတွက်လုပ်ဆောင်ပေးရန် အနူးအညွတ်တောင်းဆိုခဲ့သည်။ တတိယဖြေဆိုသူတစ်ဦးကလည်း "ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ချက်ချင်းလွှတ်ပေးရန်" နိုင်ငံတကာအသိုင်းအဝိုင်းက တောင်းဆိုပေးပါရန် တိုက်တွန်းခဲ့သည်။

## ၅.၃။ ပူးပေါင်းဆောင်ရွက်မှု မပြုခြင်း၊ အရေးယူပိတ်ဆို့မှုများနှင့် ကုန်သွယ်ရေးဆိုင်ရာပိတ်ပင်တားဆီးမှုများ

> **"နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်တပ်ကို သံတမန်ရေးအရ ဖယ်ကြဉ်ထားရန်နှင့် မြန်မာနိုင်ငံရှိ ဒီမိုကရေစီ တော်လှန်ရေးအင်အားစုများကို ထောက်ပံ့ကူညီရန်အတွက် ပေါ်လွင်ထင်ရှားပြီး ဟန်ချက်ညီသော ညှိနှိုင်းဆောင်ရွက်မှုများကို လုပ်ဆောင်ရပါမည်။**
>
> – ဖြေဆိုသူ

ဖြေဆိုသူများသည် ပူးပေါင်းဆောင်ရွက်မှုမပြုခြင်း၊ စီးပွားရေးပိတ်ဆို့မှုများ၊ လက်နက်နှင့် လောင်စာဆီတင်ပို့ရောင်းချမှုပိတ်ပင်ခြင်းများနှင့် အသိအမှတ်မပြုခြင်းတို့ကို နိုင်ငံတကာအသိုင်းအဝိုင်းက စစ်အုပ်စုအပေါ် မဖြစ်မနေ အကောင်အထည်ဖော်ရမည့် မရှိမဖြစ်လိုအပ်သောလုပ်ဆောင်ချက်များအတွဲလိုက်၏ တစိတ်တပိုင်းအဖြစ် ဖော်ထုတ်ခဲ့ကြသည်။

မြန်မာ့စီးပွားရေးဘဏ် (MEB) ကဲ့သို့သော ဘဏ္ဍာရေးအဖွဲ့အစည်းများအပါအဝင် အဓိကကျသောလူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ စစ်တပ်ပိုင် သို့မဟုတ် စစ်တပ်နှင့်ဆက်နွယ်နေသော စီးပွားရေးလုပ်ငန်းများအပေါ် ပိတ်ဆို့မှုများကို အားဖြည့်တင်းကြပ်ရမည်ဖြစ်ပြီး "ဟန်ချက်ညီစွာ ညှိနှိုင်းဆောင်ရွက်" ရမည်ဟု ဖြေဆိုသူများက ပြောကြားခဲ့သည်။ အထူးသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ မှ ဝင်ငွေများအပါအဝင် သယံဇာတတူးဖော်ရေးလုပ်ငန်းများမှရရှိသော စစ်အုပ်စု၏ ဝင်ငွေများကိုလည်း ပစ်မှတ်ထားရမည်ဟု ဖြေဆိုသူအများအပြားက အလေးပေးပြောကြားခဲ့သည်။ ထို့အပြင် ပိတ်ဆို့မှုများသည် တသမတ်တည်းရှိသင့်ပြီး နိုင်ငံတကာ၏ရှုတ်ချမှု၊ စစ်အုပ်စုအားဖယ်ကြဉ်ထားမှုတို့နှင့် ပေါင်းစပ်လုပ်ဆောင်သင့်ကြောင်းလည်း အကြံပြုခဲ့ကြသည်။

ကျယ်ပြန့်စွာခြုံငုံမှုရှိသော လက်နက်ပိတ်ပင်တားဆီးမှုတွင် အိမ်နီးချင်းနိုင်ငံများက စစ်အုပ်စုထံ လက်နက်နှင့် လေယာဉ်ဆီရောင်းချခြင်းကို ငြင်းပယ်မှု သို့မဟုတ် "လေယာဉ်၊ လေယာဉ်အစိတ်အပိုင်းများ၊ ပြုပြင်ထိန်းသိမ်းရေးပစ္စည်းများ၊ ခဲယမ်းမီးကျောက်များ၊ နည်းပညာများ၊ သင်တန်းပေးခြင်း သို့မဟုတ် အခြား နည်းပညာဆိုင်ရာအကူအညီ သို့မဟုတ် ဝန်ဆောင်မှုများ" ပေးအပ်ခြင်းကို ငြင်းပယ်မှုတို့ဖြင့် ပူးပေါင်းပါဝင်ရမည်ဟု ဖြေဆိုသူအများအပြားက ဆိုသည်။ ပိတ်ပင်တားဆီးမှုများကို "သံတမန်ရေးအရ ဖယ်ကြဉ်ထားရန်" အတွက် "စစ်အုပ်စုနှင့် တရားဝင်၊ တရားမဝင်ဆက်ဆံရေး အားလုံး" ဖြတ်တောက်ခြင်းအား စီးပွားရေးပိတ်ဆို့မှုများနှင့်အတူ ပေါင်းစပ်ထည့်သွင်းသင့်ကြောင်း ဖြေဆိုသူတစ်ဦးက အဆိုပြုခဲ့သည်။

## ၅.၄။ စစ်အုပ်စု၏ အတုအယောင်ရွေးကောက်ပွဲကို ငြင်းပယ်ရန်

> **နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံရှိ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ရန် ပြတ်သားသောအရေးယူဆောင်ရွက်မှု လုပ်ဆောင်သင့်ပါသည်။ ယင်းတွင် SAC/SSPC နှင့် ၎င်းတို့၏ အတုအယောင် ရွေးကောက်ပွဲများကို အသိအမှတ်ပြုခြင်း သို့မဟုတ် တရားဝင်မှုပေးခြင်းတို့ကိုငြင်းပယ်ခြင်းလည်း ပါဝင်သည်။**
>
> – ဖြေဆိုသူ

ပူးပေါင်းဆောင်ရွက်မှုမပြုခြင်း၏ တိုးချဲ့ဆောင်ရွက်ချက်တစ်ရပ်အနေဖြင့်၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် စစ်အုပ်စု၏ စီစဉ်ထားသောရွေးကောက်ပွဲကို ပြတ်ပြတ်သားသားငြင်းပယ်ရန် ဖြေဆိုသူများကတောင်းဆိုခဲ့ကြသည်။ ဖြေဆိုသူတစ်ဦးက ယင်းရွေးကောက်ပွဲကို "တရားဝင်မှု အတုအယောင်ဖန်တီးရန် လုပ်ဆောင်သောလှည့်ကွက်" ဟု ဖော်ပြခဲ့သည်။ အခြားဖြေဆိုသူတစ်ဦးကလည်း "စစ်မှန်သော နိုင်ငံရေးအပြောင်းအလဲမရှိဘဲ အသိအမှတ်ပြုခြင်းမရှိသင့်ကြောင်းနှင့် [စစ်အုပ်စုကို] ယုံကြည်လက်ခံနိုင်မှုပေးအပ်နိုင်သော အန္တရာယ်ရှိသည့် မည်သည့်ပါဝင်ပတ်သက်မှုမျှမရှိသင့်ကြောင်း" ထပ်လောင်းပြောကြားခဲ့သည်။

ထိုသို့ ရွေးကောက်ပွဲကိုအသိအမှတ်ပြုမည့်အစား နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အောက်ခြေမှအထက်သို့ တည်ဆောက်ယူသည့်နိုင်ငံရေးလုပ်ငန်းစဉ်များကို ထောက်ခံအားပေးကြရန်လိုအပ်ပါသည်။ ဖြေဆိုသူတစ်ဦးကမူ ယင်းလုပ်ငန်းစဉ်များကို 'ဟန်ပြရွေးကောက်ပွဲအတုအယောင်ကို တန်ပြန်တိုက်ဖျက်ရာတွင် အားကောင်းသောနိုင်ငံရေး ဖြစ်ထွန်းမှုများနှင့် ကိရိယာများ' အဖြစ် ပုံဖော်သုံးသပ်ထားခဲ့သည်။

## ၅.၅။ အောက်ခြေမှအထက်သို့တက်လှမ်းသော နိုင်ငံရေးလုပ်ငန်းစဉ်များကို ထောက်ခံအားပေးရန်

> **မြေပြင်တွင် အခြားရွေးချယ်စရာ အုပ်ချုပ်ရေးတည်ဆောက်ပုံများကို တည်ဆောက်နေပြီး မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ပေးအပ်နေကြသည့် တရားဝင်ဒီမိုကရေစီလိုလားသူများနှင့် တိုင်းရင်းသားတော်လှန်ရေး အင်အားစုများအား နိုင်ငံရေးနှင့်သံတမန်ရေးအရ ပိုမိုခိုင်မာသောအသိအမှတ်ပြုမှုရှိရပါမည်။ ဤအစုအဖွဲ့များသည် မြန်မာပြည်သူများ၏ စစ်မှန်သော ဆန္ဒကို ကိုယ်စားပြုနေပြီး နိုင်ငံရေးနှင့်ငွေကြေးအရ ပံ့ပိုးကူညီမှုရရှိသင့်သည်။**
>
> – ဖြေဆိုသူ

ရှေ့ပိုင်းတွင်ဖော်ပြခဲ့သည့်အတိုင်း တော်လှန်ရေးအင်အားစုများသည် စစ်ကောင်စီ၏ ရွေးကောက်ပွဲလမ်းကြောင်းကို တန်ပြန်မည့် ခိုင်မာပြီးလက်တွေ့ကျသောအစားထိုးလမ်းစဉ်များကို ဖော်ထုတ်ပြသခဲ့ကြသည်။ ယင်းတို့အနက် NUCC ၊ NUG နှင့် အခြားသော အဓိကတော်လှန်ရေးအင်အားစုများအကြားဆောင်ရွက်နေသည့် AFTA ရေးဆွဲခြင်းနှင့် CPA ရယူခြင်းလုပ်ငန်းစဉ်တို့မှာ အဓိက ပါဝင်ပါသည်။ ဖြေဆိုသူတစ်ဦးက "မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတို့တွင် ပေါ်ထွန်းလာနေသော ဖက်ဒရယ်ယူနစ်အုပ်ချုပ်ရေး တည်ဆောက်ပုံများ" ကို မီးမောင်းထိုးပြခဲ့ပြီး၊ "EROs၊ ဖက်ဒရယ်ယူနစ်များ၊ တိုင်းရင်းသားအခြေပြုကောင်စီများနှင့် နိုင်ငံ တစ်ဝန်းရှိ မြေပြင်တပ်ဖွဲ့များနှင့်အတူ" အကောင်အထည်ဖော်လျက်ရှိသော "အတုအယောင် ရွေးကောက်ပွဲ ဆန့်ကျင်ရေး လုပ်ငန်းစဉ်" ကိုလည်း ထောက်ပြခဲ့ပါသည်။

အခြားဖြေဆိုသူတစ်ဦးကမူ စိတ်ရှည်ကြရန်တိုက်တွန်းခဲ့သည် - "ဖက်ဒရယ်ဒီမိုကရေစီ" ဟူသော တောင်းဆိုချက်သည် ယခုအခါ ကျယ်ပြန့်သောနိုင်ငံရေးကြွေးကြော်သံတစ်ခုဖြစ်လာနေသော်လည်း၊ ကြွေးကြော်သံတစ်ခုကိုစနစ်တစ်ခုအဖြစ် ပုံဖော်ရာတွင် နိုင်ငံရေး၊ တော်လှန်ရေးအင်အားစုများအကြား အချိန်၊ နားလည်မှု၊ ညှိနှိုင်းဆွေးနွေးမှုများနှင့် သဘောတူညီချက်များ လိုအပ် ပါလိမ့်မည်။ ထို့ပြင် လူတိုင်းလက်ခံနိုင်သော ဖက်ဒရယ်ပြည်ထောင်စုသစ်တစ်ခု တည်ထောင်ရန်အတွက် ဘုံသဘောတူညီချက် တစ်ခုရှာဖွေရန်နှင့် အခြေခံမူများကိုသဘောတူညီရန်လည်း လိုအပ်ပါသည်" ဟု ဆိုသည်။

## ၅.၆။ တရားမျှတမှုနှင့် တာဝန်ယူ/ခံမှုကို တိုးချဲ့မြှင့်တင်ရန်

> **တရားမျှတမှုကိုကာကွယ်ရန်နှင့် ကမ္ဘာပေါ်ရှိ ဖိနှိပ်ခံရသူများနှင့်အတူရပ်တည်ရန် ကျွန်ုပ်တို့ကို ကူညီရာတွင် သင်တို့၏ လက်များ၊ ဉာဏ်ပညာ၊ အသံ၊ နှလုံးသားနှင့် ရရှိနိုင်သမျှသောမည်သည့် နည်းလမ်းကိုမဆို – သင်တို့လက်လှမ်းမီသမျှ အရာအားလုံးကို အသုံးပြုပေးကြပါ။**
>
> – ဖြေဆိုသူ

ယခင်ကဖော်ပြခဲ့သည့်အတိုင်း၊ ဖြေဆိုသူအများအပြားက နိုင်ငံတကာအသိုင်းအဝိုင်း၏ပံ့ပိုးမှုဖြင့် တရားမျှတမှုနှင့် တာဝန်ယူ/ ခံမှုကို တိုးချဲ့မြှင့်တင်ရန်တောင်းဆိုခဲ့ကြသည်။ ဖြေဆိုသူတစ်ဦးက ဤပံ့ပိုးမှုသည် တစ်ဦးချင်းစီအား တရားစွဲဆိုခြင်းအထိပင် ကျယ်ပြန့်ခြင်းရှိမည်ဟု ဆိုကာ "စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို ကျူးလွန်ခြင်း အတွက် နိုင်ငံတကာဥပဒေအရ မင်းအောင်လှိုင်ကို တာဝန်ယူ/ခံမှု ရှိစေရမည်" ဟု ပြောကြားခဲ့သည်။

ဖြေဆိုသူများက "ကမ္ဘာ့နေရာတိုင်းတွင် တရားစီရင်ပိုင်ခွင့် (universal jurisdiction) ဖြင့် အမှုဖွင့်ခြင်းများ၊ ကုလသမဂ္ဂ၏ သက်သေအထောက်အထားစုဆောင်းရေးယန္တရားများကို ပံ့ပိုးပေးခြင်းနှင့် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးခြင်း" အပါအဝင် လုပ်ဆောင်ချက်အတွဲလိုက်ကို အဆိုပြုခဲ့ကြသည်။ ထို့ပြင် တာဝန်ယူ/ခံမှုဆိုင်ရာ လုပ်ဆောင်ချက်တွင် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် "ထိခိုက်လွယ်သောလူထုအသိုင်းအဝိုင်းများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ကာကွယ်ပေးမည့်အစီအမံများ" နှင့်အတူ "လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန်နှင့် တရားမျှတမှု၊ တာဝန်ယူ/

ခံမှုတို့အတွက် စည်းရုံးလှုံ့ဆော်ရန်ကြိုးပမ်းနေကြသောဒေသခံနှင့် အရပ်ဘက်အဖွဲ့အစည်းများကို နားထောင်ပြီး ပံ့ပိုးကူညီသင့်ကြောင်း” လည်း ဖြေဆိုသူအများအပြားက အလေးထား ပြောကြားခဲ့ကြသည်။



မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများအပေါ် ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် စစ်ခေါင်းဆောင် မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ပေးရန် လျှောက်ထားလိုက်ကြောင်း နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ၏ တရားလိုရှေ့နေ Karim Khan က ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကြေညာခဲ့ပုံ။ (ICC)

## ၅.၇။ လူသားချင်းစာနာထောက်ထားမှုနှင့် နည်းပညာဆိုင်ရာအကူအညီများပေးအပ်ရန်

> **“စစ်မှန်သောပံ့ပိုးကူညီမှုသည် တရားဝင်အဖွဲ့အစည်းများဆီသို့သာမက ဒေသတွင်းကွန်ရက်များနှင့် လူထုကာကွယ်စောင့်ရှောက်သူများထံသို့ပါ ရောက်ရှိရမည်။ ပစ်ခတ်တိုက်ခိုက်ခံနေရသည့်ကြားမှ ၎င်းတို့၏လုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေကြသော ဒဏ်ခံနိုင်စွမ်းရှိသည့် အောက်ခြေလူထုပိုင်း အမှန်တရားဖော်ထုတ်သူများကြောင့် မြန်မာ့အနာဂတ်အတွက် မျှော်လင့်ချက်ရှင်သန်နေခြင်းဖြစ်သည်။**
>
> – ဖြေဆိုသူ

နယ်စပ်ဖြတ်ကျော်နည်းလမ်းများဖြင့် ပေးပို့ခြင်းနှင့် "လက်တွေ့ကျပြီးထိရောက်သော" နည်းလမ်းများအပါအဝင် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို အရေးပေါ် ပေးပို့ရန် ဖြေဆိုသူများက တောင်းဆိုခဲ့ကြသည်။ နိုင်ငံတကာ အကူအညီများတွင် "ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရသူများနှင့် ဒုက္ခသည်များအပါအဝင် ပဋိပက္ခဒဏ်ခံစားရသော ပြည်သူများအတွက် ဆေးဝါးကုသမှုနှင့် နေထိုင်စရာများ ပါဝင်ရမည်ဖြစ်ပြီး၊ ၎င်းတို့၏လုံခြုံရေးနှင့် ဂုဏ်သိက္ခာကိုလည်း လေးစားလိုက်နာရမည်" ဖြစ်ကြောင်း ဖြေဆိုသူတစ်ဦးက အလေးထားပြောကြားခဲ့သည်။ အခြားဖြေဆိုသူတစ်ဦးကလည်း အရပ်ဘက်အဖွဲ့အစည်းများအတွက် နည်းပညာအကူအညီနှင့် လွတ်လပ်သောပြည်တွင်းမီဒီယာများအတွက် ပံ့ပိုးကူညီမှု ပေးရန် တောင်းဆိုခဲ့သည်။ တတိယမြောက်ဖြေဆိုသူတစ်ဦးက အကူအညီပေးအပ်ခြင်းသည် လူသားဆန်မှုရှိသင့်ကြောင်း ရှင်းပြရာတွင် - "ပဲခူး၊ မွန်၊ ကရင်နှင့် တနင်္သာရီဒေသများမှ အဖြစ်အပျက်ဇာတ်လမ်းများကို ကုလသမဂ္ဂ၊ နိုင်ငံတကာ အစိုးရများ၊ မြန်မာ့အရေးဆွေးနွေးဝိုင်းများ၊ အာဆီယံနှင့် အလှူရှင်အစည်းအဝေးများကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ စင်မြင့်များသို့ ယူဆောင်သွားပေးပါ။ ဒေသတွင်းကွန်ရက်များကိုလည်း လှေ့လာသူများအဖြစ်သာမဟုတ်ဘဲ မိတ်ဖက်များအဖြစ် ဆက်ဆံသင့်ပါသည်" ဟုဆိုသည်။

## ၅.၈။ ကုလသမဂ္ဂ၊ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများက တရားဝင် မြန်မာ့အစုအဖွဲ့များနှင့် မူဝါဒ ခိုင်မာသော ထိတွေ့ဆက်ဆံမှုရှိရန် တောင်းဆိုခြင်း

> ***"အချို့သောနိုင်ငံများက မြန်မာနိုင်ငံအပေါ်ထားရှိသော ၎င်းတို့၏အကျိုးစီးပွားများနှင့် သက်ဆိုင်မှုများအပေါ် အခြေခံ၍ အခြေအနေကို ကိုယ်ကျိုးအတွက် အမြတ်ထုတ်နေခြင်း၏ အကျိုးဆက်များကို မြန်မာပြည်သူများက အဆိုးရွားဆုံး ခံစားနေကြရသည်။ ထို့ကြောင့် မြန်မာနိုင်ငံကို ကူညီလိုသောနိုင်ငံများနှင့် အဖွဲ့အစည်းများသည် ရေတိုအမြတ်အစွန်းများကို ကျော်လွန်ကြည့်ရှုပြီး ရေရှည်အဖြေများကို အာရုံစိုက်ရပါမည်။***
>
> – ဖြေဆိုသူ

နိုင်ငံတကာပံ့ပိုးမှုအတွက် ဖြေဆိုသူများ၏တောင်းဆိုချက်များတွင် ကုလသမဂ္ဂ၊ အိမ်နီးချင်းများ၊ အာဆီယံနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းက စွန့်ပစ်ထားသည်ဟူသော ပြင်းထန်သည့်ခံစားချက်များလည်း ပါဝင်နေသည်။ ဖြေဆိုသူတစ်ဦး မီးမောင်းထိုးပြသကဲ့သို့၊ စစ်အုပ်စုသည် "၎င်း၏အာဏာကို ခိုင်မာစေရန်အတွက် မြန်မာ့အရေးအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကွဲကွဲအပြားပြားဖြစ်နေသော ချဉ်းကပ်မှုဆိုင်ရာအားနည်းချက်များကို အမြတ်ထုတ်နေခြင်း" ဖြစ်သည်။

ဖြေဆိုသူများက အာဆီယံကို ပြတ်သားရန် တောင်းဆိုခဲ့ကြသည်။ ကုလသမဂ္ဂသည်လည်း ကုလသမဂ္ဂအစည်းအဝေး အားလုံးမှ စစ်အုပ်စုကိုပိတ်ပင်သင့်ပြီး၊ "မြန်မာ့အရေးကိုထောက်ခံသော နိုင်ငံတကာလုပ်ငန်းစဉ်တစ်ခု" ကို ပျိုးထောင်ပေးသင့်ကြောင်း ဖြေဆိုသူတစ်ဦးက အဆိုပြုခဲ့သည်။ အခြားဖြေဆိုသူတစ်ဦးက အိမ်နီးချင်းနိုင်ငံများကို "၎င်းတို့၏ လက်ရှိရပ်တည်ချက်များကို ထပ်တူပြန်လည်စဉ်းစားကြရန်" တောင်းဆိုခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် "၎င်းတို့သည် မြန်မာနိုင်ငံ၏ ဆက်လက်ဖြစ်ပွား

နေသောပဋိပက္ခများကြောင့် တိုက်ရိုက် အထိခိုက်ဆုံးသောသူများဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် ပဋိပက္ခများရှိနေသမျှကာလပတ်လုံး ကျွန်ုပ်တို့၏အိမ်နီးချင်းနိုင်ငံများသည် အကျိုးဆက်များကို ဆက်လက် ခံစားနေကြရလိမ့်မည်” ဖြစ်သောကြောင့်ဖြစ်သည်။ ဖြေဆိုသူများက နိုင်ငံတကာအသိုင်းအဝိုင်းထံမှ တရားမျှတမှုကိုလည်း တောင်းဆိုခဲ့ကြပြီး၊ အထူးသဖြင့် “မြန်မာပြည်သူများ အနေဖြင့် မိမိတို့၏ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးနိုင်စေရန်နှင့် ထိုက်တန်သောအခွင့်အရေးများကို အမြန်ဆုံးရရှိနိုင်စေရန် တန်းတူညီမျှယှဉ်ပြိုင်နိုင်သောအခင်းအကျင်း (level playing field) တစ်ခု ဖန်တီးပေးမည့်” နည်းလမ်းများဖြင့်လုပ်ဆောင် နိုင်ရန်ဖြစ်သည်။

> မူဝါဒခိုင်မာသော လုပ်ဆောင်ချက်၊ ညီညွတ်စွာရပ်တည်မှုနှင့် တော်လှန်ရေးအတွက် စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုတို့မှတဆင့်သာ နိုင်ငံတကာအသိုင်းအဝိုင်းသည် မြန်မာနိုင်ငံကို ဖိနှိပ်မှုမှ လွတ်လပ်မှုနှင့် တရားမျှတမှုဆီသို့ ကူးပြောင်းရာတွင် ကူညီနိုင်ပါလိမ့်မည်။
>
> – ဖြေဆိုသူ

## ၅.၉။ ပြည်သူ့ဆန္ဒကို လေးစားရန်

> မြန်မာပြည်သူတွေရဲ့အသံကို နားမထောင်ဘဲ၊ မြန်မာနိုင်ငံက ပဋိပက္ခရဲ့ဇာစ်မြစ်အကြောင်းရင်း တွေကို မဖြေရှင်းဘဲနဲ့ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေတဲ့ယဉ်ကျေးမှုကို အဆုံးမသတ်ဘဲနဲ့တော့၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး၊ ပြည့်ဝတဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဆိုတာတွေဟာ လက်လှမ်းမမီနိုင်တဲ့ အရာတွေအဖြစ် ဆက်ရှိနေပါလိမ့်မယ်။
>
> – ဖြေဆိုသူ

မြန်မာပြည်သူများ၏ဆန္ဒသဘောထားကို လေးစားခြင်းသည် နိုင်ငံတကာပံ့ပိုးမှု၏ အရေးပါသောအစိတ်အပိုင်းတစ်ခုနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် ကြိုတင်လိုအပ်ချက်တစ်ခုဖြစ်ရမည်ဟု ဖြေဆိုသူများက အလေးထားပြောကြားခဲ့ကြသည်။ ဖြေဆိုသူတစ်ဦး၏အဆိုအရ ‘တွေ့ဆုံဆွေးနွေးရေးသည် ကြိုတင်သတ်မှတ်ချက်မရှိဘဲ လုပ်ဆောင်ရမည့်အရာမဟုတ်ပါ။ လူ့အခွင့်အရေး တိုးတက်မှု၊ အကျဉ်းသားများလွတ်မြောက်ရေးနှင့် ခိုင်မာယုံကြည်ရသော အသွင်ကူးပြောင်းရေးရလဒ်များ မပေါ်ထွက်မချင်း၊ ၎င်းတို့နှင့် ပုံမှန်အခြေအနေကဲ့သို့ ဆက်ဆံခြင်းမျိုး လုံးဝမရှိသင့်ပါ။

အခြားဖြေဆိုသူတစ်ဦးကလည်း “စနစ်သစ်တစ်ရပ်တည်ဆောက်ရာတွင်” မြန်မာပြည်သူများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ “ဘက်ပေါင်းစုံပါဝင်သော ပံ့ပိုးမှုနှင့် အကူအညီ” လိုအပ်ကြောင်းနှင့် “တာဝန်ယူ/ခံမှုတို့ အပေါ် အခြေခံပြီး မြန်မာပြည်သူများ၏ဆန္ဒနှင့်ကိုက်ညီသော ရေရှည်တည်တံ့ခိုင်မြဲသည့်အဖြေများကို ရည်မှန်းထားသည့် လုပ်ငန်းစဉ်ကို ဦးတည်သောချဉ်းကပ်မှု (process-oriented approach) တစ်ရပ်ကို ကျင့်သုံးသင့်သည်” ဟု ထပ်လောင်း ပြောကြားခဲ့သည်။




၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့က မန္တလေးမြို့၌ ပြုလုပ်သော စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုဆန့်ကျင်ရေး ငြိမ်းချမ်းစွာဆန္ဒပြပွဲတွင် ပြည်သူများက ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လက်သုံးချောင်းထောင် အလေးပြုနေကြပုံ။ (Sai Han One/Shutterstock)

# ၆။ မြန်မာပရိသတ်များထံ ပါးလိုသော သတင်းစကားများ – အတွင်းမှ ပြောင်းလဲခြင်း

ဖြေဆိုသူများသည် အပြောင်းအလဲကိုဖော်ဆောင်ရာတွင် ၎င်းတို့၏ မရှိမဖြစ်သောအခန်းကဏ္ဍများကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ ၎င်းတွင် လူနည်းစုများအား စွမ်းအားမြှင့်တင်ပေးခြင်း၊ စည်းလုံးညီညွတ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာလိုအပ်ချက်နှင့် တော်လှန်ရေးကို ရေရှည်ထိန်းထားနိုင်ရေးတို့ ပါဝင်သည်။

## ၆.၁။ လူနည်းစုအခွင့်အရေးများနှင့် စွမ်းအားမြှင့်တင်ခြင်း

> **ဖိနှိပ်ခံရသောပြည်သူများ၊ အထူးသဖြင့် ရိုဟင်ဂျာများ၏အသံများကို အသိအမှတ်ပြုပြီး မြန်မာ့ဒီမိုကရေစီအနာဂတ်ကို ပုံဖော်ရာတွင် လုပ်ပိုင်ခွင့်အာဏာပေးအပ်မှသာလျှင် စစ်မှန်သောတိုးတက်မှု ရရှိလာမည်ဖြစ်သည်။**
>
> – ဖြေဆိုသူ

ဖြေဆိုသူများသည် လူနည်းစုအခွင့်အရေးနှင့် စွမ်းအားမြှင့်တင်ရေးတိုက်ပွဲကို တော်လှန်ရေး၏ "ဇာစ်မြစ်" မောင်းနှင်အားတစ်ခုအဖြစ်သာမက ပြည်သူ့လှုပ်ရှားမှုတစ်ရပ်လုံးကို စုစည်းပေးသောအဓိကအရာအဖြစ် ဖော်ထုတ်ခဲ့ကြသည်။ ထို့ကြောင့် ဖြေဆိုသူများက "မြန်မာနိုင်ငံသားများအနေဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် လူမျိုးနှင့် ဘာသာရေးကွဲပြားမှုများကိုကျော်လွှန်၍ စည်းလုံးညီညွတ်စွာရပ်တည်ကြရန်" တိုက်တွန်းခဲ့သည်။

## ၆.၂။ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု

> **ဤတော်လှန်ရေး ငါးနှစ်တာကာလအတွင်း၊ ကျွန်ုပ်တို့ ရုန်းကန်ခဲ့ရပြီး သင်ခန်းစာများစွာ ရရှိ ခဲ့ပါသည်။ ကွဲပြားစုံလင်သော လူများ၊ လူမျိုးများနှင့် ဘာသာဝင်များ၏ထောက်ခံမှုနှင့် အကူအညီဖြင့် ကျွန်ုပ်တို့ရှေ့ဆက်ခဲ့သော ကာလတစ်ခုဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ့်တိုင်းရင်းသားလူမျိုးစုအတွက်သာမက တနိုင်ငံလုံးအတွက် လုပ်ဆောင်ရန် မျှော်မှန်းချက်လည်း ရှိသည်။**
>
> – ဖြေဆိုသူ

ဖြေဆိုသူတစ်ဦးက "တော်လှန်ရေးအင်အားစုများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ သဟဇာတဖြစ်မှုနှင့် ညီညွတ်ခြင်း" ၏ အရေးပါမှုကို မီးမောင်းထိုးပြခဲ့ပြီး၊ "ညှိနှိုင်းဆောင်ရွက်မှုကို အားကောင်းစေရန်နှင့် အားလုံးအကျုံးဝင်ပါဝင်သော နိုင်ငံရေးသဘောတူညီချက်များကို မြှင့်တင်ရန်အတွက် တိုင်းရင်းသားအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒီမိုကရေစီလိုလားသောအင်အားစုများနှင့် ထိတွေ့ဆက်ဆံခြင်းသည် မရှိမဖြစ်လိုအပ်သည်" ဟု ပြောကြားခဲ့သည်။

> **သွေးခွဲမှုများကို ဆန့်ကျင်ပြီး၊ အားလုံးပိုင်ဆိုင်နိုင်မည့် တရားမျှတသော အနာဂတ်အတွက် သွေးစည်းညီညွတ်မှုကို တည်ဆောက်ကြပါ။**
>
> – ဖြေဆိုသူ

အချို့သောဖြေဆိုသူများက မြန်မာလူထုအား ပါးလိုသောစကားများတွင် "အခက်ခဲဆုံးအခြေအနေများရှိနေသော်လည်း ရွေးကောက်ခံအမတ်များသည် တော်လှန်ရေးအစုအဖွဲ့များနှင့်အတူ သင်တို့၏အခွင့်အရေးများကို ကာကွယ်ရန်၊ စည်းလုံးညီညွတ်မှုကိုထိန်းသိမ်းရန်နှင့် လူထုအသိုင်းအဝိုင်းအားလုံးပါဝင်ပြီး လေးစားမှုရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုမျှော်မှန်းချက်ကို အကောင်အထည်ဖော်ရန် မမောမပန်း ကြိုးပမ်းနေကြပါသည်" ဟု အာမခံချက် ပေးခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ဤဖြေဆိုသူများသည် ပြည်သူများ၏ မရှိမဖြစ်သောအခန်းကဏ္ဍကို အလေးထားခဲ့ပြီး၊ ဖြေဆိုသူတစ်ဦးက "နိုင်ငံသားများသည် မျှော်လင့်ချက်များဆက်လက်ထားရှိသင့်ပြီး လုံခြုံစိတ်ချရသော ဆက်သွယ်ရေးနှင့် စုစည်းမှုနည်းလမ်းများကို အသုံးပြုကာ လူထုအသိုင်းအဝိုင်းအားလုံး အသံထုတ်ဖော်နိုင်မည့် ဖက်ဒရယ်၊ ဒီမိုကရေစီနှင့် အားလုံးအကျုံးဝင်ပါဝင်သော မြန်မာနိုင်ငံဟူသည့် ဘုံမျှော်မှန်းချက်ဆီသို့ လက်တွဲလုပ်ဆောင်သင့်သည်" ဟု ပြောကြားခဲ့သည်။

ဖြေဆိုသူများသည် ပြန်လည်သင့်မြတ်ရေးနှင့် ဘက်ပြောင်းခိုလှုံခြင်းများကို အခြား ပေါင်းစည်းပေးသည့်အရာနှစ်ခုအဖြစ် ဖော်ထုတ်ခဲ့ကြသည်။ ပြန်လည်ရင်ကြားစေ့ရေးခေါင်းစဉ်အောက်တွင် ဖြေဆိုသူတစ်ဦးက "ရေရှည်ငြိမ်းချမ်းရေးအတွက် ထိခိုက်လွယ်သော လူထုနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများကို အကာအကွယ်ပေးရေးအစီအစဉ်များ လိုအပ်သကဲ့နည်းတူ၊ အားလုံးအကျုံးဝင်ပါဝင်သည့်ဆွေးနွေးပွဲများနှင့် ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းကို ထောက်ခံအားပေးမှုသည်လည်း မရှိမဖြစ်အရေးပါသည်"ဟု ရှင်းလင်းပြောကြားသည်။ အခြားဖြေဆိုသူတစ်ဦးက ဘက်ပြောင်းခိုလှုံခြင်းများသည် "ကျွန်ုပ်တို့၏ တစ်စတစ်စပြောင်းလဲတိုးတက်မှုတွင် အဓိကမဟာဗျူဟာတစ်ခုအဖြစ် ဆက်လက်ရှိနေသင့်သည်" ဟု ဆိုပြီး၊ "ဘက်ပြောင်းခိုလှုံခြင်းနှင့် အာဏာဖီဆန်ခြင်းတို့သည် စစ်အုပ်စုအစိုးရကို အတွင်းမှဖြိုချရန် သွေးထွက်သံယိုမရှိသော မဟာဗျူဟာတစ်ခုဖြစ်လာလိမ့်မည်" ဟု သုံးသပ်ခဲ့သည်။

## ၆.၃။ သန္နိဋ္ဌာန် ခိုင်မာစွာရှိနေခြင်း

> **“နိုင်ငံတဝန်းရှိ တော်လှန်ရေးအင်အားစုများသည် ဖက်ဒရယ်ဒီမိုကရေစီတွင် အမြစ်တွယ်သော အနာဂတ်တစ်ခု တည်ဆောက်ရန်နှင့် ဆက်လက်ဖြစ်ပွားနေသောရက်စက်ကြမ်းကြုတ်မှုများကို ရင်ဆိုင်နေရသည့်အရပ်သားများကို ကာကွယ်ရန် တတ်နိုင်သမျှလုပ်ဆောင်နေကြပါသည်။ မြန်မာပြည်သူများအနေဖြင့် လုံးဝ အရှုံးမပေးကြပါနှင့်။**
>
> **ဆက်လက်တော်လှန်၊ စုစည်းညီညွတ်ပြီး တရားမျှတမှုအတွက် တိုက်ပွဲဝင်နေသမျှ ကာလပတ်လုံး အောင်ပွဲရမရ ဆိုသည်မှာ မေးခွန်းထုတ်စရာမဟုတ်တော့ဘဲ၊ ‘ဘယ်အချိန်တွင် ရမည်နည်း’ ဆိုသည့် အချိန်ကာလသာ အဓိက ကျန်ပါတော့သည်။**
>
> – ဖြေဆိုသူ

ဒဏ်ခံနိုင်စွမ်းနှင့် သန္နိဋ္ဌာန်ခိုင်မာမှုတို့သည် ဖြေဆိုသူများ၏တင်ပြချက်များတွင် တောက်လျှောက်ပါဝင်နေသော အကြောင်းအရာများဖြစ်သည်။ ဖြေဆိုသူတစ်ဦးက ခပ်ပြတ်ပြတ်ပြောကြားထားသကဲ့သို့ “လူပုဂ္ဂိုလ်တစ်ဦးချင်းစီတိုင်း၏ ပါဝင်ထောက်ပံ့မှုသည် နိုင်ငံ၏ကံကြမ္မာကို အဆုံးအဖြတ်ပေးလိမ့်မည်” ဖြစ်သည်။ ဤစိတ်ဓာတ်နှင့်အတူ မြန်မာပြည်သူများ၏ ထူးကဲသောပေးဆပ်စွန့်လွှတ်မှုများကိုလည်း အောက်ပါအတိုင်း အသိအမှတ်ပြုထားပါသည်။

> **“မြန်မာပြည်သူများသို့၊ ကျွန်ုပ်တို့သည် သင်တို့၏ကတိကဝတ်နှင့် ပေးဆပ်မှုများကို လေးစားဦးညွှတ်ပါသည်။ ကျွန်ုပ်တို့သည် သင်တို့နှင့်အတူ ရပ်တည်နေပြီး အပြည့်အဝ အောင်မြင်သည်အထိ တော်လှန်ရေးကို ဆက်လက်ဆင်နွှဲသွားပါမည်။**
>
> – ဖြေဆိုသူ

> "နိုင်ငံသားတိုင်း၏ သတ္တိ၊ ဆင်းရဲဒုက္ခ ခံစားရချိန်တွင် ပြသခဲ့သော ခွန်အား၊ အခက်အခဲများကို ရင်ဆိုင်ရာတွင် သည်းခံနိုင်စွမ်းနှင့် ဖိနှိပ်မှုကို နည်းလမ်းပေါင်းစုံဖြင့် သင်တို့ ဆက်လက်တွန်းလှန်နေမှုများကို ကျွန်ုပ်တို့ ဂုဏ်ပြုပါသည်။ အထူးသဖြင့် ယနေ့တော်လှန်ရေး၏ နှလုံးသည်းပွတ်ဖြစ်သော လူငယ်များနှင့် အမျိုးသမီးများ၏ ဦးဆောင်မှုကို ကျွန်ုပ်တို့ အလေးပြုပါသည်။
>
> – ဖြေဆိုသူ

# နိဂုံးချုပ်နှင့် အကြံပြုချက်များ

## အကျပ်အတည်းထဲသို့ နက်သထက်နက်အောင် ဦးတည်နေသောလမ်း

စစ်အုပ်စုသည် မြန်မာနိုင်ငံအတွင်းဖြစ်ပျက်နေသည်များကို တဖက်သတ်စိတ်ကြိုက်ပုံဖော်နိုင်သော အာဏာ ယခင်က ရှိကောင်းရှိခဲ့နိုင်သော်လည်း ယခုတွင်မရှိတော့ပေ။ အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့် ၎င်းနောက်ဆက်တွဲပေါ်ပေါက်လာသော တော်လှန်ရေးတို့သည် နိုင်ငံကို အခြေခံကျကျပြောင်းလဲစေခဲ့ပြီး ယခင်ကမရှိခဲ့ဖူးသော အရှိတရားအသစ်များကို ဖန်တီးခဲ့သည်။ မြန်မာပြည်သူများသည် စစ်တပ်၏လမ်းကြောင်းကို ပြတ်ပြတ်သားသား ငြင်းပယ်ခဲ့ကြသည်။

စစ်တပ်သည် လွန်ခဲ့သော ၇၅ နှစ်တာ သမိုင်းတလျှောက် မကြုံဖူးလောက်အောင် ယခုအခါ အားအနည်းဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ စစ်တပ်သည် ၎င်း၏ကိုယ်ပိုင်ရှင်သန်ရပ်တည်ရေးအတွက် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို အရောင်းအဝယ်လုပ်ခဲ့ပြီး တရုတ်နိုင်ငံအပေါ်  ပိုမိုမှီခိုလာခဲ့သည်။ စီစဉ်ထားသောရွေးကောက်ပွဲများသည် ဤအချက်ကို ပြောင်းလဲနိုင်မည်မဟုတ်ပေ။ ၎င်းတို့သည် စစ်တပ်၏နယ်မြေနှင့် နိုင်ငံရေးဆုံးရှုံးမှုများကို ပြန်လည်ရရှိစေမည် မဟုတ်သကဲ့သို့ တော်လှန်ရေး၏တောင်းဆိုချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပေ။ ရွေးကောက်ပွဲများကို ဇွတ်အတင်းကျင်းပပြီး တရုတ်နိုင်ငံက စစ်ကောင်စီနှင့် ၎င်း၏မျိုးဆက်များကို အသက်ဆက်ပေးထားဦးမည် ဆိုလျှင်တောင်မှ၊ မြန်မာစစ်တပ်သည် အနှစ်မဲ့ပြီး အခွံသာကျန်တော့မည့်အင်အားစုအဖြစ်သာ ဆက်လက်ရှိနေပါလိမ့်မည်။ ၎င်းတို့သည် နယ်မြေအနည်းငယ်ကို ထိန်းချုပ်ထားနိုင်ရေးအတွက် အကြမ်းဖက်ခြင်း၊ ဖိနှိပ်ခြင်းနှင့် လူသားချင်းစာနာမှု အကျပ်အတည်းများကို ရည်ရွယ်ချက်ရှိရှိ သက်ဆိုးရှည်စေခြင်းတို့အပေါ်၌သာ မှီခိုရပ်တည်နေရလိမ့်မည်။ မတည်ငြိမ်မှုနှင့် ရာဇဝတ်မှုများသည် ပိုမိုများပြားလာမည်၊ စီးပွားရေးသည် ပိုမို ပြိုလဲသွားမည်၊ ဆင်းရဲမွဲတေမှု ပိုမိုပြန့်ပွားလာမည်ဖြစ်ပြီး လူထုသည် ဆက်လက် ဒုက္ခရောက်နေပါလိမ့်မည်။ ဤသည်မှာ စင်စစ်ပင် မြန်မာနိုင်ငံအတွက် စစ်အုပ်စု၏ မျှော်မှန်းချက်ပင်ဖြစ်သည်။ ၎င်းသည် လမ်းဟောင်းဖြစ်ပြီး နောက်ပြန်သွားသောလမ်းပင်ဖြစ်သည်။

## မျှော်လင့်ချက်ဆီသို့ ဦးတည်သောလမ်းကြောင်းသစ်

တော်လှန်ရေးသည် မျှော်လင့်ချက်များကို ပေးစွမ်းနေသကဲ့သို့၊ လက်တွေ့ကျသည့် ရှေ့ဆက်လှမ်းချီရာ လမ်းကြောင်းသစ်တစ်ခုကိုလည်း ဖော်ဆောင်ပေးလျက်ရှိသည်။ တော်လှန်ရေးအင်အားစုများအကြားတွင် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးနှင့်ပတ်သက်၍ ခိုင်မာသောဘုံသဘောတူညီချက်တစ်ရပ် ရရှိထားပြီးဖြစ်သည်။ ယင်းမျှော်မှန်းချက်တွင် အရပ်သားအုပ်ချုပ်ရေး၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တရားမျှတမှု၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေး တို့ကို အတိအလင်းအာမခံပြဋ္ဌာန်းထားမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ် ပေါ်ပေါက်ရေးသည် အဓိကမဏ္ဍိုင်အဖြစ် ပါဝင်သည်။ ဤမျှော်မှန်းချက်သည် စာရွက်ပေါ်မှ သဘောတရားသီအိုရီသက်သက် မဟုတ်ပေ။ ဘုံရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် တော်လှန်ရေးအင်အားစုများ၏ ကျယ်ပြန့်သော ဂေဟစနစ်ကြီးက ပလက်ဖောင်းများနှင့် လုပ်ငန်းစဉ်များကို အပြန်အလှန်ချိတ်ဆက်ပူးပေါင်းကာ အောက်ခြေမှစ၍ လက်တွေ့ တည်ဆောက်နေခြင်းဖြစ်သည်။ စစ်တပ်ကို စုပေါင်းလက်နက်ကိုင်တော်လှန်ခြင်းသည် နိုင်ငံရေးနှင့် အုပ်ချုပ်ရေး အဆောက်အအုံသစ်များ အမြစ်တွယ်ရှင်သန်နိုင်မည့် အခင်းအကျင်းကို ဖန်တီးပေးလျက်ရှိသည်။ လူထုတစ်ရပ်လုံး၏ ကျယ်ပြန့်သောထောက်ခံအားပေးမှုသာမရှိခဲ့လျှင် ဤအရာများ ဖြစ်လာနိုင်စရာအကြောင်းမရှိချေ။ ယခုအခါ မြန်မာပြည်သူလူထုသည် လမ်းကြောင်းသစ်တစ်ခုကို ရွေးချယ်ခဲ့ပြီးဖြစ်သလို၊ တက်ကြွစွာဖြင့် ကိုယ်တိုင် ပုံဖော် ဖောက်လုပ်နေကြပြီဖြစ်သည်။



SPECIAL ADVISORY COUNCIL · MYANMAR · SAC-M

သို့သော် တော်လှန်ရေးရည်မှန်းချက်များ အောင်မြင်ရန် လိုအပ်သောအခြေအနေများမှာ အပြည့်အဝမရှိသေးဘဲ၊ ကြီးမားသော အတားအဆီးများ ကျန်ရှိနေဆဲဖြစ်သည်။ ယင်းတို့အနက် အဓိကအကျဆုံးမှာ စစ်အုပ်စုကိုယ်တိုင်ပင် ဖြစ်သည်။ ၎င်းတို့သည် ပြည်သူ့ဆန္ဒကို ခေါင်းမာစွာငြင်းဆန်နေပြီး၊ ၎င်းတို့ရပ်တည်ရေးအတွက် အကြမ်းဖက်မှုကိုသာ အားကိုးနေကြသည်။ ယခု စီစဉ်နေသောရွေးကောက်ပွဲများသည် ထိုသဘောထားကို ပိုမိုခိုင်မာစေရုံသာရှိသည်။

စစ်တပ်အနေဖြင့် နိုင်ငံရေးမှဆုတ်ခွာရန်၊ အာဏာစွန့်လွှတ်ရန်နှင့် စစ်မှန်သောအသွင်ကူးပြောင်းရေးအတွက် ဆွေးနွေး ညှိနှိုင်းရန်လိုအပ်ကြောင်း လက်မခံသရွေ့ လက်ရှိတွင် ကမ္ဘာ့အဆိုးရွားဆုံးစာရင်းဝင်နေပြီး ပိုမိုဆိုးရွားလာနေသော မြန်မာ့အကျပ်အတည်းများသည် ပြီးဆုံးသွားမည်မဟုတ်ဘဲ ဆက်လက်ရှည်ကြာနေဦးမည်ဖြစ်သည်။

## အဆုံးအဖြတ်ပေးမည့် အလှည့်အပြောင်း လမ်းဆုံ

တရုတ်နိုင်ငံနှင့် သြဇာညောင်းသော အခြားနိုင်ငံတကာအင်အားစုများအနေဖြင့် မင်းအောင်လှိုင်ကို တရားဥပဒေအရ အရေးယူခံရခြင်းမှ အကာအကွယ်ပေးပြီး၊ ရွေးကောက်ပွဲနှင့် အခြားသော ထိတွေ့ဆက်ဆံမှုနည်းလမ်းများဖြင့် စစ်အုပ်စုကို သက်ဆိုးရှည်စေကာ ရေတိုအကျိုးစီးပွားကိုရှာဖွေနေမည့်အစား စစ်တပ်အနေနှင့် အမြန်ဆုံး လက်ခံလာစေရေး ဖိအားပေးဆောင်ရွက်ရန် ၎င်းတို့၏သြဇာအာဏာကို အသုံးပြုသင့်သည်။

မြန်မာနိုင်ငံသည် အရေးပါသော အဆုံးအဖြတ်ပေးမည့် အလှည့်အပြောင်းကာလကို ရောက်ရှိနေသည်။ အကျပ်အတည်း အားလုံး၏ ဇာစ်မြစ်တရားခံဖြစ်သော စစ်အုပ်စုက ရွေးကောက်ပွဲဖြင့် အာဏာသက်ဆိုးရှည်ရန် ကြိုးပမ်းခြင်းသည် မည်သည့် အဖြေကိုမျှ ထွက်ပေါ်စေမည်မဟုတ်ပေ။ အုတ်မြစ်ချဆဲ ကာလဖြစ်လင့်ကစား၊ တော်လှန်ရေးလမ်းစဉ်သည်သာ တည်ငြိမ်ပြီး အားလုံးပါဝင်သောပြည်ထောင်စုကို တည်ဆောက်နိုင်မည့် တစ်ခုတည်းသော တရားဝင်လမ်းကြောင်းဖြစ်သည်။ ဤခရီး အောင်မြင်ရန်အတွက် တော်လှန်ရေး၏သတ္တိနှင့် ညီညွတ်မှု လိုအပ်သကဲ့သို့၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်း ၎င်းတို့ ကြွေးကြော်ထားသော ဒီမိုကရေစီ၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်စံနှုန်းများနှင့်အညီ လက်တွေ့ လိုက်ပါ ဆောင်ရွက်ကြရန် အဓိက လိုအပ်နေပါသည်။

### ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ရောမ ပြဋ္ဌာန်းဥပဒေစာချုပ် (Rome Statute) ဝင် နိုင်ငံများအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်နေကြသော အစိုးရများသို့ -

- အောက်ပါအချက်များကို သေချာစေရန်အတွက် သံတမန်ရေးရာကြိုးပမ်းအားထုတ်မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်
    - တိုက်ခိုက်မှုအားလုံး၊ အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုများကို ချက်ချင်း ရပ်တန့်စေရေး။
    - အာဆီယံနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့၏ ပံ့ပိုးမှုနှင့် ၎င်းတို့အာဏာဖြင့် ဖြစ်မြောက်စေပြီး နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများက စောင့်ကြည့်စစ်ဆေးမည့် တနိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး။
    - နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်း လွှတ်ပေးရေး။
    - အဟန့်အတားမရှိသော လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လမ်းကြောင်းများ ရရှိရေး။
    - NUG၊ NUCC၊ CRPH၊ EROs များ၊ ပြည်နယ်/ဖက်ဒရယ်ယူနစ်နှင့် တိုင်းရင်းသားအခြေပြု ကောင်စီများ အပါအဝင် တရားဝင် မြန်မာကိုယ်စားလှယ်များ၊ ပါဝင်ပတ်သက်သူများ၊ ပေါ်ထွန်းလာနေသော ဖက်ဒရယ်ဒီမိုကရေစီအဖွဲ့

အစည်းများနှင့် တရားဝင်ထိတွေ့ဆက်ဆံရန်၊ ထို့ပြင် လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးအကူအညီများ ပေးအပ်ရာတွင်လည်း အဆိုပါအဖွဲ့အစည်းများနှင့် လိုက်လျောညီထွေစွာ လက်တွဲဆောင်ရွက်ရေး။

- စစ်အုပ်စု၏ စီစဉ်ထားသောရွေးကောက်ပွဲများနှင့် ယင်းမှ ထွက်ပေါ်လာမည့် မည်သည့်ရလဒ်ကိုမဆို ငြင်းပယ်ရန်၊ အဆိုပါလုပ်ငန်းစဉ်နှင့် ထိတွေ့ဆက်ဆံခြင်းမပြုရန် သို့မဟုတ် ယင်းလုပ်ငန်းစဉ်ကို အားပေးရာရောက်စေမည့်၊ ထောက်ခံရာရောက်စေမည့် သို့မဟုတ် တရားဝင်မှုဖြစ်စေမည့် မည်သည့်လုပ်ရပ်မျိုးကိုမဆို ရှောင်ကြဉ်ရန်။

- ၎င်းတို့ စီစဉ်ထားသောရွေးကောက်ပွဲများကိုအခြေခံ၍ ဖြစ်ပေါ်လာမည့်အရာများအပါအဝင် စစ်အုပ်စု သို့မဟုတ် စစ်တပ်က ဖွဲ့စည်းမည့် မည်သည့် ဆက်ခံသောအဖွဲ့အစည်းကိုမဆို တရားဝင်မှုအပ်နှင်းရာရောက်စေမည့် မည်သည့် လုပ်ရပ်မျိုးတွင်မျှ ပါဝင်ပတ်သက်ခြင်းမပြုရန်။

- လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ လေယာဉ်ဆီနှင့် အခြား စစ်ဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ လက်နက်ထုတ်လုပ်ရေးအတွက် အစိတ်အပိုင်းများကို စစ်တပ်ထံရောင်းချခြင်း၊ လွှဲပြောင်းခြင်းနှင့် လမ်းကြောင်းလွှဲ ပို့ဆောင်ခြင်းများကို ရပ်ဆိုင်းပြီး တားမြစ်ရန်၊ လက်နက်နှင့် ခဲယမ်းမီးကျောက်ထုတ်လုပ်ရေးအတွက် ဉာဏပိုင်ဆိုင်မှုနှင့် နည်းပညာဆိုင်ရာဒီဇိုင်းများ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း၊ ပံ့ပိုးပေးခြင်းနှင့် လိုင်စင်ချထားပေးခြင်းတို့ကို တားမြစ်ရန်။

- အကြီးတန်း စစ်ဘက်အရာရှိကြီးများ၊ စစ်တပ်ပိုင်နှင့် ခရိုနီကုမ္ပဏီများနှင့် ၎င်းတို့၏လက်ခွဲလုပ်ငန်းများ၊ မြန်မာနိုင်ငံပိုင်ဘဏ်များနှင့် စစ်တပ်ခရိုနီပုဂ္ဂလိကဘဏ်များအပါအဝင် စစ်အုပ်စုအပေါ် ဘဏ္ဍာရေးဆိုင်ရာကန့်သတ်ချက်များကို ချမှတ်ရန်၊ အားဖြည့်တင်းကြပ်ရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန်။ မြန်မာ့စီးပွားရေးဘဏ် (MEB) ကို အရေးယူပိတ်ဆို့ရန်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ပြည်ပပိုင်ဆိုင်မှုများကို ထိန်းချုပ်အေးခဲထားရန် ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာကိစ္စရပ်များတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် မြန်မာနိုင်ငံပိုင်ဘဏ်များနှင့် ဆက်ဆံနေသော မည်သည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို ဆင့်ပွားပိတ်ဆို့အရေးယူမှုများ (secondary sanctions) ပြုလုပ်ရန်။

- နိုင်ငံတကာတရားရုံး (ICJ)၊ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC)၊ IIMM နှင့် အာဂျင်တီးနားနှင့် တူရကီနိုင်ငံတို့ကဲ့သို့သော ကမ္ဘာနေရာတိုင်းတွင် တရားစီရင်ပိုင်ခွင့် (universal jurisdiction) ကျင့်သုံးနေသည့် နိုင်ငံအလိုက်တရားရုံးများနှင့် ယန္တရားများအပါအဝင် ဥပဒေနှင့်အညီဖွဲ့စည်းထားသောတရားရုံးများနှင့် ယန္တရားများအားလုံးနှင့် ပြည့်ဝစွာ ပူးပေါင်းဆောင်ရွက်ရန်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာစစ်တပ်အပေါ် စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများ၌ ဝင်ရောက်ခွင့်ရရှိရေး ကူညီပေးခြင်း၊ ဖမ်းဝရမ်းများနှင့် တရားရုံး၏ အခြားသောအမိန့်များကို အကောင်အထည်ဖော်ခြင်းတို့ ပါဝင်ရမည်ဖြစ်ပြီး၊ ပြည်တွင်းတရားရုံးများတွင် နိုင်ငံတကာစီရင်ပိုင်ခွင့်အာဏာကို အသုံးပြု၍ တရားစွဲဆိုမှုအသစ်များစတင်ရေး ထည့်သွင်းစဉ်းစားရန်။

- မြန်မာနိုင်ငံ၏အခြေအနေကို ရောမပြဋ္ဌာန်းဥပဒေစာချုပ် အပိုဒ် ၁၄ အရ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ICC တရားလိုရှေ့နေထံ လွှဲပြောင်းတင်ပြခြင်း (Article 14 State Party referral) ပြုလုပ်ရေး ထည့်သွင်းစဉ်းစားရန်။

- ICJ တွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို လူမျိုးသုဉ်းသတ်ဖြတ်မှုတားဆီးရေးဆိုင်ရာကွန်ဗင်းရှင်းအရ တရားစွဲဆိုထားသည့် အမှုတွင် ကြားဝင်ဆောင်ရွက်မည့်ကြေညာချက်များ တင်သွင်းရန်။

- ပြည်သူလူထု၏ဆန္ဒနှင့် အကျိုးစီးပွားနှင့်အညီ ရိုဟင်ဂျာများနှင့် အခြားသောလူနည်းစုများ၊ ၎င်းတို့အနက် မြန်မာနိုင်ငံမှ ထွက်ခွာရန် ဖိအားပေးခံရသူများအပါအဝင် လူထုအသိုင်းအဝိုင်းအားလုံးပါဝင်သည့် မြန်မာနိုင်ငံအတွက် ဖက်ဒရယ် ဒီမို

ကရေစီဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကို ညှိနှိုင်းရေးဆွဲရာတွင် အထက်ဖော်ပြပါ တရားဝင်အစုအဖွဲ့များကို ပံ့ပိုး ကူညီရန်။ အဓိက အခြေအနေတစ်ရပ်အနေဖြင့်၊ မြန်မာစစ်တပ်သည် မည်သည့်ပုံစံဖြင့်တည်ရှိသည်ဖြစ်စေ ဒီမိုကရေစီ နည်းကျရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရနှင့် လွှတ်တော်၏လက်အောက်ခံအဖြစ် အမြဲတမ်း ရှိနေရမည် ဖြစ်သည်။

- လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် ရန်ပုံငွေဖြတ်တောက်မှုများကို ပြန်လည်ပြင်ဆင်ပြီး ငွေကြေး ထောက်ပံ့မှုများကိုတိုးမြှင့်ရန်။ မြန်မာနိုင်ငံအတွင်း အကူအညီလိုအပ်နေသောလူထုအသိုင်းအဝိုင်းအားလုံးထံသို့ နယ်စပ် ဖြတ်ကျော်လမ်းကြောင်းများအပါအဝင် ရရှိနိုင်သောနည်းလမ်းပေါင်းစုံဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ရပ်ဝတ္ထုပစ္စည်းအကူအညီများကို အရေးပေါ်၊ ဘက်လိုက်မှုမရှိဘဲနှင့် အဟန့်အတားမရှိပေးပို့နိုင်ရန်အတွက် တရားဝင် မြန်မာ ကိုယ်စားလှယ်များနှင့် ပါဝင်ပတ်သက်သူများ၊ ပေါ်ထွန်းလာနေသော ဖက်ဒရယ်ဒီမိုကရေစီအဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် လူနည်းစုအသိုင်းအဝိုင်းများ (မြန်မာနိုင်ငံမှ ထွက်ခွာရန် ဖိအားပေးခံရသူများအပါအဝင်)၊ အိမ်နီးချင်း နိုင်ငံများ၊ အာဆီယံနှင့် ကုလသမဂ္ဂအေဂျင်စီများနှင့် ညှိနှိုင်းဆောင်ရွက်မှုများကိုချဲ့ထွင်ရန်နှင့် အကူအညီများကို လက်နက် သဖွယ်အသုံးမချကြောင်းသေချာစေရန်။ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများကိုအားဖြည့်ရန် နှင့် ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းကို ဖြေရှင်းရန် ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရန်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများနှင့် ပါဝင်ဆောင်ရွက်သူများကို အပြည့်အဝနှင့် အဟန့်အတားမရှိ ဝင်ရောက်ခွင့်ပေးရမည်။
- အုပ်ချုပ်ရေး စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ဝန်ဆောင်မှုပေးအပ်ခြင်းလုပ်ငန်းများ ချဲ့ထွင်ရန်အတွက် တရားဝင် မြန်မာ ကိုယ်စားလှယ်များနှင့် ပါဝင်ပတ်သက်သူများ၊ ပေါ်ထွန်းလာနေသော ဖက်ဒရယ်ဒီမိုကရေစီအဖွဲ့အစည်းများအား နည်းပညာ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ငွေကြေးပံ့ပိုးမှုများပေးအပ်ရန်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ရယူပိုင်ခွင့်၊ အခွင့်အရေးများ စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပညာပေးခြင်း၊ ဆော်ဩလှုံ့ဆော်ခြင်းနှင့် တာဝန်ယူ/ခံမှု ရှိစေရေး လုပ်ငန်းစဉ် တို့ကို အားကောင်းစေရန်အတွက် မြန်မာအရပ်ဘက်အဖွဲ့အစည်းများနှင့် လွတ်လပ်သောမီဒီယာများအား နည်းပညာ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ငွေကြေးပံ့ပိုးမှုများကို ရေရှည်ဆက်လက်ထောက်ပံ့ပြီး တိုးမြှင့်ပေးရန်။

## အာဆီယံသို့ ဖြည့်စွက်အကြံပြုချက်များ

- စစ်အုပ်စု၏ စီစဉ်ထားသောရွေးကောက်ပွဲများကိုအခြေခံ၍ ပေါ်ပေါက်လာမည့်အရာများအပါအဝင် စစ်အုပ်စု သို့မဟုတ် စစ်တပ်ကဖွဲ့စည်းမည့် မည်သည့် ဆက်ခံသောအဖွဲ့အစည်းကိုမဆို တရားဝင်မှုကင်းမဲ့စေရေး ဆောင်ရွက်ရန်။
- အာဆီယံအစည်းအဝေးများတွင် စစ်အုပ်စုကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခွင့်ပိတ်ပင်ထားမှုကို ဆက်လက်ထားရှိ ရန်။ အကယ်၍ စစ်အုပ်စုသည် အာဆီယံ၏ဆုံးဖြတ်ချက်များကို လိုက်နာရန်ငြင်းဆန်ခြင်း၊ အရပ်သားများအပေါ် တိုက်ခိုက် မှုများကို အဆုံးသတ်ရန်နှင့် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန် ပျက်ကွက်ခြင်း၊ သို့မဟုတ် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာဝင်ရောက်ခွင့်ကို ဆက်လက်ထိန်းချုပ် ခြယ်လှယ်ခြင်းများပြုလုပ်နေပါက အာဆီယံအနေဖြင့် အရေးယူဆောင်ရွက်မည့် အဆင့်လိုက် တိုးမြှင့်သွားသော ပြစ်ဒဏ်ခတ်မှုအဆင့်များကို အတည်ပြုရန်။
- ကြိုတင်စည်းကမ်းချက်များသတ်မှတ်ခြင်း သို့မဟုတ် ကြိုတင်ရလဒ်များပုံသေသတ်မှတ်ထားခြင်းမရှိဘဲ၊ မြန်မာနိုင်ငံအတွက် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ် ညှိနှိုင်းဆွေးနွေးရာတွင် တရားဝင် မြန်မာကိုယ်စားလှယ်များ

နှင့် ပါဝင်ပတ်သက်သူများကို ပံ့ပိုးကူညီရန်အတွက် မကြာသေးမီက ကျင်းပခဲ့သောပါဝင်ပတ်သက်သူများ ထိတွေ့မှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ (Stakeholder Engagement Meetings) ရလဒ်များကို အခြေခံကာ တရားဝင် အာဆီယံပလက်ဖောင်း တစ်ခုဖန်တီးရန်။

## ကုလသမဂ္ဂ ပင်မ အဖွဲ့အစည်းကြီးများသို့ အကြံပြုချက်များ

### လုံခြုံရေးကောင်စီ

ဆုံးဖြတ်ချက် ၂၆၆၉ (၂၀၂၂) ၏ နောက်ဆက်တွဲအနေဖြင့် အောက်ပါအချက်များပါဝင်သော ဆုံးဖြတ်ချက်အသစ်တစ်ရပ်ကို ချမှတ်ရန် -

- မြန်မာနိုင်ငံတွင် ချက်ချင်း တနိုင်ငံလုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးကိုချမှတ်ရန်နှင့် ယင်းကို စစ်တပ်က လိုက်နာမှု ရှိစေရေး အတင်းအကျပ်စေခိုင်းနိုင်မည့်ပြဋ္ဌာန်းချက်များ ထည့်သွင်းရန်။
- စောင့်ကြည့်စစ်ဆေးရန်နှင့် အာဏာသက်ရောက်စေရန် ယန္တရားတစ်ခု ပါဝင်သည့် ပြီးပြည့်စုံသော လက်နက်နှင့် လေယာဉ်ဆီ ပိတ်ပင်တားဆီးမှုချမှတ်ရန်။
- နိုင်ငံရေးအကျဉ်းသားများကို ချက်ချင်းလွှတ်ပေးရန်။
- ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများအတွက် အဟန့်အတားမရှိသော လူသားချင်းစာနာမှု ဝင်ရောက်ခွင့်ကို တောင်းဆိုရန်။
- စစ်ဘက်ဆိုင်ရာ အကြီးပိုင်းခေါင်းဆောင်များ၊ စစ်တပ်ပိုင်နှင့် ခရိုနီကုမ္ပဏီများနှင့် ၎င်းတို့၏ လက်အောက်ခံ ကုမ္ပဏီခွဲများ၊ မြန်မာနိုင်ငံပိုင်ဘဏ်များနှင့် စစ်တပ်လက်ဝေခံပုဂ္ဂလိကဘဏ်များအပေါ် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများချမှတ်ရန်။
- စစ်တပ်အပါအဝင် နိုင်ငံတော်အဖွဲ့အစည်း ယန္တရားအားလုံးသည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားပြီး၊ ပြည်သူကို အပြည့်အဝကိုယ်စားပြုသည့် အရပ်သားအစိုးရ၏ ကွပ်ကဲမှုအောက်တွင်သာ တာဝန်ထမ်းဆောင်ရမည် ဖြစ်ကြောင်း အတည်ပြုပြဋ္ဌာန်းရန်။
- မြန်မာနိုင်ငံ၏အခြေအနေကို ICC သို့ လွှဲပြောင်းရန်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းအတွက် ငွေကြေးထောက်ပံ့မှုတိုးမြှင့်ရန်။
- ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့က ပုံမှန် အစီရင်ခံ တင်ပြသည့် လုပ်ငန်းစဉ်တစ်ရပ်မှတဆင့်၊ မြန်မာ့အရေးကိစ္စကို လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ် (အဂျင်ဒါ) တွင် တရားဝင် ထည့်သွင်းသတ်မှတ်ရန်။

### အထွေထွေညီလာခံ

- အကယ်၍ လုံခြုံရေးကောင်စီရှိ ကြိုးပမ်းအားထုတ်မှုများ ဆက်လက် ရှေ့မတိုးဘဲဖြစ်နေပါက၊ အထွေထွေညီလာခံအနေဖြင့် မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ မျက်နှာစုံညီအစည်းအဝေး ဆုံးဖြတ်ချက်အသစ်တစ်ရပ်ကို မဖြစ်မနေ အတည်ပြု ချမှတ်ရပါမည်။ အဆိုပါဆုံးဖြတ်ချက်တွင် အောက်ပါအချက်များပါဝင်ရမည် -
  - အထက်တွင် လုံခြုံရေးကောင်စီသို့ အဆိုပြုထားသောအချက်များအား ထည့်သွင်းဖော်ပြခြင်းအပါအဝင် ယခင် ချမှတ်ခဲ့သော လုံခြုံရေးကောင်စီ၊ အထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်များကိုအခြေခံ၍ ဆက်လက်ဆောင်ရွက်ခြင်း။

- ◦ အကယ်၍ လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန် ပျက်ကွက်ပါက မြန်မာနိုင်ငံအတွက် အထူး နိုင်ငံတကာရာဇဝတ်ခုံရုံး (Special International Criminal Tribunal) တစ်ရပ်ကို တည်ထောင်ခြင်း။
- ◦ မြန်မာပြည်သူများ၏ ဖက်ဒရယ်ဒီမိုကရေစီဆန္ဒနှင့် မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် တရားဝင် မြန်မာကိုယ်စားလှယ်များနှင့် ပါဝင်ပတ်သက်သူများ၏အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်း။
- ◦ လက်ရှိတွင် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာနှင့် အခြားလူနည်းစုများ၏လူ့အခွင့်အရေး အခြေအနေဆိုင်ရာ နှစ်ပတ်လည်ဆုံးဖြတ်ချက်တွင် ထည့်သွင်းထားသော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်အာဏာ (Mandate) ကို သက်တမ်းတိုးမြှင့်ခြင်းနှင့် အသေးစိတ် ချဲ့ထွင်သတ်မှတ်ခြင်း။

- နယူးယောက်မြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်ကို အသိအမှတ်ပြုခန့်အပ်ထားမှုနှင့်အညီ၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကိုယ်စားလှယ်များကို ကုလသမဂ္ဂ ပင်မအဖွဲ့အစည်းကြီးများနှင့် အစိတ်အပိုင်းများတွင် မြန်မာနိုင်ငံ၏အမြဲတမ်း ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုခန့်အပ်ရန်။

## လူ့အခွင့်အရေးကောင်စီ

- ကောင်စီ၏ နှစ်ပတ်လည်ဆုံးဖြတ်ချက်များ ချမှတ်ခြင်းမှတဆင့်အပါအဝင်၊ မြန်မာနိုင်ငံ၏ အခြေအနေနှင့် ရိုဟင်ဂျာများအပါအဝင် အခြားသောလူနည်းစုများ၏အခြေအနေအပေါ် လူ့အခွင့်အရေးကောင်စီ၏ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်မှုများကို ဆက်လက်အားကောင်းခိုင်မာစေရန်။

## ကုလသမဂ္ဂဌာနေအဖွဲ့ (UNCT)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အာဆီယံညှိနှိုင်းဆောင်ရွက်မှုစင်တာ (AHA Centre) နှင့် အခြားသော နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအေဂျင်စီများသို့ အကြံပြုချက်များ

- စစ်အုပ်စု၏ရွေးကောက်ပွဲများကို အခြေခံခြင်းအပါအဝင် စစ်အုပ်စု သို့မဟုတ် ၎င်းတို့ကဖွဲ့စည်းမည့် မည်သည့် ဆက်ခံသောအဖွဲ့အစည်းကိုမဆို တရားဝင်မှုပေးအပ်ရာရောက်စေမည့် သို့မဟုတ် အပ်နှင်းသည်ဟု ယူဆနိုင်သော မည်သည့်လုပ်ရပ်မျိုးကိုမဆို ရှောင်ကြဉ်ရန်။

- တရားဝင် မြန်မာကိုယ်စားလှယ်များ၊ ပါဝင်ပတ်သက်သူများနှင့် တရားဝင် ထိတွေ့ဆက်ဆံမှုနှင့် မိတ်ဖက်ဆောင်ရွက်မှုများကို တိုးမြှင့်ရန်၊ ၎င်းတို့၏အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး အုပ်ချုပ်ရေးဆိုင်ရာ ချဉ်းကပ်မှုများကို ပေါင်းစပ်ဆောင်ရွက်ရန်။ အစီအစဉ်များကို တရားဝင်ပေါ်ထွန်းလာနေသော ဖက်ဒရယ် ဒီမိုကရေစီအဖွဲ့အစည်းများထံ လမ်းကြောင်းလွှဲပြောင်းပေးရန်နှင့် စစ်အုပ်စုမထိန်းချုပ်နိုင်သော ဒေသများအတွင်း၌လည်းကောင်း၊ ထိုဒေသများသို့လည်းကောင်း သွားရောက်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပံ့ပိုးမှုများကို တိုးမြှင့်ရန်။

- မြန်မာနိုင်ငံအတွင်း အကူအညီလိုအပ်နေသောလူထုအသိုင်းအဝိုင်းအားလုံးထံသို့ နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများအပါအဝင် ရရှိနိုင်သောနည်းလမ်းပေါင်းစုံဖြင့် လူသားချင်းစာနာထောက်ထားမှုနှင့် ရုပ်ဝတ္ထုပစ္စည်းအကူအညီများကို အရေးပေါ်၊ ဘက်လိုက်မှုမရှိဘဲနှင့် အဟန့်အတားမရှိပေးပို့နိုင်ရန်အတွက် သက်ဆိုင်ရာအစုအဖွဲ့များ၊ အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်မှုများကို ချဲ့ထွင်ရန်။ ဤတွင် တရားဝင် မြန်မာကိုယ်စားလှယ်များ၊ ပေါ်ထွန်းလာနေသော ဖက်ဒရယ် ဒီမိုကရေစီအဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံမှထွက်ခွာရန် ဖိအားပေးခံရသူများအပါအဝင်

လူနည်းစုအသိုင်းအဝိုင်းများ ပါဝင်ရမည်ဖြစ်ပြီး၊ အကူအညီများကို လက်နက်သဖွယ်အသုံးမချကြောင်း သေချာစေရမည်။ လုပ်ငန်းစဉ်များတွင် လိုက်လျောညီထွေမှု ပြောင်းလွယ်ပြင်လွယ်ရှိမှုကို သေချာစေရန်နှင့်၊ အလွတ်သဘောကွန်ရက်များနှင့် ပါဝင်လှုပ်ရှားသူများ၏အခန်းကဏ္ဍကို အသိအမှတ်ပြုနေရာပေးရန်။

- နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှု တုံ့ပြန်ဆောင်ရွက်မှုကို ဆက်လက် အရှိန်မြှင့်တင် ဆောင်ရွက်ရန်။

SPECIAL ADVISORY COUNCIL • MYANMAR •

**SAC-M**

မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီသည် ငြိမ်းချမ်းရေး၊
စစ်မှန်သော ဒီမိုကရေစီ၊ တရားမျှတမှုနှင့် တာဝန်ယူ/ခံမှုတို့
အတွက် မြန်မာပြည်သူများ၏ ရေကုန်ရေခန်း ကြိုးပမ်းနေမှုကို
ပံ့ပိုးကူညီရန် လုပ်ဆောင်နေသော လွတ်လပ်သည့် နိုင်ငံတကာ
လူ့အခွင့်အရေး ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းထားသည့်
အဖွဲ့တစ်ဖွဲ့ ဖြစ်သည်။

ကျွန်ုပ်တို့၏ လုပ်ငန်းများနှင့် ပက်သက်၍ ပိုမိုသိရှိလိုပါက
https://specialadvisorycouncil.org/ တွင်
ဝင်ရောက်လေ့လာနိုင်သည်။

info@specialadvisorycouncil.org

@SpecialCouncil

special-council.bsky.social